www.burmeseclassic.com

# ဘုန်းကြွယ်

မျက်နှာစိမ်းချည့်သည်

ဝ မ် အ င် ၊ ဏ် ယိ စု ေ ကျူ ဂ င် း

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြွယ်

# မျက်နှာစိမ်းညော့သည်

(ဒုတိယပိုင်း–ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## တစ်ခါကလူ

တိမ်နဂါးဂေဟာ...။

တိမ်နဂါးဂေဟာ၏ အချုပ်ခန်းအတွင်း၌ ကျင်းဖုံးနှင့်ကျုံးလွေတို့ ရောက်ရှိနေကြပြီဖြစ်သည်။

ကျုံးလွေ မျက်နှာရှုံ့မဲ့နေသည်။

ခပ်ကုပ်ကုပ်ကလေးဖြစ်နေသော ကျင်းဖုံးကို မကျေမနပ်ဖြင့် ကြည့်လိုက်၏။

"ငါက မြန်မြန်ရှောင်လို့ပြောတာ မင်းမှဂရုမစိုက်တာပဲ"

ကျင်းဖုံးမျက်နှာ မဲ့လိုက်၏။

"ငါက မရှောင်နိုင်လို့ ကျားပွတ်နဲ့အရိုက်ခံရတယ် ထားပါတော့ မင်းကကော ဘာဖြစ်လို့ ကျောက်ခဲနဲ့သွားထုရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျုံးလွေ ပြုံးလိုက်ပြီး...

"သူတို့က လမ်းပေါ်ထင်တိုင်းကျဲနေတာကို ငြိမ်ခံနေရမှာလားကွ"

"အေး..အခုမှတော့ ဘာမှမပြောနဲ့တော့ တိမ်နဂါးဂိုဏ်းဟာ အဖြူရောင်သိုင်းဂိုဏ်းလို့ ထင်ရှားနေပေမယ့် ကွယ်ရာမှာ မကောင်းတာလုပ်နေတာကွ၊ တို့က သည်ဂိုဏ်းကလူတွေနဲ့မှရန်သွားဖြစ်တာ ကံဆိုးပါတယ်"

ကျုံးလွေ မျက်လုံးပြူးသွား၏။

"တိမ်နဂါးဂိုဏ်း ဟုတ်လား"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒုက္ခပဲ၊ ငါထွက်လာတော့ လမ်းမှာ သတင်းမျိုးစုံကြားရတယ်၊ သည်ဂိုဏ်းရဲ့မကောင်းသတင်းတွေချည်းပဲ"

"အေး...မကောင်းတာတော့ မပြောနဲ့၊ သူတို့ဟာ..."

ကျင်းဖုံး စကားဆုံးအောင် မပြောလိုက်ရပါချေ။

"ဂျိမ်း"

ကျယ်လောင်သောအသံနှင့်အတူ အချုပ်ခန်းတံခါးပွင့်သွားပြီး လူတစ်စု လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

တိမ်နဂါးဂိုဏ်းသားများသည် လူတစ်ယောက်ကို ကြိုးဖြင့်တုပ်နှောင်၍ခေါ်ဆောင်လာကြခြင်း ဖြစ်လေသည်။

"ပွဲစားကြီးကွမ်းကြုံးစန်းရဲ့သမီးကို ပြန်ပေးဆွဲသွားတဲ့



ကောင် အချုပ်ခန်းထဲကို စံမြန်းပေတော့"

တိမ်နဂါးဂိုဏ်းသားတစ်ယောက်က ပြောရင်း ထိုသူအား ကန်ကျောက်လိုက်ရာ ထိုလူမှာ အခန်းတွင်းသို့ ပုံပျက်ပန်းပျက် ရောက်ရှိလာ၏။

ကျင်းဖုံးတို့မှာ ထိုလူအား အကဲခတ်ကြည့်လိုက်ကြလေသည်။

ထိုလူသည် မည်မျှထိုးကြိတ်ရိုက်နှက်ခြင်းခံခဲ့ရ သည်မသိပါ။

တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေပြီး မျက်နှာမှာ လူရုပ်ပင် မပေါ်နိုင်အောင်ဖြစ်နေ၏။

တိမ်နဂါးဂိုဏ်းသား တစ်ယောက်၏ အော်ငေါက်သံကြောင့် ထိုလူမှာ ခားပြတိုက်လုယက်ခဲ့သူဖြစ်ကြောင်း ပေါ်လွင်နေသည်။

သို့သော်...

ကျင်းဖုံး မျက်မှောင်ကြုတ်လိုက်၏။

"ပွဲစားကြီးကွမ်းကြုံးစန်းဆိုပါလား၊ ငါလမ်းမှာတွေ့ခဲ့တဲ့ မြင်းလှည်းဟာ ပွဲစားကြီးသမီးစီးလာတဲ့ မြင်းလှည်းပဲဖြစ်ရမယ်"

လမ်းခရီး၌ တွေ့ခဲ့ရသည့်မြင်းလှည်းကို အမှတ်ရလာလေသည်။

ထိုမြင်းလှည်းမှာ လုယက်တိုက်ခိုက်ခြင်းခံရပြီး မြင်းလှည်းမောင်းသူမှာ ပွဲစားကြီးကွမ်းကြုံးစန်း၏သမီးကို တိမ်နဂါးဂိုဏ်းသားများက ဖမ်းသွားကြောင်းပြောပြခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ဖန်...

တိမ်နဂါးဂိုဏ်းသားများကပင် လူတစ်ယောက်ကို တရားခံဟုစွပ်စွဲကာ ဖမ်းဆီးလာကြသည်ကို တွေ့ရလေသည်။

တွေးရင်းတွေးရင်း အဖြစ်မှန်ကို တဖြည်းဖြည်း နားလည်သဘောပေါက်လာ၏။

"လက်စသတ်တော့ သူတို့မလိုလားတဲ့လူကို အပြစ်တွေပုံချပြီး ဖမ်းဆီးလာတာကိုး၊ တော်တော်ယုတ်မာတဲ့လူတွေပဲ"

ထိုအချိန်တွင်...

တိမ်နဂါးဂိုဏ်းသားများသည် အချုပ်ခန်းအတွင်းမှ ပြန်၍ထွက်ခွာသွားကြပြီ ဖြစ်သည်။

အချုပ်ခန်းတံခါးပိတ်ကာနီးမှ ဂိုဏ်းသားတစ်ယောက်က ကျင်းဖုံးကို သတိပြုမိသွားလေသည်။

"ဟာ..ကျင်းဖုံး မဟုတ်လား"

ကျင်းဖုံး အံ့သြသွားသည်။

ထိုလူကို သေသေချာချာ ကြည့်လိုက်သည်။

"ဟင်..အစ်ကိုကြီးလုကျောက်ပါလား"

မှတ်မိသွားသဖြင့် လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

မှန်ပေသည်။

ထိုသူမှာ...

လုကျောက်ပင် ဖြစ်လေသည်။

ကျင်းဖုံးသည် လုကျောက်ကို တွေ့မြင်ရသဖြင့် အံ့သြဝမ်း



သာသွားလေသည်။

လုကျောက်ကိုယ်တိုင်လည်း အံ့သြနေသည်။

"ကျင်းဖုံး..မင်းဘယ်လိုလုပ်ပြီး အဖမ်းခံနေရတာလဲကွ၊ ပြောစမ်းပါဦး"

လုကျောက်ကမေး၍ အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

ကျင်းဖုံး ဝမ်းသာနေသည်။

"အစ်ကိုကြီးကိုတွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

သူက အဖြစ်အပျက်များကို ရှင်းပြလိုက်သည်။

လုကျောက်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပြီးမှ သက်ပြင်းချလိုက်လေသည်။

"အင်း..မင်းက တကယ့်မီးခဲကိုမှ သွားကိုင်မိတာကိုး၊ သည်အတိုင်းနေရင်တော့မလွယ်ဘူး၊ ကဲ ငါပဲရှင်းပေးပါ့မယ်၊ မင်းက တိမ်နဂါးဂိုဏ်းထဲဝင်မယ်လို့သာပြော၊ ဒါမှ မင်းကိုလွှတ်ပေးကြမှာ၊ အပြင်ရောက်မှ ကြည့်လုပ်ကြတာပေါ့"

ကျင်းဖုံး ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရာ"

"ကဲ..စိတ်အေးအေးသာ ထားကြပေတော့၊ ငါသွားပြီး အကျိုးအကြောင်း ပြောပြလိုက်ဦးမယ်"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



လုကျောက်က အချုပ်ခန်းအပြင်သို့ ထွက်သွား၏။

“ဂျိမ်း”

တံခါးပြန်ပိတ်သွား၏။

“အင်း”

ကျင်းဖုံး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

♠ ♠ ♠

လီရှူစင်းက အရက်တစ်ခွက်ထည့်၍ သောက်လိုက်လေသည်။

တစ်ဖန်...

အရက်ခွက်ကို စားပွဲပေါ် ခွပ်ခနဲမြည်အောင် ဆောင့်ချလိုက်၏။

ယခုအချိန်တွင်...

သူတို့၏အသက်သည် လီရှူစင်း၏လက်တွင်း၌ ရှိနေသည် မဟုတ်ပါလား။

ထို့ကြောင့်...

ကျင်းဖုံးနှင့်ကျိုးလွေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

လီရှူစင်းထံသို့ လာခဲ့စဉ်လမ်း၌ လုကျောက်က လီရှူင်းကို မည်သို့ဆက်ဆံရမည်ကို သင်ကြားပေးခဲ့လေသည်။



ကျင်းဖုံးတို့သည် လီရှူစင်းကို မုန်းတီးမိကြသော်လည်း လွတ်မြောက်ဖို့ အရေးကြီးနေသဖြင့် လုကျောက်ပြောသလိုပင်လိုက်နာရန် သဘောတူခဲ့လေသည်။

ထို့ကြောင့်လည်း လီရှူစင်း၏ရှေ့သို့ ရောက်ရှိလာခြင်းပင် ဖြစ်ပေတော့သည်။

♠ ♠ ♠

လီရှူစင်း ထိုင်ရာမှထလိုက်၏။

ကျင်းဖုံးနှင့်ကျိုးလွေတို့ကို ဝေ့ကြည့်လိုက်ပြီး..

“သူတို့လား တိမ်နဂါးဂိုဏ်းထဲဝင်မှာ”

လုကောက် ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ် ဆရာလီရှူစင်း”

လီရှူစင်းက ကျင်းဖုံးတို့ကို အကဲခတ်ကြည့်လိုက်ပြန်လေသည်။

“မင်းတို့က တိမ်နဂါးဂိုဏ်းထဲ ဝင်ချင်ကြတယ်ဆိုတာ ဟုတ်ရဲ့လား”

ကျင်းဖုံးနှင့်ကျိုးလွေတို့ ပြိုင်တူဦးညွတ်လိုက်ကြလေသည်။

“ဟုတ်ပါတယ်”

“မင်းတို့က ကျွတ်ဆတ်ဆတ်နဲ့ တိမ်နဂါးဂိုဏ်းက မင်းတို့ကို လက်ခံရမှာလား”

www.burmeseclassic.com

www.burmeseclassic.com



လုကျောက်က အချုပ်ခန်းအပြင်သို့ ထွက်သွား၏။

"ဂျိမ်း"

တံခါးပြန်ပိတ်သွား၏။

"အင်း"

ကျင်းဖုံး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

♠ ♠ ♠

လီရှစင်းက အရက်တစ်ခွက်ထည့်၍ သောက်လိုက်လေသည်။

တစ်ဖန်...

အရက်ခွက်ကို စားပွဲပေါ် ခွပ်ခနဲမြည်အောင် ဆောင့်ချလိုက်၏။

ယခုအချိန်တွင်...

သူတို့၏အသက်သည် လီရှစင်း၏လက်တွင်း၌ ရှိနေသည် မဟုတ်ပါလား။

ထို့ကြောင့်...

ကျင်းဖုံးနှင့်ကျုံးလွေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

လီရှစင်းထံသို့ လာခဲ့စဉ်လမ်း၌ လုကျောက်က လီရှင်းကို မမည်သို့ဆက်ဆံရမည်ကို သင်ကြားပေးခဲ့လေသည်။



ကျင်းဖုံးတို့သည် လီရှစင်းကို မုန်းတီးမိကြသော်လည်း လွတ်မြောက်ဖို့ အရေးကြီးနေသဖြင့် လုကျောက်ပြောသလိုပင်လိုက်နာရန် သဘောတူခဲ့လေသည်။

ထို့ကြောင့်လည်း လီရှစင်း၏ရှေ့သို့ ရောက်ရှိလာခြင်းပင် ဖြစ်ပေတော့သည်။

♠ ♠ ♠

လီရှစင်း ထိုင်ရာမှထလိုက်၏။

ကျင်းဖုံးနှင့်ကျုံးလွေတို့ကို ဝေ့ကြည့်လိုက်ပြီး...

"သူတို့လား တိမ်နဂါးဂိုဏ်းထဲဝင်မှာ"

လုကျောက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာလီရှစင်း"

လီရှစင်းက ကျင်းဖုံးတို့ကို အကဲခတ်ကြည့်လိုက်ပြန်လေသည်။

"မင်းတို့က တိမ်နဂါးဂိုဏ်းထဲ ဝင်ချင်ကြတယ်ဆိုတာ ဟုတ်ရဲ့လား"

ကျင်းဖုံးနှင့်ကျုံးလွေတို့ ပြိုင်တူဦးညွှတ်လိုက်ကြလေသည်။

"ဟုတ်ပါတယ်"

"မင်းတို့က ကျွတ်ဆတ်ဆတ်နဲ့ တိမ်နဂါးဂိုဏ်းက မင်းတို့ကို လက်ခံရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



ကျုံးလွေက ဦးညွှတ်လိုက်သည်။

"ကျွန်တော်တို့ကိုလက်ခံမယ်ဆိုရင် ဘာပဲခိုင်းခိုင်း အသက်စွန့်ဆောင်ရွက်မယ်လို့ ကတိပြုပါတယ်"

"ကျွန်တော်လည်း ကတိပြုပါတယ်"

ကျင်းဖုံးကလည်း ဝင်ပြောလိုက်၏။

သူသည် ကျင်းဖုံးနှင့်ကျုံးလွေကို မိုက်တိမိုက်ကန်းထင်ရာလုပ်မည့်သူများဟု ထင်မှတ်မိလေသည်။

တိမ်နဂါးဂိုဏ်းသည် မိုက်တိမိုက်ကန်း လုပ်ရဲကိုင်ရဲရှိသူတို့ကို အလိုရှိနေသည် မဟုတ်ပါလား။

"ကောင်းပြီ၊ မင်းတို့နှစ်ယောက်ကို လက်ခံလိုက်မယ်၊ လုကျောက် မင်းလောလောဆယ် ခေါ်ထားလိုက်၊ မကြာခင် ဂိုဏ်းချုပ်ကြီးရောက်လာမှာမို့ ငါအတွက် အလုပ်ရှုပ်ဦးမယ်"

လုကျောက် ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီ ဆရာလီရှစင်း"

သူက လက်ဝှေ့ယမ်းပြလိုက်၏။

"ကဲ..ကဲ..မင်းတို့သွားကြတော့"

ကျင်းဖုံးနှင့်ကျုံးလွေတို့က လီရှစင်းကို ဂါရဝပြု၍ အခန်းထဲမှ ထွက်လာခဲ့ကြသည်။

♠ ♠ ♠



ပြေး

လုကျောက် ရှေ့မှခပ်သွက်သွက် လှမ်းသွားနေလေသည်။

ကျင်းဖုံးနှင့်ကျုံးလွေတို့က နောက်မှ မင်သေသေဖြင့် လိုက်လာခဲ့ကြလေသည်။

တိမ်နဂါးဂေဟာ အပြင်ဘက်သို့ ရောက်လာတော့မှ သူတို့သက်ပြင်းချနိုင်လေသည်။

"ဟူး...တော်ပါသေးရဲ့"

ကျုံးလွေ ရေရွတ်လိုက်သည်။

ကျင်းဖုံးက လုကျောက်ကို ပြုံးပြလိုက်သည်။

"အစ်ကိုကြီးလုကျောက်ကို ကျေးဇူးတင်ရမယ်၊ အစ်ကိုလုကျောက်ကယ်လို့ ကျွန်တော်တို့ထွက်လာလို့ရတာ"

www.burmeseclassic.com

www.burmeseclassic.com



လုကျော်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

"ဒါတွေ နောက်မှပြောပါကွာ၊ လောလောဆယ် တို့ သည် ကထွက်သွားတာ အကောင်းဆုံးပဲ"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်လေသည်။

ကျင်းဖုံးက လုကျော်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ကျွန်တော်တို့ ထွက်သွားလို့ သူက အစ်ကိုကြီးကိုမေးလာရင်ရော"

လုကျော် လက်ကာပြလိုက်သည်။

"ငါ့အတွက် ဘာမှမပူပါနဲ့ကွာ၊ မင်းတို့ကိုခေါ်သွားရင်းလမ်းမှာထွက်ပြေးသွားတယ်လို့ ပြောလိုက်မှာပေါ့၊ သူတို့ ဘာမှတတ်နိုင်မှာမဟုတ်ပါဘူးကွာ"

ကျင်းဖုံး သက်ပြင်းတစ်ချက် ချလိုက်သည်။

လုကျော်အား ခင်မင်မိကြသော်လည်း ထွက်မသွားဘဲ လှည့်ပြန်မည်မဟုတ်ပါ။

ထို့ကြောင့်...

နှစ်ယောက်သား ဦးညွှတ်နှုတ်ဆက်လိုက်ကြလေသည်။

"အစ်ကိုကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူးဗျာ၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

လုကျော် ခေါင်းညိတ်မိသည်။



"အေး..သွားကြ..သွားကြ"

ကျင်းဖုံးနှင့်ကျူးလွေတို့သည် လုကျော်နှင့်လမ်းခွဲ၍ ခပ်သွက်သွက်လှမ်းသွားကြ၏။

လုကျော်ကလည်း မြစ်ဆိပ်ဘက်သို့ လျင်မြန်စွာ ထွက်သွားလေသည်။

သူတို့ လူချင်းခွဲ၍ထွက်လာခဲ့ကြသည့်အချိန်တွင် အတင်းအကြပ်ဖြင့် လိုက်ပါလာသည့် မြင်းလှည်းတစ်စီးသည် မင်းလမ်းမအတိုင်း ဒုန်းစိုင်းခရီးနှင်လာ၏။

မြင်းလှည်းပေါ်၌ ပိန်ပိန်ပါးပါးနှင့် လူတစ်ယောက်လိုက်ပါလာသည်။

ထိုလူမှာ...

တိမ်နဂါးဂိုဏ်းချုပ် ကျူးခုံးပင်ဖြစ်သည်။

ကျူးခုံးသည် မြင်းလှည်းပြတင်းပေါက်မှနေ၍ ပတ်ဝန်းကျင်ကိုကြည့်ရှုရင်း လိုက်ပါလာသည်။

လမ်းကြားလေးတစ်ခုအား ဖြတ်ကျော်မိသောအခါ လမ်းကြားအတွင်းသို့ ဝင်သွားသူနှစ်ယောက်ကို အမှတ်မထင် သတိပြုမိလိုက်သည်။

"ရပ်လိုက်စမ်း"

မြင်းလှည်းရပ်တန့်ရန် ချက်ချင်း အမိန့်ပေးလိုက်လေတော့သည်။

"ကျွိ"



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမှာ တုန့်ခနဲ ရပ်တန့်သွား၏။

ဂိုဏ်းချုပ်ကျူးခုံးကို ကြို့ဆိုသည့် လီရှူစင်း မြင်းလှည်းနံဘေးသို့ ရောက်ရှိလာသည်။

လီရှူစင်းက ကျူးခုံးကို ဦးညွှတ်လိုက်၏။

"ဘယ်လိုအကြောင်းကိစ္စရှိတယ်ဆိုတာ အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး"

"လမ်းကြားထဲဝင်သွားတဲ့ လူနှစ်ယောက်နောက်ကို လိုက်သွား၊ သူတို့ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာ စုံစမ်းခဲ့ပါ"

ကျူးခုံးက လီရှူစင်းကို အမိန့်ပေးလိုက်၏။

သူက ဦးညွှတ်လိုက်၏။

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

စကားဆုံးလျှင် ချာခနဲလှည့်၍ လမ်းကြားကလေးဆီသို့ ပြေးလွှားသွားလေတော့သည်။

"တို့ ဆက်သွားကြမယ်"

ကျူးခုံးက အမိန့်ပေးလိုက်လျှင် တိမ်နဂါးဂိုဏ်းသားများသည် မြင်းလှည်းကိုဆက်၍ မောင်းနှင်ကာ စောင့်ကြပ်လိုက်ပါသွားကြလေသည်။

ကျူးခုံး သတိပြုမိခဲ့သည့် လမ်းကြားအတွင်းသို့ ဝင်သွားသူနှစ်ယောက်မှာ ကျင်းဖုံးနှင့်ကျူးလွေတို့ပင် ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် ဘေးအန္တရာယ်မှ လွတ်မြောက်ပြီဟုယူဆ၍ အေးဆေးစွာ သွားနေကြသည်။



သူတို့နောက်သို့ လီရှူစင်းလိုက်လာသည်ကို မသိကြပါချေ။

ယခုတစ်ကြိမ်...

လီရှူစင်းသည် သူ၏သဘောဖြင့် ကျင်းဖုံးတို့ကို ဒုက္ခပေးဖို့လာခဲ့ခြင်းမဟုတ်ပါချေ။

ဂိုဏ်းချုပ်ကျူးခုံးကိုယ်တိုင် အမိန့်ပေးခဲ့ခြင်းကြောင့်သာ နောက်ယောင်ခံ လိုက်သွားခြင်းဖြစ်သည်။

လမ်းကြားအတွင်း ရောက်သည်နှင့်...

"ဟင်..လှုကျောက်ခေါ်သွားတဲ့ ကောင်လေးနှစ်ယောက်ပါလား၊ သူတို့က လှုကျောက်နဲ့လိုက်မသွားဘဲ ဘယ်လိုလုပ်ပြီး သည်လမ်းကြားထဲကိုရောက်လာကြတာလဲ၊ ဂိုဏ်းချုပ်ကြီးက သူတို့နောက်ကို ဘာကြောင့်လိုက်ခိုင်းရတာလဲ"

လီရှူစင်း ခေါင်းရှုပ်သွားသည်။

မည်သို့ဆိုစေ။

ထူးခြားချက်တစ်ခုရှိရမည်ဟု တွေးတောဆင်ခြင်၍ တိတ်တဆိတ် နောက်ယောက်ခံ လိုက်ပါသွားလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ဉာဏ်နီဉာဏ်နက်

ငါးရက်...။

ငါးရက်ဆိုသော အချိန်အတွင်း ကျင်းဖုံးတို့သည် ကျိုယန်မြို့နှင့်အနီးဆုံးမြို့ဖြစ်သည့် ယွင်ဟုန်မြို့သို့ ရောက်ရှိလာလေသည်။

သူတို့သည် ဆာလောင်နေကြပြီဖြစ်ရာ စားသောက်ဆိုင်တစ်ခုသို့ ဝင်ရောက်လိုက်ကြသည်။

ဆိုင်လုလင်လေးက ပျာပျာသလဲ ကြိုဆိုလေသည်။

"ကြွပါခင်ဗျာ၊ အစ်ကိုလေးတို့ ဘာများသုံးဆောင်ကြမလဲခင်ဗျာ"

"ထမင်းပေါင်းနှစ်ပွဲ ပေးပါ"

ကျိုးလွေက မှာကြားလိုက်သည်။



မကြာမီ...

ဆိုင်လုလင်လေးက စားသောက်ဖွယ်ရာများ လာချပေးသည်။

သူတို့ ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ စားသောက်လိုက်ကြလေသည်။

ထိုစဉ်မှာပင်...

မြင်းခွာသံများ၊ မြင်းဟီသံများ ဆိုင်ရှေ့မှထွက်ပေါ်လာသည်။

လူတစ်စု ဆိုင်ထဲဝင်လာကြသည်။

မည်သူမည်ဝါဖြစ်ကြောင်း သူတို့ စိတ်မဝင်စားကြပါချေ။

စားသောက်ပြီးလျှင် အနားမယူတော့ဘဲ ကျိုယန်မြို့သို့ ခရီးဆက်ကြရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်...

ဝင်လာသူများကို အမှတ်မထင် ကြည့်လိုက်မိသောအခါ အလွန်ထိတ်လန့်သွားကြလေသည်။

"ဟင်"

"ဟာ"

သူတို့ပါးစပ်မှ အစားအစာများ ထွက်ကျလုမတတ် အံ့သြထိတ်လန့်သွားကြသည်။

အကြောင်းကား...

ဆိုင်ထဲဝင်လာသူများမှာ တိမ်နဂါးဂိုဏ်းမှလူများ ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်ပင်။

ကျင်းဖုံး ခေါင်းငုံ့ထားလိုက်၏။

ကျုံးလွေ ဂနာမငြိမ်ဖြစ်နေလေသည်။

ဆိုင်ထဲမှထွက်သွားလိုသော်လည်း တုတ်တုတ်မျှပင် မလှုပ်ရဲပါချေ။

ထိုလူများကြား၌ ချမ်းသာကြွယ်ဝဟန်ရှိသည့် လူတစ်ဦးပါလာ၏။

တိမ်နဂါးဂိုဏ်းသားများသည် ထိုလူအား အရေးပေးဆက်ဆံနေသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက်မှာ မိမိတို့အား မှတ်မိခြင်းမရှိသည်ကို ရိပ်မိကြသဖြင့် စိတ်သက်သာသွားကြသည်။

ကျုံးလွေက အသံတိုးတိုးဖြင့် ကျင်းဖုံးအားပြောလိုက်လေသည်။

"သူတို့မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေပုံရတယ်၊ စားသောက်ပြီးတာနဲ့ ခရီးဆက်ကြမှာပဲ၊ သူတို့သွားပြီးမှ ငါတို့သွားကြတာပေါ့"

သူက အဖြေမပေးဘဲ ထိုလူစုနှင့်ပါလာသော သူဌေးဖြစ်သူကိုသာ စူးစိုက်ကြည့်နေ၏။

ထိုစဉ်...

လူတစ်ယောက်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။



"ပွဲစားကြီးကွမ်းကြုံးစန်းခင်ဗျာ..မကြာခင် တိမ်နဂါးဌာနချုပ်ကို ရောက်ပါတော့မယ်၊ ဒါကြောင့် အနားယူပြီး ခရီးဆက်ရပါလိမ့်မယ်"

ကွမ်းကြုံးစန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ ကျုပ်က ဌာနချုပ်ကို အမြန်ဆုံးရောက်ချင်ပါတယ်၊ ကျုပ်သမီးကို ဒုက္ခပေးတဲ့လူကို ဖမ်းဆီးပေးခဲ့တာ ဘယ်လိုကျေးဇူးဆပ်ရမှန်းမသိတော့ပါဘူး၊ ဂိုဏ်းချုပ်ကြီးကို ကျုပ်က သိပ်တွေ့ချင်ပါတယ်"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ကျုံးလွေ အံ့သြဟန်ဖြင့် ပြောလေသည်။

"သူဌေးကြီးကွမ်းကြုံးစန်းဆိုပါလား"

သူခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တိမ်နဂါးဂိုဏ်းကလူတွေဟာ သူ့သမီးကို ဖမ်းသွားကြတာ၊ အဖြစ်မှန်ကိုမသိလို့နေမှာပေါ့၊ ဟိုလူက ဘာတွေပြောထားလဲမှမသိတာ"

ထိုစဉ်...

ခေါင်းဆောင်ဖြစ်ဟန်တူသူက...

"ပွဲစားကြီးသမီးကို ဖမ်းသွားတဲ့လူဆိုးတွေထဲက တစ်ယောက်ကို ဖမ်းမိထားပါပြီ၊ ကျန်တဲ့နှစ်ယောက်ကိုတော့ မကြာခင် မိမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်က ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်မှာပါဗျာ"

"ကျုပ်တို့ကလည်း ပွဲစားကြီးရဲ့စေတနာကိုသိလို့ အပြင်းအထန်ကြိုးစားကြတာပါ"

သူတို့နှစ်ယောက် နားကြားပြင်းကပ်လာသည်။

"အဖြစ်မှန်ကိုမသိဘဲ ကျေးဇူးတင်နေတာ မင်းသွားပြီး ရှင်းပြလိုက်ပါလား"

ကျုံးလွှေ၏စကားကြောင့် သူမျက်လုံးပြူးသွားလေသည်။

"ဟာ..မလုပ်ပါနဲ့ကွာ၊ တော်ကြာ ငါတို့ကိုဒုက္ခပေးနေပါဦးမယ်"

"ကွမ်းကြိုးစန်းတစ်ယောက်ပဲသိအောင် ရှင်းပြပေါ့ကွာ"

"သူ့အနားမှာ ဂိုဏ်းသားတွေဝိုင်းနေတာပဲ၊ တစ်ယောက်ထဲသိအောင် ဘယ်လိုပြောနိုင်မှာလဲကွ"

ကျုံးလွှေ အကြံထုတ်လိုက်သည်။

တခဏအတွင်းမှာပင် သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပလာလေသည်။

ကျုံးလွှေ ပြုံးလိုက်သည်။

"ကျင်းဖုံး မင်းကွမ်းကြိုးစမ်းကို ရှင်းပြဖို့ ကြိုးစားပေတော့"

စကားဆုံးလျှင် ထိုင်ရာမှထကာ ပြေးထွက်သွားလေသည်။

ကျင်းဖုံး ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့လေသည်။

ကျုံးလွှေသည် ပွဲစားကြီးကွမ်းကြိုးစမ်းတို့စားပွဲအနီးသို့



ရောက်လာသည်နှင့်...

"မင်းဘယ်ပြေးမလဲ၊ တိမ်နဂါးဂိုဏ်းကို ဒုက္ခပေးလို့ရမလား ရပ်လိုက်စမ်း"

ဟုအော်ငေါက်ကာ လူတစ်ယောက်နောက်သို့ လိုက်သွားသည့်ပုံစံဖြင့် ဆိုင်ပြင်သို့ ပြေးထွက်သွားလေသည်။

သူ၏အသံကြောင့် တိမ်နဂါးဂိုဏ်းသားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

ပွဲစားကြီးကွမ်းကြိုးစန်း၏သမီးအား ဖမ်းဆီးထားသူများမှာ သူတို့၏ဂိုဏ်းမှပင်ဖြစ်ကြောင်း သိရှိထားကြလေသည်။

ထို့ကြောင့်...

နှောင့်ယှက်မည့်သူဟု ကြားလိုက်ရသည်နှင့် ထိတ်လန့်သွားခြင်းဖြစ်လေသည်။

ခေါင်းဆောင်ဖြစ်သူက လက်ဝှေ့ယမ်းပြလိုက်လေသည်။

"ဟေ့..လိုက်ကြည့်ကြစမ်း၊ တို့ဂိုဏ်းကို နှောင့်ယှက်မယ့်လူဆိုရင် ချမ်းသာမပေးနဲ့"

ထိုအခါ...

တိမ်နဂါးဂိုဏ်းသားများသည် ချက်ချင်းပင် ကျုံးလွှေ၏နောက်သို့ ပြေးလိုက်သွားကြလေသည်။

ကျင်းဖုံးသည် ကွမ်းကြိုးစန်းထံသို့ ချဉ်းကပ်သွားရန် အခက်ကြုံနေသည်။

ကွမ်းကြိုးစန်းဘေးတွင် တိမ်နဂါးဂိုဏ်းသားများကို ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လူသူတစ်ယောက် ကျန်နေသေးသည် မဟုတ်ပါလား။

ထိုစဉ်မှာပင်...

"မပြေးနဲ့"

"လိုက်ကြ"

"မလွတ်စေနဲ့"

အပြင်ဘက်မှ အော်ဟစ်သံများ ထွက်ပေါ်လာလေတော့သည်။

ခေါင်းဆောင်ဖြစ်သူ မနေနိုင်တော့ပါချေ။

"ပွဲစားကြီး ခဏနေပါဦး၊ ကျုပ်ပြန်လာခဲ့ပါ့မယ်"

စကားဆုံးလျှင် ဆိုင်ထဲမှ ပြေးထွက်သွားလေသည်။

ကျင်းဖုံး ဝမ်းသာသွားသည်။

ချက်ချင်းပင် ကွမ်းကြုံးစန်းအနားသို့ တိုးကပ်သွားလေသည်။

ကွမ်းကြုံးစန်းက သူ့ကိုမော့ကြည့်လိုက်လေသည်။

သူက ဦးညွှတ်လိုက်သည်။

"ပွဲစားကြီးကို ကျုပ်ပြောစရာရှိလို့ပါ"

ကွမ်းကြုံးစန်း မျက်မှောင်ကြုတ်လိုက်၏။

"ပြောပါ"

"ပွဲစားကြီးရဲ့သမီးကို ဖမ်းထားတဲ့လူဟာ တိမ်နဂါးဂိုဏ်းကပါပဲ၊ သူတို့က ပွဲစားကြီးကို လိမ်ပြောနေကြတာပါ"

"ဟင်"



သူ၏စကားကြောင့် ပွဲစားကြီးကွမ်းကြုံးစန်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

သူ့အား မယုံကြည်နိုင်စွာကြည့်ကာ မေးလိုက်လေသည်။

"ဘာပြောတယ်၊ ငါ့သမီးကို တိမ်နဂါးဂိုဏ်းက ဖမ်းထားကြတယ် ဟုတ်လား"

သူ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ"

ကွမ်းကြုံးစမ်းက မယုံကြည်နိုင်စွာဖြင့် မေးလိုက်သည်။

"မင်း ဘာတွေပြောနေတာလဲ"

ကျင်းဖုံး ပြုံးလိုက်သည်။

"ပွဲစားကြီးစံအိမ်က မြင်းလှည်းသမား မသေခင် ပြောပြလို့ ကျုပ်လည်း သိရတာပါ"

ထိုစဉ်...

စကားပြောသံ၊ ခြေသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"တောက် လွတ်သွားတာ နာတယ်ကွာ"

"အော်ပြောသွားတဲ့ကောင်လည်း ဘယ်ရောက်သွားမှန်းမသိဘူး၊ ငါတို့ဂိုဏ်းသားပဲဖြစ်မှာပါ"

တိမ်နဂါးဂိုဏ်းသားများ ပြန်ရောက်လာကြလေသည်။

သူ ဆက်မနေရဲတော့ပါချေ။

"ကျုပ်သွားတော့မယ်၊ ပွဲစားကြီးရဲ့သမီးကို တိမ်နဂါးဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



က ဖမ်းထားတာပဲ”

စကားဆုံးလျှင် ဆိုင်အပြင်သို့ ခပ်သွက်သွက်ထွက်လာခဲ့လေသည်။

ကွမ်းကြိုးစန်းတစ်ယောက် တွေဝေ၍ ကျန်ရစ်ခဲ့လေသည်။

သူ ဆိုင်အပြင်သို့ ရောက်သည့်အခါ ကျုံးလွှေသည် မလှမ်းမကမ်းရှိ လမ်းကြားတစ်ခုအတွင်းမှ လက်ယပ်ခေါ်နေသည်ကို တွေ့ရလေသည်။

သူ ဝမ်းသာသွား၏။

ချက်ချင်းပင် ကျုံးလွှေရှိရာသို့ ခပ်သွက်သွက် လှမ်းသွားလိုက်သည်။

သူတို့နှစ်ယောက်သည် တိမ်နဂါးဂိုဏ်းသားများရောက်နေသည့် မြို့ကလေး၌ ရပ်နားခြင်းမပြုတော့ဘဲ ခရီးဆက်ရန် ဆုံးဖြတ်လိုက်ကြသည်။

သူတို့နှစ်ယောက်သည် ကျိုယန်မြို့သို့ ဦးတည်ကာ ခရီးဆက်လာခဲ့ကြလေတော့သည်။

♠ ♠ ♠



## အကြံသမား

ကျိုယန်မြို့...။

ကျိုယန်မြို့သည် အလွန်စည်ကားသောမြို့ တစ်မြို့ဖြစ်လေသည်။

အနယ်နယ်အရပ်ရပ်မှ ကုန်သည်ပွဲစားများ၊ ခရီးသွားများ ဝင်ထွက်သွားလာမစဲရှိသည့် မြို့တစ်မြို့ဖြစ်ပေသည်။

ကျင်းဖုံးနှင့်ကျုံးလွှေတို့သည် ကျိုယန်မြို့သို့ ရောက်ရှိလာပြီ ဖြစ်သည်။

သူတို့သည် ကျိုယန်မြို့ကဲ့သို့ စည်ကားသိုက်မြိုက်လှသော မြို့ပြကြီးဖြစ်ရာ မြင်မြင်သမျှ အသစ်အဆန်းဖြစ်ကာ တအံ့တသြ ငေးမောကြည့်ရင်း မင်းလမ်းမကြီးအတိုင်း တရွေ့ရွေ့လာခဲ့မိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အဝတ်အစားများမှာ ပိုသီပတ်သီဖြစ်နေကြသည်။

သူတို့၏ အမူအရာမှာ မြို့ကြီးပြကြီးသို့ မရောက်ဖူးသည့် သူများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပသည်။

ထို့ကြောင့်...

လူတစ်ယောက်သည် ရုတ်တရက် သူတို့အနီးသို့ ချဉ်းကပ်လာပြီး..

"ညီလေးတို့က ကျိုယန်မြို့ကိုလာပြီး လည်ပတ်ကြတဲ့သူတွေထင်တယ်"

ဟုမေးလေသည်။

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ နောင်ကြီးက သည်မြို့ကလား"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့ကွ၊ အစ်ကို့နာမည်က ဝမ်းယီလို့ခေါ်တယ်၊ ကျိုယန်မြို့က စည်ကားသိုက်မြိုက်လွန်းလို့ ဧည့်သည်တွေ တဖွဲဖွဲ ရောက်လာတတ်တာကို အခွင့်ကောင်းယူပြီး လိမ်ညာစားတဲ့လူတွေ ရှိနေကြတယ်လေကွာ၊ ဒါကြောင့် သတိပေးချင်တာနဲ့မေးကြည့်တာကွ"

ကျင်းဖုံး ကျေးဇူးတင်သွားသည်။

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ သည်မှာကြာကြာနေကြမှာ မဟုတ်ပါဘူး၊ ကိစ္စလေးတစ်ခုပြီးသွားရင် ပြန်ကြမှာပါ"



ဝမ်းယီ မျက်မှောင်ကြုတ်သွားသည်။

"ငါ့ညီတို့က ဘာကိစ္စများရှိနေလို့လဲကွ"

ကျင်းဖုံး အဖြေမပေးမီ ကျိုးလွေက ကြားဖြတ်ပြောလိုက်လေသည်။

"ကျွန်တော်တို့ဦးလေး တစ်ယောက်ရဲ့ အုတ်ဂူကိုလာပြီး ဂါရဝပြုတာပါခင်ဗျာ"

"ဩော်..မင်းတို့ဦးလေးက သည်မြို့မှာ ကွယ်လွန်သွားခဲ့တာကိုး၊ ဘယ်သူများလဲကွ၊ အစ်ကိုများသိနေမလားလို့ပါ"

ကျိုးလွေ အဖြေပေးလိုက်၏။

"ပုအင်းလို့ ခေါ်ပါတယ်ဗျာ"

ကျင်းဖုံးသည် ရိုးသားသူဖြစ်သည့်အလျောက် ဝမ်းယီကို ခင်မင်ရင်းနှီးသည့်စိတ်များ ဖြစ်ပေါ်လာလေသည်။

ဝမ်းယီ မျက်မှောင်ကုပ်လိုက်၏။

ပုအင်းဟူသောအမည်ကို သူ မကြားဖူးချေ။

ကျိုးလွေက မေးလိုက်၏။

"အစ်ကိုကြီး သိသလားဗျ"

ဝမ်းယီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိဘူးကွ"

"ဒါဖြင့် ကျွန်တော်တို့သွားမယ်"

"ခဏနေပါဦးကွ"

ဝမ်းယီ ဟန့်တားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျုံးလွေ မျက်မှောင်ကုတ်လိုက်သည်။

"ဘာကိစ္စများ ရှိသေးလို့လဲ"

ဝမ်းယီ ပြုံးလိုက်သည်။

"ဪ... ငါညီတို့ မြို့စွန်က သင်္ချိုင်းကို သွားရင် သတိထား ပြီးသွားလို့ ပြောမလို့ပါ"

"ဘာဖြစ်လို့လဲဗျ"

"သင်္ချိုင်းမြေမှာ လူဆိုးတစ်ယောက် ခိုအောင်းနေတယ်လို့ ပြောသံကြားတယ်ကွ"

ကျုံးလွေ ပြုံးလိုက်သည်။

ထိုလူဆိုးမှာ ဝမ်းယီပင် ဖြစ်မည်ဟု ယုံကြည်မိလေသည်။

ထို့ကြောင့်...

"ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ကို သွားခွင့်ပြုပါဦး"

ဟု ပြောကာ ထွက်ခွာသွား၏။

ကျင်းဖုံးလည်း နောက်မှ လိုက်သွား၏။

ဝမ်းယီသည် သူတို့နှစ်ယောက်ကို ကြည့်၍ မဲ့ပြုံးပြုံးလိုက်လေသည်။

ထို့နောက်...

"မင်းတို့နှစ်ယောက် ငါ့အကြောင်းကို သိရမှာပေါ့ကွာ"

သူက ကြုံးဝါးကာ လမ်းကြားတစ်ခုအတွင်းသို့ လှမ်းဝင်လိုက်၏။

ကျိုယန်မြို့၏လမ်းများကို ကျွမ်းကျင်ထားသူပီပီ လမ်းကြို



လမ်းကြားမှ ဖြတ်၍ မြို့စွန်သင်္ချိုင်းဆီသို့ ပြေးလွှားသွားလေတော့သည်။

ကျင်းဖုံးနှင့် ကျုံးလွေတို့ ရောက်မလာမီ သူကြိုတင်ရောက်သွားလေတော့သည်။

♠ ♠ ♠

ကျင်းဖုံးနှင့် ကျုံးလွေတို့သည် သင်္ချိုင်းမြေသို့ ရောက်ရှိလာကြပြီ ဖြစ်၏။

ကျိုယန်မြို့မှာ စည်ကားသိုက်မြိုက်သလို သင်္ချိုင်းမြေမှာ လွန်စွာမှပင် ကျယ်ဝန်းနေသည်ကို တွေ့ရလေသည်။

မြေပုံမှတ်တိုင်များ ရာနှင့်ချီပြီး ထိုးထိုးထောင်ထောင် ရှိနေသည်။

ကျင်းဖုံးနှင့် ကျုံးလွေတို့သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကျုံးလွေက ကျင်းဖုံးကို မေးလိုက်လေ၏။

"ကျင်းရှောင်က သူ့ဆရာရဲ့အလောင်းကို ဘယ်မှာမြှုပ်ထားသလဲဆိုတာ မင်းသိသလား"

ကျင်းဖုံးက ခေါင်းခါလိုက်သည်။

"ဟာ... ငါမသိဘူး၊ သူ့ရဲ့မှတ်စုထဲမှာလဲ မပါဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မြေပုံတစ်ခုစီ လိုက်ရှာရတော့မှာပဲ"

ကျုံးလွှက ညည်းညူလိုက်သဖြင့် ကျင်းဖုံးလည်း စိတ်ပျက်သွားလေ၏။

သို့သော်...

ပညာမဲ့ကျမ်းကို ရမှသာလျှင် မိုးတိမ်ဂိုဏ်းနှင့် လူယုတ်မာကြီးတို့အား ရင်ဆိုင်နိုင်မည် ဖြစ်သည်။

"တွေ့အောင် ရှာရမှာပေါ့ကွာ၊ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း၊ ဒါဟာ ငါတို့အတွက် ထွက်ပေါက်တစ်ခုပဲ မဟုတ်လားကွ"

"အင်းလေ ရှာရမှာပေါ့၊ တစ်ခုတော့ ရှိတယ်၊ လတ်လတ်ဆတ်ဆတ် မြှုပ်နှံထားတဲ့ မြေပုံကိုတော့ ရှာစရာမလိုဘူးကွ၊ သူ့ဆရာကို မြှုပ်နှံခဲ့တာ ကြာပြီ မဟုတ်လားကွ"

"အေး..ဟုတ်တယ်"

"ကဲ..မင်းက ညာဘက်အခြမ်းကိုရှာ၊ ငါက ဘယ်ဘက်အခြမ်းကို ရှာမယ်"

ကျင်းဖုံးက ပြောပြောဆိုဆို လူချင်းခွဲလိုက်သည်။

ထို့နောက်...

ကျင်းရှောင်၏ဆရာ မြေပုံကို လိုက်၍ ရှာဖွေကြလေတော့သည်။

သူတို့နှစ်ယောက်၏လုပ်ရပ်ကို သစ်ပင်တစ်ပင်၏နောက်ကွယ်မှ လူတစ်ယောက်က တိတ်တဆိတ် စောင့်ကြည့်နေသည်ကို သူတို့ မသိခဲ့ချေ။



သူတို့သည် သင်္ချိုင်းမြေသို့ နံနက်စာ စားချိန်မှ စ၍ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

မြေပုံမှတ်တိုင်များကို တစ်စုနှင့်တစ်စု လိုက်လံရှာဖွေခဲ့သော်လည်း ညနေစောင်းလာသည်အထိ ရှာမတွေ့ကြချေ။

နှစ်ယောက်စလုံး မောပန်းနွမ်းနယ်လာသလို စိတ်ဓာတ်များမှာလည်း ကျဆင်းလာကြလေသည်။

နှစ်ယောက်သား ပြန်ဆုံမိကြလျှင် ကျုံးလွှက ပြောလိုက်သည်။

"ငါတို့ တစ်ခုခုစားပြီးမှ ဆက်ရှာကြတာ မကောင်းဘူးလား"

ကျင်းဖုံး ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ နောက်မှ ဆက်ရှာကြတာပေါ့"

ဟု ပြောလိုက်၏။

ကျုံးလွှက...

"ဒါဖြင့် မြို့ထဲ သွားကြစို့"

သူတို့သည် သင်္ချိုင်းမြေကို ကျောခိုင်းကာ မြို့ထဲသို့ ထွက်လာကြလေသည်။

ထိုအခါ...

တိတ်တဆိတ် အကဲခတ်ကြည့်နေသည့် ဝမ်းယီ တအံ့တဩဖြစ်နေ၏။

သူသည် ကျင်းဖုံးတို့နှစ်ယောက်အား အကဲခတ်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက် ဘာလာလုပ်ကြတာပါလိမ့်၊ သင်္ချိုင်းမှာ တစ်ခုခု လာရှာကြတာပဲ ဖြစ်ရမယ်၊ အခြေအနေ စောင့်ကြည့်တာ မမှားဘူး"

မကြာပါချေ။

ကျင်းဖုံးနှင့် ကျူးလွှေတို့ အထုပ်အပိုးများဆွဲကာ ပြန်လည် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠



## လုယက်သူ

စားသောက်ဖွယ်ရာများ တက်တက်စင် ပြောင်သွားကြပြီ ဖြစ်လေသည်။

ကျူးလွှေက...

"အား..အခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်"

ဟု ကျေနပ်စွာ ပြောလိုက်၏။

ကျင်းဖုံးက ပြုံးလိုက်၏။

"ဟုတ်တယ်"

ထို့နောက်...

သူတို့နှစ်ယောက်သည် မြေပုံမှတ်တိုင်များကို မှီ၍ ခြေပစ် လက်ပစ် အနားယူလိုက်ကြလေ၏။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လေပြည်လေညင်းကလေးမှာ ဝေ့ယမ်းတိုက်ခတ်လာလေသည်။

အဝေးမှ ငှက်ကလေးတစ်ကောင်၏ တေးဆိုသံကို ကြားနေရ၏။

ကျင်းဖုံးမှာ ယခုမှ သတိရလာ၏။

"ဟိုလူ့ယုတ်မာ ရောက်မလာရင် ငါတို့ အေးအေးဆေးဆေး နေနိုင်ကြမှာပဲ"

ဟု ပြောလိုက်သည်။

ကျုံးလွေ့ ပြုံးလိုက်သည်။

"ဒါပေါ့ကွာ၊ သိုင်းကျမ်းကို တွေ့အောင် ရှာမယ်၊ ကဲ.. ငါတို့ အချိန်ရှိတုန်း လိုက်ရှာကြရအောင်"

ပြောရင်း ထိုင်ရာမှ ထလိုက်၏။

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ"

ဟု ပြောကာ သူလည်း ထိုင်နေရာမှ ထရပ်လိုက်လေသည်။

သူတို့နှစ်ယောက်သည် လူခွဲကာ လိုက်လံရှာဖွေကြပြန်လေသည်။

အချိန်များသည် တရွေ့ရွေ့ ကုန်ဆုံးသွားလေ၏။

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းသွားသည်။

နေခြည်အားပျော့သွားပြီး အမှောင်ရိပ်သန်းလာတော့မှ သူတို့လိုက်လံရှာဖွေခြင်းကို ရပ်လိုက်သည်။



ယခုထိ ရှာမတွေ့သေးချေ။

ကျင်းဖုံးသည် ဆည်းဆာချိန်အောက်ဝယ် ထိုးထိုးထောင်ထောင် ရှိနေသည့် မြေပုံမှတ်တိုင်များကို တစ်ချက်ထပ်မံငေ့ကြည့်လိုက်သည်။

ကျုံးလွေ့က သက်ပြင်းချလိုက်သည်။

သူက ကျင်းဖုံးကို ကြည့်ကာ...

"ဘာတတ်နိုင်မှာလဲကွ၊ ရှာရမှာပဲ၊ တစ်ခုချင်း လိုက်ရှာရင် တစ်လလောက် ကြာအောင် ရှာရမှာပဲ"

ဟု ပြော၏။

ကျင်းဖုံးက...

"ရှာတာက ဟုတ်တယ်၊ သည်ည ငါတို့ ဘယ်မှာ သွားအိပ်ရမလဲ ပြောစမ်းပါဦး"

ဟု မေးလိုက်၏။

ကျုံးလွေ့ ရယ်မောလိုက်၏။

"ဟား..ဟား ဘယ်နေရာ သွားဦးမှာလဲ၊ သင်္ချိုင်းထဲမှာပဲ ငါတို့နှစ်ယောက် အိပ်ရတော့မှာပေါ့"

"ဟေ"

ကျင်းဖုံးမှာ ကျုံးလွေ့၏စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ဘာလဲ မင်းက ကြောက်နေလို့လား"

ကျင်းဖုံး၏အမူအရာကို ကြည့်ကာ ကျုံးလွေ့က မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ငါ..ငါ"

ကျင်းဖုံးမှာ စကားများ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

နောင်ခြည်ဖျိုးဖျချိန် သုသာန်မြေအတွင်း၌ ရောက်ရှိနေသည့်အဖြစ်မှာ စိတ်ချောက်ချားဖွယ်ကောင်းလှပေတော့သည်။

♠ ♠ ♠

နေရောင် ကွယ်ပျောက်လုလုရှိပြီ ဖြစ်သည်။

ကျင်းဖုံးနှင့် ကျိုးလွေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြ၏။

အတန်ကြာမှ ကျိုးလွေက စကားစလိုက်၏။

"ဒါဖြင့်လဲ ငါတို့ မြို့ထဲကိုပဲ ပြန်သွားကြတာပေါ့"

ဟု ပြောလိုက်သည်။

ကျင်းဖုံးက လက်ကာပြလိုက်၏။

"ကိစ္စ မရှိပါဘူးကွာ၊ သည်မှာပဲ နေကြတာပေါ့"

ဟု ပြောလိုက်၏။

ကျိုးလွေ သက်ပြင်းချလိုက်၏။

"ညဘက် လထွက်ရင် လရောင်နဲ့ လိုက်ရှာဦးမလားလို့ ငါ စဉ်းစားထားတယ်ကွ၊ မြန်မြန်ရှာတွေ့လေ ကောင်းလေပဲ မဟုတ်လား"



ဟု မေးလိုက်သည်။

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"မင်းသဘောပဲလေ"

သူတို့နှစ်ယောက်သည် အုတ်ဂူတစ်ခုပေါ်၌ ထိုင်ချလိုက်ကြသည်။

ကျင်းဖုံးသည် အေးအေးဆေးဆေးနေခဲ့သူ ဖြစ်၏။

ကျိုးလွေကား အကြောက်အလန့် ရှိခဲ့သူ မဟုတ်ပါချေ။

သူတို့နှစ်ယောက် အေးဆေးစွာ အနားယူနေကြသော်လည်း ချောင်းကြည့်နေသည့် ဝမ်းယီကား အေးဆေးမနေနိုင်တော့ပါချေ။

ဝမ်းဗိုက်ထဲ တကြုတ်ကြုတ်မြည်အောင် ဆာလောင်လာပြီ ဖြစ်၏။

မြို့ထဲ ပြန်သွားရန်လည်း ကျင်းဖုံးတို့သည် အကြောင်းတစ်ခုခုကြောင့် ရောက်ရှိလာကြခြင်း ဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်မိ၍ သူက အမြတ်ထုတ်လိုစိတ်များ ဖြစ်ပေါ်နေတော့၏။

ယခု...

ကျင်းဖုံးနှင့် ကျိုးလွေတို့သည် အုတ်ဂူပေါ်၌ လဲလျောင်း၍ အနားယူနေကြ၏။

ဝမ်းယီ ဒေါပွလာသည်။

"မထူးပါဘူး၊ သူတို့နှစ်ယောက်ကို အကြမ်းနည်းသုံးပြီး ပညာပေးရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးကာ ချက်ချင်းပင် သစ်ပင် နောက်ကွယ်မှ လှမ်းထွက်လိုက်သည်။

ကျင်းဖုံးနှင့် ကျုံးလွှေတို့က သူ့ကို လုံးဝသတိမပြုမိကြပါချေ။

အေးအေးလူလူ အနားယူနေကြ၏။

ဝမ်းယီသည် ဓားမြှောင်တစ်လက်ထုတ်ယူ၍ လျင်မြန်စွာ ချဉ်းကပ်သွား၏။

"မလှုပ်နဲ့"

♠ ♠ ♠

နေခြည်ကွယ်ပျောက်သွားပြီ ဖြစ်ရာ အမှောင်ထု လွှမ်းမိုးလာသည်။

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာခြင်းကြောင့် ပတ်ဝန်းကျင်တစ်ခွင်ကို ကောင်းစွာ တွေ့မြင်နေရပေတော့သည်။

ဝမ်းယီကြောင့် ကျင်းဖုံးနှင့် ကျုံးလွှေတို့ ထိတ်လန့်သွားမိသည်။

အုတ်ဂူပေါ်မှ ကပျာကယာ ခုန်ထလိုက်ကြလေ၏။

"မလှုပ်နဲ့"

ဝမ်းယီက အော်ငေါက်ရင်း ကျင်းဖုံး၏ရင်ဝကို ဓားမြှောင်ဖြင့် ထောက်ထားလိုက်သည်။



ကျင်းဖုံး မျက်နှာပျက်သွားသည်။

"ခင်..ခင်ဗျား"

"ခင်ဗျား လူယုတ်မာပဲ"

ကျုံးလွှေက ဝင်အော်လိုက်၏။

အုတ်ဂူပေါ်မှ တစ်ဖက်သို့ လိမ့်ချလိုက်ပြီး ဝမ်းယီနှင့် ဝေးရာသို့ ဆုတ်သွားလိုက်၏။

ဝမ်းယီ အော်လိုက်သည်။

"မင်းထွက်ပြေးရင် မင်းသူငယ်ချင်းကို သတ်ပစ်လိုက်တော့မယ်"

ကျုံးလွှေ ထွက်မပြေးပါ။

တိမ်နဂါးဂိုဏ်းမှလူ မဟုတ်သည့်အပြင် မြို့ထဲ၌ သူတို့ကို လာရောက်မိတ်ဖွဲ့သည့် ဝမ်းယီ ဖြစ်နေသည်ကို တွေ့ရလျှင် ကြောက်ရွံ့ခြင်း မရှိတော့ချေ။

ဝမ်းယီကို ကြည့်၍ နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားကိုး၊ ခင်ဗျားလာပြီး မိတ်ဖွဲ့ကတည်းက အကြံရှိမယ်ဆိုတာ ကျုပ်ရိပ်မိသားပဲ"

ကျင်းဖုံးက ရင်ဝကို ဓားမြှောင်နှင့် အထောက်ခံနေရသဖြင့် ဘာမျှမပြောရဲချေ။

ဝမ်းယီ ရယ်လိုက်သည်။

"ဟုတ်တယ်၊ ငါက မင်းတို့နှစ်ယောက်ရဲ့ အရေခွံချွတ်မလို့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ..ဘာပြောတယ်"

"ဟား..ဟား..ဟား၊ မင်းတို့ဆီက ပါသမျှ အကုန် ငါ့ကို ပေးရမယ်၊ ပြီးတော့ မင်းတို့ ဘာအကြံနဲ့ သည်သချိုင်းထဲကို လာကြတာလဲ ပြောစမ်း"

ကျုံးလွှေက ကျင်းဖုံးကို လှမ်းကြည့်လိုက်လေ၏။

"မပြောနဲ့"

ကျင်းဖုံးက အထိတ်တလန့်ဖြင့် လှမ်း၍ တားဆီးလိုက်သည်။

သူ၏ဟန့်တားမှုကြောင့် ကိစ္စရှိ၍ လာခဲ့ခြင်း ဖြစ်သည်ကို ဝန်ခံလိုက်သကဲ့သို့ ဖြစ်သွားရလေတော့သည်။

ကျုံးလွှေမှာ စိတ်ပျက်၍ ခေါင်းကုတ်လိုက်မိသည်။

ဝမ်းယီကား ကျေနပ်သွားပြီး ရယ်မောလိုက်၏။

"ဟား..ဟား..ဟား၊ ကဲ..ပြောစမ်း၊ မင်းတို့မှာ ဘာအကြံရှိသလဲ ငါ့ကို ပြောစမ်း"

"ကျုပ်တို့ဦးလေးကို လာပြီး ကန်တော့တာလို့ ခင်ဗျားကို ပြောပြပြီးပြီပဲ"

"ငါ့ကို မလိမ်နဲ့၊ မင်းတို့ကို ငါစောင့်ကြည့်နေတာကြာပြီ၊ မင်းတို့ ဘာလိုက်ရှာနေတာလဲ ပြောစမ်း"

ကျုံးလွှေက ရယ်လိုက်၏။

"ဟား..ဟား..ဟား"

"ဟေ့ကောင်၊ မင်း ဘာရယ်တာလဲကွ"



"ကျုပ်တို့ဦးလေးရဲ့ မြေပုံကို လိုက်ရှာနေကြတာလေဗျာ"

"ဟေ"

ဝမ်းယီ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ကျုံးလွှေ ဆက်ပြောသည်။

"ကျုပ်တို့ ရှာမတွေ့လို့ ဒုက္ခရောက်နေတယ်ဗျ၊ ခင်ဗျားကူညီပြီး ရှာပေးပါလား"

ဝမ်းယီ မကျေမနပ် ဖြစ်သွားသည်။

သူ၏အထင်နှင့် လက်တွေ့ဖြစ်ရပ် တစ်ခြားစီ ဖြစ်နေပြီးဟု ယူဆလိုက်သည်။

"တောက်..မင်းပါးစပ်ပိတ်ထားပြီး မင်းမှာပါတဲ့ငွေတွေ အကုန်ထုတ်စမ်း"

ကျုံးလွှေက ပြောလိုက်သည်။

"ကျုပ်တို့မှာ မဆိုစလောက်ဘဲ ပါတယ်ဗျ၊ များများလိုချင်ရင် ကျုပ်ဦးလေးရဲ့ အုတ်ဂူကို ဝိုင်းရှာပေးပါလားဗျ"

ကျင်းဖုံး မျက်လုံးပြူးသွားသည်။

"ကျုံးလွှေ၊ မင်း ဘာတွေ ပြောနေတာလဲ"

"မင်း ပါးစပ်ပိတ်ထားစမ်း"

ဓားဦးဖြင့် ခပ်နာနာလေးထောက်၍ ငေါက်လိုက်လေသည်။

ဝမ်းယီက ကျုံးလွှေကို လှမ်းကြည့်လိုက်၏။

"ပြောစမ်းပါဦး၊ မင်းဦးလေးရဲ့ အုတ်ဂူမှာ ဘာတွေ ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားလို့လဲ"

"ရွှေအိုးကြီးနှစ်လုံး မြှုပ်ထားတယ်ဗျ"

"ဟေ"

လူတကာအပေါ် မဟုတ်မမှန် လုပ်ကြံ၍ နည်းအမျိုးမျိုးဖြင့် ဒုက္ခပေးတတ်သည့် ကျုံးလွေ၏ဉာဉ် ပြန်ပေါ်လာလေသည်။

မဟုတ်မမှန် ပြော၍ ဝမ်းယီအား ဒုက္ခပေးတော့မည် ဖြစ်သည်ကို ကျင်းဖုံး နားလည်လိုက်၏။

ဝမ်းယီမှာ ရွှေအိုးကြီးနှစ်လုံးဟူသည့် စကားကြောင့် လှုပ်လှုပ်ရှရှ ဖြစ်သွားမိသည်။

"ရွှေအိုးကြီးနှစ်လုံး ဟုတ်လား၊ ဘယ်မှာလဲ"

ကျုံးလွေက ပြန်ပြောလိုက်၏။

"ကျုပ်ဦးလေး အုတ်ဂူမှာလေ"

"မင်းဦးလေး အုတ်ဂူက ဘယ်မှာလဲ"

"ကျုပ်တို့ မသိလို့ လိုက်ရှာနေတာပေါ့ဗျာ"

ဝမ်းယီ ဒေါသထွက်သွား၏။

"မင်းက ငါ့ကို နောက်ပြောင်နေတာလား၊ သေချင်ပြီ ထင်တယ်"

"ကျုပ်က ဘာဖြစ်လို့ နောက်ပြောင်ရမှာလဲ၊ မသိလို့ လိုက်ရှာနေတာပေါ့"

"နေစမ်းပါဦး၊ မင်းဦးလေးကို ဘယ်တုန်းက မြှုပ်ထားတာမို့လဲ"



ကျုံးလွေ့ အနည်းငယ် စဉ်းစားလိုက်၏။

"လွန်ခဲ့တဲ့ ဆယ်နှစ် ဆယ့်ငါးနှစ်လောက်က မြှုပ်ထားတာဗျ"

"ဟာ..ဒါဆို သည်မှာ ရှာလို့ ဘယ်တွေ့မလဲကွ"

"ဘာဖြစ်လို့လဲဗျ"

ကျုံးလွေက တအံ့တသြဖြင့် မေးသည်။

ကျင်းဖုံးလည်း စိတ်ဝင်စားသွား၏။

ဝမ်းယီက...

"ဒါက သင်္ချိုင်းအသစ်ကွ၊ သင်္ချိုင်းအဟောင်းက ဟိုဘက်မှာလေ"

ကျင်းဖုံးက ကျုံးလွေကို လှမ်းကြည့်လိုက်မိ၏။

ကျုံးလွေက မျက်လုံးပြူးလိုက်သည်။

ဝမ်းယီက မေးလာ၏။

"မင်းဦးလေးနာမည် ဘယ်လိုခေါ်သလဲ ပြောစမ်း"

သုံ့ခေါင်းခါယမ်းသည်။

"ဘာဖြစ်လို့ ပြောရမှာလဲ"

"ဩော်..မင်းသေချင်ပြီကိုး"

ကျုံးလွေက ရင်ကော့လိုက်၏။

"ခင်ဗျားသတ်ချင်တယ်ဆို သတ်ပစ်လိုက်လေ၊ ကျုပ်တို့သေသွားရင် ရွှေအိုးကြီးနှစ်လုံးကို ခင်ဗျား ဘယ်လိုလုပ်ရနိုင်တော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယီ ငိုင်သွားသည်။

ကျုံးလွေက ပြောလိုက်၏။

"ကျုပ်သူငယ်ချင်းကို လွှတ်လိုက်ပါ၊ ခင်ဗျားနဲ့ ကျုပ်တို့ ဝေယူကြမယ်၊ ခင်ဗျားလဲ ကူပြီးရှာပေါ့"

ရန်သူအဖြစ်မှ မိတ်ဆွေအဖြစ်သို့ ကူးပြောင်းရန် စည်းရုံးလိုက်လေသည်။

ကျုံးလွေ၏အကြောင်းကို ကောင်းစွာ သိထားသည့် ကျင်းဖုံးက ငြိမ်နေလိုက်သည်။

ဝမ်းယီ တွေဝေသွားသည်။

ကျုံးလွေကိုတစ်လှည့်၊ ကျင်းဖုံးကိုတစ်လှည့် ကြည့်နေပါတော့သည်။

♠ ♠ ♠



## မရှိတဲ့ပစ္စည်း

"ကျုပ်တို့ကို ရန်မူနေမယ့်အစား ကျုပ်တို့နဲ့ ပူးပေါင်းလိုက်တာ ခင်ဗျားအတွက် အကျိုးမယုတ်ပါဘူးဗျာ၊ ခင်ဗျားအတွက် ဝေစုရမှာပေါ့"

ကျုံးလွေက ပြောလာသည်။

ဝမ်းယီ စိတ်တိုလာသည်။

"ရွှေအိုးကြီးကို ရှာတွေ့မှ သူတို့ကို ရှင်းပစ်လိုက်လို့လဲ ရတယ်၊ ထွက်ပြေးမယ်ဆိုရင်လဲ ရွှေအိုးတွေကို ယူပြေးနိုင်မှာ မဟုတ်ဘူး"

ထိုသို့ တွေးမိသည်နှင့် ခေါင်းညိတ်သဘောတူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ငါသဘောတူတယ်"

"ဒါဖြင့် ကျုပ်သူငယ်ချင်းကို လွှတ်လိုက်"

"ဟာ..လွှတ်လို့ ဘယ်ဖြစ်ဦးမလဲကွ"

"ဘာကြောင့်လဲဗျ"

"သူ့ကို လွှတ်လိုက်လို့ မင်းတို့နှစ်ယောက် ထွက်ပြေးသွားကြရင် ဘယ်လိုလုပ်မလဲ၊ ရွှေအိုးတွေကို တွေ့မှ ငါလွှတ်ပေးမှာပေါ့"

ကျုံးလွှေ မဲ့ပြုံးပြုံးလိုက်သည်။

"ဒါသက်သက် ခင်ဗျားအနိုင်ကျင့်တာပဲဗျ၊ ဘာလဲ ကျုပ်တို့ကို မယုံလို့လား"

"မလိုချင်ဘူး၊ ရွှေအိုး မတွေ့မချင်း မလွှတ်နိုင်ဘူး"

ကျုံးလွှေက ဆက်၍ တိုက်တွန်းနေလျှင်လည်း အပိုပင်ဖြစ်မည်ဟု နားလည်မိသည်။

"ကောင်းပြီလေ၊ ရွှေအိုးတွေကို သွားရှာကြရအောင်၊ သင်္ချိုင်းဟောင်းကို ခင်ဗျားလိုက်ပြပါ"

ဝမ်းယီက ချက်ချင်းသဘောတူလိုက်၏။

"ငါ့နောက်လိုက်ခဲ့"

ပြောပြောဆိုဆို လက်တစ်ဖက်က ကျင်းဖုံး၏လက်ကို ဆွဲပြီး ကျန်လက်တစ်ဖက်က ဓားမြှောင်ဖြင့် ကျင်းဖုံး၏ကျောပြင်ကို ထောက်လိုက်သည်။

ထို့နောက်...

"ရှေ့က သွားစမ်း"



ကျင်းဖုံး ဘာမှ မပြောနိုင်တော့ဘဲ ထွက်သွားရလေတော့သည်။

ကျင်းဖုံးအား မည်သို့မည်ပုံ ကယ်တင်ရမည်ဟု တွေးတောစဉ်းစားရင်း ကျုံးလွှေက နောက်ဆုံးမှ လိုက်ပါသွားလေတော့သည်။

♠ ♠ ♠

သင်္ချိုင်းဟောင်း...။

သင်္ချိုင်းဟောင်း၌ ချုံနွယ်ပိတ်ပေါင်းများ ကြီးစိုးမင်းမူလျက်ရှိလေ၏။

မြက်ပင်ချုံပင်များကြား၌ မြေပုံမှတ်တိုင်များက ကျိုးတိုးကျဲတဲ ရှိနေ၏။

အချို့သော မြေပုံများမှာ ပျက်စီးယိုယွင်းနေပြီ ဖြစ်လေသည်။

မြို့နှင့် အလှမ်းကွာဝေးသည်မို့ တောခွေးများ လာရောက်တူးဆွဖျက်ဆီးကြသကဲ့သို့ မသမာသူများကလည်း ဂူများကို လာဖောက်လေ့ရှိရာ ပျက်စီးချင်တိုင်း ပျက်ဆီးနေလေသည်။

"ကဲ..ပြောစမ်း၊ မင်းဦးလေးနာမည်က ဘယ်သူလဲ"

ကျုံးလွှေ ခေါင်းခါလိုက်သည်။

"ဟာ..ပြောလို့ ဘယ်ဖြစ်ဦးမလဲဗျ၊ ကျုပ်ပြောလိုက်တာနဲ့ ခင်ဗျားအကောက်ကြံမယ်ဆိုတာ ကျုပ်သိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

"ကျုပ်သူငယ်ချင်းကို အရင်လွှတ်ပေး၊ ဒါဆို ကျုပ်ပြောပြမယ်"

ဝမ်းယီ ခေါင်းခါယမ်းလိုက်၏။

"မင်း မပြောပြဘဲ ငါ မလွှတ်ဘူးကွ"

"ကျုပ်ကလဲ မပြောဘူး"

ဝမ်းယီ ဒေါပွသွားလေ၏။

"ကောင်းပြီ၊ မင်းပြောရင်ပြော၊ မပြောရင် သူ့ကို သတ်ပစ်လိုက်မယ်"

ဟု ပြောလိုက်၏။

"ကျိုးလွေ"

ကျင်းဖုံး အထိတ်တလန့် ခေါ်လိုက်သည်။

ကျိုးလွေ ဒေါသထွက်သွား၏။

"ခင်ဗျားလုပ်ချင်ရာလုပ်ဗျာ၊ ကျုပ် မပြောတော့ဘူး"

သူ၏စကားကြောင့် ဝမ်းယီ အကြပ်ရိုက်သွားလေ၏။

ကျင်းဖုံးကို သတ်ပစ်လိုက်လျှင် သူ့အတွက် အကျိုးမရှိသည့်အပြင် အကျိုးယုတ်သွားမည် ဖြစ်ကြောင်း နားလည်ထားလေသည်။

မည်သို့ ပြုလုပ်ရမည်နည်းဟု တွေးတောစဉ်းစားရင်း ရုတ်တရက် အကြံတစ်ခု ရလာလေသည်။

ကျင်းဖုံးကို စိုက်ကြည့်သည်။



"မင်းပြောစမ်း၊ မင်းသိရမယ်"

ဟု မေးလိုက်၏။

ကျင်းဖုံး ထိတ်လန့်သွား၏။

ဝမ်းယီက သူ့ဘက် လှည့်လာပြီ မဟုတ်ပါလား။

"ဟာ..ကျုပ်..ကျုပ် မသိ"

သူ၏စကားမှာ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေ၏။

"မင်းသေချင်ပြီ ထင်တယ်"

ပြောပြောဆိုဆို ဓားမြှောင်ဖြင့် ထိုးချရန် ဟန်ပြင်လိုက်လေသည်။

"မလုပ်နဲ့"

ကျိုးလွေက အော်ဟစ်ဟန့်တားလိုက်သည်။

လောဘသမားဝမ်းယီကို တားဆီးရန် မလွယ်မှန်း ရိပ်မိလိုက်သည်။

"ကျင်းဖုံး၊ ငါပြောလိုက်တော့မယ်"

ကျင်းဖုံးမှာလည်း တားဆီးရန် မတတ်သာသဖြင့် ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

"ကျုပ်တို့က သိုင်းဆရာကြီးပုအင်းရဲ့ အုတ်ဂူကို ရှာနေတာပါဗျာ"

ဟု ပြောလိုက်၏။

ဝမ်းယီ အံ့သြသွားသည်။

"ဆရာကြီးပုအင်းရဲ့ အုတ်ဂူကို ရှာနေတာ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မင်း..မင်းလိမ်ပြောတာပဲ၊ ဆရာကြီးပုအင်းဟာ ရွှေအိုးကြီးနှစ်အိုး ပိုင်ရလောက်အောင် မချမ်းသာဘူးကွ၊ သူ့အကြောင်း ငါကြားဖူးတယ်"

ကျိုးလွေ ပခုံးတွန့်လိုက်သည်။

"ခင်ဗျား မယုံရင်လဲ ကျုပ်တို့ မတတ်နိုင်တော့ဘူး"

"နေစမ်းပါဦး၊ မင်းတို့ ဆရာကြီးရဲ့ အုတ်ဂူကို ရှာတာ အမှန်ပဲနော်".

ဟု မေး၏။

ကျိုးလွေ ခေါင်းညိတ်လိုက်သည်။

"အမှန်ပါဗျာ"

"ဘာဖြစ်လို့ ရှာရတာလဲ"

ကျိုးလွေ့...

"ပစ္စည်းတစ်ခု ဝှက်ထားတယ်ဆိုလို့ပါ"

"ဘာပစ္စည်းလဲ"

"ဘာပစ္စည်းလဲဆိုတော့ တိတိကျကျ မသိဘူးဗျ၊ အဲသည်ပစ္စည်းရရင် ကြိုက်သလောက် ဈေးတောင်းပြီး ရောင်းလို့ရတယ်ဆိုတာပဲ သိတယ်"

"နေပါဦး၊ ဘယ်သူတွေက ဝယ်မှာလဲ"

"သိုင်းလောကသားတွေပေါ့"

ဝမ်းယီ ငြိမ်ကျသွား၏။



ကျိုးလွေ၏စကားအဓိပ္ပါယ်ကို တွေးတောစဉ်းစားနေရလေသည်။

အတော်ကလေးကြာလျှင် သူ၏အမူအရာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ကျိုးလွေကို လှမ်းကြည့်လိုက်သည်။

"မင်းတို့က ဆရာကြီးပုအင်းရဲ့ ပညာမဲ့ကျမ်းကို လိုက်ရှာနေကြတာလား"

ဟု မေးလိုက်၏။

ကျိုးလွေ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

ထိုအခါ...

ဝမ်းယီ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"မင်းတို့ ဘာရှာနေတယ်ဆိုတာ ငါသိပြီ၊ ဟား..ဟား..ဟား မင်းတို့ အရူးတွေပဲကွ"

"ဗျာ"

"ပညာမဲ့ကျမ်းကို လိုချင်လို့ သိုင်းလောကသားတွေဟာ ဆရာကြီးပုအင်းရဲ့ အုတ်ဂူမှာ လာရှာခဲ့ကြတာ ဖွတ်ဖွတ်ညက်ညက်ကြေနေပြီ၊ မင်းတို့က အခုမှ ဘာစိတ်ကူးပေါက်ပြီး လာရှာကြတာလဲ"

ထိုစကားကြားလျှင်...

ကျင်းဖုံးနှင့် ကျိုးလွေတို့ အကြီးအကျယ် စိတ်ခတ်ကျဆင်း

www.burmeseclassic.com

www.burmeseclassic.com



သွားကြလေတော့သည်။

"တော်သေးတာပေါ့ကွာ၊ မင်းတို့ ရှုးတိုင်း ငါပါ လိုက်ရှုး တော့မလို့၊ ကဲ..မင်းတို့မှာပါတဲ့ ပိုက်ဆံပေးစမ်း"

ဟု တောင်းလေသည်။

ဝမ်းယီ စိတ်ပြောင်းသွားမှန်း ကျုံးလွှေ ရိပ်မိလိုက်လေသည်။

ထို့ကြောင့်...

အိတ်ထဲမှ ငွေအိတ်ကလေးကို နှိုက်ယူ၍ ပစ်ပေးလိုက်လေသည်။

"ကျုပ်မှာပါတာ ဒါအကုန်ပဲ"

ဝမ်းယီသည် ငွေအိတ်ကို ရသည်နှင့် ဖွင့်ပင်မကြည့်တော့ဘဲ ကျင်းဖုံးကို တွန်းထုတ်လိုက်သည်။

"မင်းတို့နှစ်ယောက် တွေ့အောင် ရှာကြပေတော့၊ ဟား.. ဟား..ဟား"

ရယ်မောရင်း ပြေးရင်း နောက်ဆုတ်သွား၏။

ခပ်လှမ်းလှမ်းသို့ ရောက်မှ အရှေ့ဘက်တစ်နေရာသို့ ညွှန် ပြလိုက်သည်။

ထို့နောက်...

"ဟိုရှေ့က တောင်ကုန်းလေးပေါ်မှာ ဆရာကြီးပုအင်းရဲ့ အုတ်ဂူရှိတယ်၊ သွားရှာကြပေတော့"

လှောင်ပြောင်ပြောဆိုကာ ချာခနဲလှည့်ပြီး ပြေးထွက်သွား



လေတော့သည်။

တခဏအတွင်းမှာပင် အဝေးသို့ ရောက်ရှိသွားပြီး မြင် ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ပျက်စီးယိုယွင်းနေပြီ ဖြစ်သော သင်္ချိုင်းမြေအတွင်း၌ ကျင်း ဖုံးနှင့် ကျုံးလွှေသာ ငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့ကြလေသည်။

ဝမ်းယီ ပြောသွားသည့် စကားမှာ သူတို့အတွက် စိတ်ခတ် ကျစရာပင် မဟုတ်ပါလား။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်ချက်

လရောင်ဖြာကျနေသည်။

လေငွေ့ယမ်းတိုက်ခတ်လာသောအခါ ချုံပုတ်မှာ လှုပ်ယမ်းသွားသည်။

မြေပုံမှတ်တိုင်များ ဟိုတစ်စု သည်တစ်စု ဖရိုဖရဲ ရှိနေသည်။

သင်္ချိုင်းပျက်ကြီးမှာ ချောက်ချားဖွယ်ရာ နေရာတစ်ခုအဖြစ် တည်ရှိနေလေသည်။

ဝမ်းယီ ထွက်သွားပြီ ဖြစ်၏။

ကျင်းဖုံးနှင့် ကျုံးလွေတို့သည် ငိုင်ငိုင်ကြီးဖြစ်ကာ ကျန်ရစ်ခဲ့ကြသည်။



အတော်ကလေးကြာတော့မှ ကျုံးလွေ သတိဝင်လာလေသည်။

"ဟူး..သူထွက်သွားတာ တော်ပါသေးရဲ့"

ကျင်းဖုံးသည် လှုပ်လှုပ်ရှားရှား ဖြစ်လာလေတော့၏။

"ကျုံးလွေ၊ မင်းပြောတော့ ဆရာကြီးပုအင်းရဲ့ အုတ်ဂူမှာ ဦးလေးကျင်းရှောင်က ဝှက်ထားလိမ့်မယ် ထင်တယ်ဆို၊ ခုတော့ ဘယ်လိုလဲကွ၊ သိုင်းလောကသားတွေတောင် ရှာပြီးပြီဆိုပဲ၊ ဘယ်သူမှ ရမသွားကြဘူးလို့ ပြောနေတယ်၊ ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ကျုံးလွေ တိတ်တခိုး သက်ပြင်းချလိုက်သည်။

သူ၏အတွေး မှားကောင်းမှားယွင်းနေနိုင်မှန်း ရိပ်မိသော်လည်း ဝန်မခံလိုပေ။

"အိုကွာ..ငါတို့လိုက်ရှာရင်း၊ ကြိုးစားရင်း သည်ကိုတောင် ရောက်လာပြီ၊ ဝမ်းယီက ငါတို့ကို ဒုက္ခပေးတယ်ဆိုပေမယ့် သူ့ကြောင့် ဆရာကြီးပုအင်းရဲ့ အုတ်ဂူ ဘယ်မှာရှိတယ်ဆိုတာ သိရပြီ၊ မကြိုးစားဘဲ ခုလို ဖြစ်လာပါ့မလားကွ၊ တို့ဆက်ပြီး ရှာဖွေကြည့်တာပေါ့"

"သူများတွေ မတွေ့ပေမယ့် ငါတို့တွေ့ချင်တွေ့မှာ၊ အရေးကြီးတာ ရှာကြည့်ဖို့ပဲ၊ ကဲ..လာသွားကြရအောင်"

ပြောပြောဆိုဆို ရှေ့မှ လှမ်းထွက်သွား၏။

ကျင်းဖုံး ဘာမှမပြောတော့ဘဲ နောက်မှ လိုက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းယီ ညွှန်ပြခဲ့သည့်အတိုင်း ထွက်လာခဲ့ကြသည်။

မကြာပါချေ။

တောင်ကုန်းလေးတစ်ခုပေါ်သို့ ရောက်ရှိသွားကြလေသည်။

တောင်ကုန်းလေးပေါ်၌ ပျက်စီးယိုယွင်းနေပြီဖြစ်သော အဆောင်ကလေးတစ်ဆောင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အဆောင်ကလေးအတွင်း၌ အုတ်ဂူတစ်ခုရှိနေသည်။

တောင်ကုန်းပေါ်မှ တစ်ခုတည်းသော အုတ်ဂူဖြစ်လေသည်။

ကျင်းဖုံးနှင့်ကျုံးလွေတို့သည် အဆောင်ကလေးရှေ့သို့ ရောက်လျှင် ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်မိလေတော့သည်။

တောင်ကုန်းလေးပေါ်၌ နောက်ထပ်အုတ်ဂူ မတွေ့ရတော့ပါချေ။

"ဒါဟာ ဆရာကြီးပုအင်းရဲ့ အုတ်ဂူပဲဖြစ်ရမယ်"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်လိမ့်မယ်ကွ"

ဟု ပြောလိုက်သည်။

ကျုံးလွေက...

"ကဲ...ရှာကြည့်ရအောင်"

သူကပြောရင်း အဆောင်ထဲသို့ လှမ်းဝင်လိုက်သည်။



အဆောင်၏ သစ်သားတိုင်များမှာ ဆွေးမြည့်နေပြီဖြစ်သည်။

အမိုးအကာများမှာလည်း ရစရာမရှိအောင် ပျက်စီးယိုယွင်းနေသည်။

အုတ်ဂူမှာလည်း နှစ်ပေါင်းများစွာ ကြာမြင့်နေသည့်အပြင် ကြိမ်ဖန်များစွာ အဖောက်ခံထားရခြင်းကြောင့် ယိုယွင်းပျက်စီးနေလေသည်။

အတွင်းဘက်မှ ကြေးအခေါင်းကိုပင် တွေ့မြင်နေရလေသည်။

"ငါတို့အုတ်ဂူကို ဖောက်ကြည့်ရအောင်"

အဆောင်လေး၏ ပေါက်ပြဲနေသော အမိုးမှထိုးကျလာသည့် လရောင်ဖြင့် အုတ်ခဲများကို ဖယ်ရှားပစ်လိုက်ရာ မကြာပါချေ အုတ်ဂူမှာ ဟောင်းလောင်းဖြစ်သွားပြီး အစိမ်းရောင်သန်း၍ ကြေးညှိတက်နေသည့် ကြေးအခေါင်းကြီး ပေါ်လာလေသည်။

ကျင်းဖုံးသည် ကျုံးလွေလုပ်သမျှ တားမြစ်ခြင်းမရှိဘဲ ဘေးမှရပ်ကြည့်နေ၏။

ကျုံးလွေသည် ကိုယ်နှင့်မကွာ ဆောင်ထားသော ဓားမြှောင်ကလေးတစ်ချောင်းကို ထုတ်ယူ၍ အခေါင်းအဖုံးကို ကော်ဖွင့်လိုက်သည်။

"ချွမ်း"

ကျယ်လောင်သောမြည်သံနှင့်အတူ အဖုံးပွင့်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

အခေါင်းအတွင်း၌ ကြေမွပျက်စီးနေသော အရိုးအပိုင်းအစ များကိုသာ တွေ့ရလေသည်။

♠ ♠ ♠

"ဟင်း"

ကျင်းဖုံး၏ သက်ပြင်းချသံ ကျယ်လောင်စွာ ထွက်ပေါ်လာ လေတော့သည်။

"ပညာမဲ့ကျမ်းကို လိုချင်တဲ့ သိုင်းသမားတွေက ဆရာကြီး ပုအင်းရဲ့အရိုးစုကိုတောင် ချမ်းသာမပေးကြပါလား"

ကျိုးလွေက ဘာမှမပြောဘဲ အခေါင်းအတွင်း၌ လိုက်လံရှာ ဖွေစမ်းသပ်နေ၏။

အတန်ကြာမျှ စေ့စေ့စပ်စပ် ရှာဖွေကြည့်ပြီးသည့်တိုင် သိုင်းကျမ်းစာအုပ်နှင့်ဘူသည့် အရိပ်အရောင်ပင် မတွေ့ရပါချေ။

ကျိုးလွေ စိတ်ပျက်သွား၏။

"ငါတော့ လက်မြှောက်ပြီဟေ့၊ ဘာမှရှာလို့ မတွေ့ဘူးကွ"

ကျင်းဖုံးက အုတ်ဂူကို လှမ်းကြည့်လိုက်၏။

ဆရာကြီးပုအင်း၏အုတ်ဂူကို ဖျက်ဆီးပြီးမှ သိုင်းကျမ်းရ မည်ဆိုလျှင်လည်း လိုချင်တပ်မက်စိတ် မရှိတော့ပါ။

လေးစားစရာကောင်းသည့် ဆရာကြီးပုအင်း အေးဆေးစွာ



လဲလျောင်းနေသည် မဟုတ်ပါလား။

"ဆရာကြီးပုအင်းရဲ့ အခေါင်းထဲမှာမရှိလို့ဖြစ်မှာပေါ့ကွာ၊ ရှိမှတော့ တွေ့သွားကြတာ ကြာပြီပေါ့၊ ကဲ ကဲ ငါ့ကိုကူညီပါဦး"

"မင်းက ဘာလုပ်မလို့လဲ"

"ဆရာကြီးအခေါင်းကို တစ်နေရာရာမှာရွှေ့ပြီးမြှုပ်ထား လိုက်ရအောင်"

"ခဏနေပါဦး၊ ဦးလေးကျင်းရှောင်ရဲ့ မှတ်တမ်းမှာ ပညာ့ မဲ့ကျမ်းကို ထိုက်တန်တဲ့နေရာမှာပဲ သိမ်းဆည်းထားလိုက်တယ်လို့ ရေးထားတာကွ၊ ဆရာကြီးပုအင်းရဲ့အုတ်ဂူမှာ ရှိကိုရှိရလိမ့်မယ်"

"ဘယ်နေရာမှာ ရှိနိုင်သလဲဆိုတာ ငါစဉ်းစားနေတာ နေရာ ရွှေ့ပြီးမြှုပ်ပစ်လိုက်လို့ မဖြစ်သေးဘူး"

ကျင်းဖုံး မျက်မှောင်ကုတ်သွား၏။

"မင်းက တစ်လက်မ မကျန်အောင် အသေးစိတ်ရှာပြီးတာ တောင် မကျေနပ်သေးဘူးလားကွ"

"မကျေနပ်ဘူးကွ၊ ရှိကိုရှိရမယ်"

"ရှိမယ်ဆိုပြီးရှာလို့လည်း မတွေ့ပါလား"

"ငါတို့ မျက်စိလျှမ်းနေလို့ နေမှာပေါ့"

ကျိုးလွေက အလျှော့မပေးဘဲပြော၏။

ကျင်းဖုံး ပခုံးတွန့်လိုက်သည်။

"ဒါဖြင့် ထပ်ရှာကြည့်ပေါ့"

"စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



ကျိုးလွှေသည် ကြေးအခေါင်းကြီးကို လက်နှစ်ဘက်ဖြင့် အားစိုက်ဖယ်ရှားပစ်လိုက်လေသည်။

အုတ်ဂူတစ်ခုလုံး တစ်စမကျန် ပြိုဖျက်၍ ရှာဖွေကြည့်မည့် သဘောဖြစ်သည်။

ကြေးအခေါင်းကို ဖယ်ရှားရန် ကြိုးစားလိုက်သည့်အခါ မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ရုတ်တရက် ပေါ်ပေါက်လာလေတော့သည်။

ကြေးအခေါင်း ရွေ့လျားသွားသည်နှင့် အောက်ဘက်၌ နောက်ထပ်အခေါင်းတစ်လုံး ပေါ်လာသည်ကို တွေ့ရခြင်းဖြစ်လေသည်။

ကျိုးလွှေ၏မျက်နှာ ပြုံးရွှင်သွားသည်။

"ငါပြောတာ မှန်နေပြီ မဟုတ်လားကွ"

ဝင့်ကြွားစွာပြောရင်း အခေါင်းအပေါ်မှ အင်္ဂတေအမှုန့်များကိုဖယ်ရှားပစ်လိုက်၏။

ဤတွင် အခေါင်းအဖုံးအတွင်း၌ ထွင်းထားသည့် စာလုံးများကို တွေ့မြင်လိုက်ရ၏။

"ကျေးဇူးရှင် ဆရာပုအင်း၏ ရုပ်ကလာပ်"

ကျိုးလွှေက အသံထွက်ဖတ်လိုက်ပြီး ဝမ်းသာအားရ ထခုန်လိုက်သည်။

"အခုမှ ဆရာကြီးပုအင်းရဲ့အခေါင်းအစစ်ကို တွေ့တော့တယ်"



ပြောပြောဆိုဆိုပင် ဓားမြှောင်ဖြင့် အခေါင်းအဖုံးကို ဖွင့်လိုက်သည်။

"ဂျွမ်း"

မြည်သံကြီး ထွက်ပေါ်လာပြီး အခေါင်းအဖုံး ရွေ့လျားသွားသည်။

"ကျင်းဖုံး...မင်းဘာလုပ်နေတာလဲ၊ ငါ့ကိုကူညီဦး"

ကျိုးလွှေ၏ပြောသံကြောင့် သူသတိဝင်လာပြီး အခေါင်းအဖုံးကို ဖယ်ရှားပစ်ရာ၌ ဝိုင်းကူညီလိုက်လေသည်။

အခေါင်းအတွင်းသို့ လရောင်ထိုးကျသွားသည်ဖြစ်ရာ အရိုးအိုးတစ်လုံးနှင့် သေတ္တာလေးတစ်လုံးရှိနေသည်ကို တွေ့မြင်ရလေသည်။

ကျိုးလွှေက အရိုးအိုးကို လုံးဝ အရေးမစိုက်ဘဲ သေတ္တာကလေးကို ဆတ်ခနဲကောက်ယူ၍ ဖွင့်လိုက်သည်။

ထိုအခါ...

သေတ္တာထဲ၌ လက်နှစ်လုံးခန့်အထူရှိပြီး လက်ဝါးသာသာ အရွယ်အစားရှိသည့် သားရေအဖုံးချုပ် စာအုပ်ကလေးတစ်အုပ် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ပညာမဲ့ကျမ်း"

စာအုပ်အဖုံးပေါ်၌ ပညာမဲ့ကျမ်းဟု ရေးသားထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းဖုံးနှင့်ကျိုးလွှေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြလေသည်။

နှစ်ယောက်သား ပြိုင်တူပြုံးလိုက်ကြ၏။

"ပညာမဲ့ကျမ်း ရပြီကွ"

ကျုံးလွှေက အော်ဟစ်လိုက်သည်။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကျင်းဖုံးနှင့်ကျုံးလွှေတို့ ရင်ထိတ်သွားကြပြီး ကပျာကယာ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ...

လရောင်ဖြင့် သူတို့ထံသို့ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။

"လီရှုစင်း"

ပြိုင်တူ ရေရွတ်မိလိုက်ကြလေတော့သည်။

♠ ♠ ♠



## အလှည့်အပြောင်း

လီရှုစင်း၏ ရက်စက်ကြမ်းကြုတ်မှုကို သိရှိထားသည့် ကျင်းဖုံးမှာ ထိတ်လန့်တုန်လှုပ်ကာ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

ကျုံးလွှေလည်း မျက်နှာပျက်နေ၏။

သူတို့နှစ်ယောက် နောက်သို့ ပြိုင်တူဆုတ်လိုက်ကြလေသည်။

လီရှုစင်း၏လက်မှ လွတ်မြောက်ဖို့ မလွယ်ကူသဖြင့် ခုခံရင်ဆိုင်ရန် ဓားမြှောင်ကို ဆုပ်ကိုင်ထားလိုက်၏။

သိုင်းကျမ်းအား ကျင်းဖုံးကို ပေးလိုက်လေသည်။

"ကျင်းဖုံး..မင်းသိမ်းထားလိုက်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဖုံးက သိုင်းကျမ်းကိုယူ၍ သိမ်းဆည်းထားလိုက်လေသည်။

"မင်းတို့နှစ်ယောက် ငါ့လက်က မလွတ်နိုင်ပါဘူးကွာ၊ သိုင်းကျမ်းကိုပေးစမ်း"

လီရှူစင်းက အော်တောင်းရင်း ရှေ့သို့လည်း ခပ်သွက်သွက် လှမ်းလာသည်။

"ရပ်လိုက် ခင်ဗျား ရှေ့ဆက်မတိုးနဲ့"

ကျုံးလွေက ဓားမြှောင်ကို လက်ထဲမှာကိုင်ရင်း အော်ပြောလိုက်လေသည်။

လီရှူစင်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့နှစ်ယောက် အသက်မသေချင်ရင် ငါ့ရှေ့မှာ ဒူးထောက်ပြီး သိုင်းကျမ်းကို မြန်မြန်ပေး၊ ငါစိတ်ဆိုးလာရင် မင်းတို့ဒုက္ခရောက်သွားလိမ့်မယ်"

"ခင်ဗျားကို ဘယ်တော့မှ မပေးဘူး"

ကျင်းဖုံးနှင့်ကျုံးလွေတို့ ခေါင်းမာကြသဖြင့် လီရှူစင်း ဒေါပွသွားလေသည်။

"မင်းတို့ သေချင်နေကြပြီကိုး၊ ကောင်းပြီ"

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ လွှားခနဲ ခုန်အုပ်လိုက်လေတော့သည်။

ဤတွင်...

အခွင့်အရေးစောင့်နေသော ကျုံးလွေက ဓားမြှောင်ဖြင့်ပစ်



ပေါက်လိုက်လေသည်။

လီရှူစင်း ရင်ထိတ်သွားသည်။

ကျုံးလွေ ယခုကဲ့သို့ ပြန်လည်တိုက်ခိုက်လာမည်ဟု မထင်မိချေ။

ထို့ကြောင့်...

ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားလေသည်။

"ဒုတ်"

"အင့်"

ဓားမြှောင်သည် ဝမ်းဗိုက်၌ စိုက်ဝင်သွားရာ လီရှူစင်း တစ်ချက်အော်လိုက်ပြီး မြေပေါ်ဝုန်းခနဲ ပြုတ်ကျသွားသည်။

"ဟေး..ငါကွ"

ကျုံးလွေ ဝမ်းသာအားရ အော်ဟစ်လိုက်လေသည်။

ထို့နောက်...

ကျင်းဖုံးဘက်လှည့်၍ ပြောလိုက်သည်။

"ကျင်းဖုံး ဘာမှကြောက်စရာမလိုတော့ဘူး၊ သူ့ကိုငါဆုံးမလိုက်ပြီ၊ မင်းတွေ့တယ် မဟုတ်လား"

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

"ငါတို့ကို ဘယ်သူမှ မနှောက်ယှက်"

စကားဆုံးအောင်ပင် မပြောလိုက်ရပါချေ။

"ကျုံးလွေ သတိထား၊ နောက်မှာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အား အော်ပြော၍ တွန်းထုတ်ရန်ကြိုးစားလိုက်သည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သူက ကြောင်အမ်းအမ်းဖြင့် နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါ…

လီရှစင်းမှာ သူ့ဆီသို့ပြေးဝင်လာသည်ကို တွေ့လိုက်ရလေတော့သည်။

♠ ♠ ♠



ကျုံးလွေ ထိတ်လန့်သွားသည်။

"ဟာ"

လွတ်ခနဲအော်၍ ထွက်ပြေးရန် ကြိုးစားလိုက်လေသည်။

သို့သော်…

ဒေါသတကြီး ခုန်ဝင်လာသည့် လီရှစင်း၏အန္တရာယ်မှ မလွတ်နိုင်တော့ပါ။

"ဝုန်း"

"အား"

ကျုံးလွေ စူးရှစွာအော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ကျင်းဖုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ကျုံးလွေ"

စိုးရိမ်တကြီးခေါ်ရင်း ကျုံးလွေအား ပြေး၍ပွေ့ထူလိုက်လေသည်။

ကျုံးလွေ လူးလိမ့်ထရန် ကြိုးစားလိုက်သည်။

သူ၏ခန္ဓာကိုယ်မှာ ဒယီးဒယိုင်ဖြစ်နေပြီး သွေးများအန်ထုတ်လိုက်သည်။

"ဝေါ့"

ကျုံးလွေ ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိသွားပြီဖြစ်ကြောင်း ကျင်းဖုံး ရိပ်မိလိုက်သည်။

"သူငယ်ချင်း..မင်း..မင်း"

www.burmeseclassic.com

www.burmeseclassic.com



ကျုံးလွှေသည် ဝေဒနာခံစားနေရသည့်ကြားမှပင် လက်ဝှေ့ယမ်းပြလိုက်သည်။

"ကျင်းဖုံး..ပြေး..ပြေး"

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ငါမသွားဘူး၊ မင်းကိုခေါ်သွားမယ်"

ပြောပြောဆိုဆို ကျုံးလွှေကို ပခုံးပေါ်ထမ်းလိုက်ပြီး ထွက်ပြေးရန်ဟန်ပြင်လိုက်သည်

ထိုအချိန်တွင် လီရှုစင်းသည် ကြမ်းတမ်းခက်ထန်သူဖြစ်သည်နှင့်အညီ ဒဏ်ရာရထားသည်ကို အမှုမထားဘဲ ကျင်းဖုံးနှင့်ကျုံးလွှေတို့ထံ ကျဲရိုင်းတစ်ကောင်ပမာ တဟုန်ထိုးပြေးဝင်လာသည်။

လီရှုစင်း ပြေးဝင်လာသည်ကို တွေ့မြင်လိုက်သည်နှင့် ကျုံးလွှေမှာ ပြေး၍မလွတ်မှန်း ရိပ်မိလိုက်သည်။

"ငါ့ကိုလွှတ်စမ်း"

အော်ငေါက်ရင်း ရုန်းထွက်လိုက်လေသည်။

"ကျုံးလွှေ..မင်း ဘယ်လိုလုပ်"

"တောက်..မင်း..မင်း မပြေးသေးဘူးလား"

ကျုံးလွှေ ဒေါသထွက်သွားပြီး ကျင်းဖုံးအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည်။

ကျင်းဖုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

ယခုလို ပြုလုပ်လာမည်ဟု မထင်မိခဲ့ပါချေ။

"ကျုံးလွှေ...မင်း"



"ဝုန်း".

"အား"

စကားဆုံးအောင်ပင် မပြောလိုက်ရပါချေ။

ကျုံးလွှေ၏ခြေထောက်ကန်ချက်မိကာ အဝေးသို့ လွှင့်စဉ်သွားလေတော့သည်။

ကျင်းဖုံးမှာ တစ်ကိုယ်လုံး နာကျင်သွားခြင်းကြောင့် မျက်နှာကြီးရှုံ့မဲ့ကာ ကပျာကယာ လူးလိမ့်ထလိုက်သည်။

ဤတွင်...

တောင်ကုန်းစောင်းတစ်နေရာသို့တိုင် လွင့်စဉ်သွားသည်ဖြစ်ရာ လူးလိမ့်ထလိုက်သည်နှင့် ခြေချော်ကာ တစ်ကိုယ်လုံး ယိမ်းထိုးသွား၏။

"ဟာ"

အနီးရှိ ချုံဖုတ်တစ်ခုကို လှမ်းဆွဲလိုက်သော်လည်း မထိန်းနိုင်တော့ဘဲ တောင်ကုန်းအောက်သို့ လိမ့်ကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်...

"ခွေးကောင်လေး၊ သေဖို့သာပြင်"

လီရှူစင်းမှာ အော်ငေါက်ကာ ကျိုးလွေ့ထံသို့ ပြေးဝင်လာလေသည်။

ကျိုးလွေ့က အနီးရှိ ကျောက်ခဲကလေးများဖြင့် ပစ်ပေါက်လိုက်သည်။

လီရှူစင်းက ချက်ချင်းပင် လက်နှစ်ဘက်ဝှေ့ယမ်းကာ ရိုက်ချလိုက်လေသည်။

"ထောက်..ထောက်..ထောက်"

ကျောက်ခဲလေးများ မြေပေါ်ပြုတ်ကျသွား၏။

ကျိုးလွေ့သည် သူ၏တိုက်ခိုက်မှု ထိရောက်အောင်မြင်နိုင်စွမ်း မရှိတော့သည်ကို မြင်ရလျှင် ထိတ်လန့်ကာ နောက်သို့ ကပျာကယာဆုတ်လိုက်၏။

"မင်းပြေးလို့ မလွတ်နိုင်ပါဘူးကွာ"

လီရှူစင်းက ပြောရင်း ရှေ့တိုးလာသည်။

ထိုစဉ်မှာပင်...

"ရပ်လိုက်စမ်း"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာ၏။

ကျိုးလွေ့ရော လီရှူစင်းပါ လှမ်းကြည့်မိသည်။

ထိုအခါ...

လူတစ်ယောက် ခပ်သွက်သွက် လှမ်းလာနေသည်ကို တွေ့



မြင်လိုက်ရလေသည်။

"ဟင်..ဝမ်းယီ"

ကျိုးလွေ့က လွတ်ခနဲ ရေရွတ်လိုက်မိသည်။

ဝမ်းယီက ရယ်ကျဲကျဲဖြင့် ပြောလေသည်။

"ငါက မင်းတို့ကို စိတ်မချလို့ တစ်ခေါက်ပြန်လာကြည့်တာကွ"

ဝမ်းယီက ကျိုးလွေ့ကိုလှမ်းကြည့်ပြီး စကားပြောလိုက်ခြင်းကြောင့် သိကျွမ်းနေသူများဟု လီရှူစင်း ထင်မှတ်မိလေသည်။

ထို့ကြောင့်...

ဝမ်းယီကိုပါ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ဝမ်းယီကလည်း ကျိုးလွေ့ကိုရော လီရှူစင်းကိုပါ အရေးစိုက်စရာမလိုဟု ယူဆထား၏။

ဝမ်းယီမှာ နှာခေါင်းရှုံ့လိုက်သည်။

"မင်း သေချင်ပြီထင်တယ်"

"ဘာပြောတယ်၊ သေချင်ပြီဟုတ်လား၊ ဘယ်သူက သေချင်တာလဲ"

"မင်းပေါ့"

"ကျုပ်..ဟုတ်လား၊ ဟား..ဟား..ဟား"

ဝမ်းယီ ဟားတိုက်ရယ်မောလိုက်လေသည်။

လီရှူစင်း ဒေါပွသွားသည်။

"တွေ့ကြသေးတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကျိုးဝါးရင်း ဝမ်းယီထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဝမ်းယီကလည်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ကြလျှင် ကျိုးလွှေမှာ နောက်သို့ တရွေ့ရွေ့ဆုတ်သွားသည်။

ဝမ်းယီရော လီရှစင်းပါ ကျိုးလွှေကို ဂရုမစိုက်နိုင်တော့ဘဲ တစ်ယောက်ကိုတစ်ယောက် သဲကြီးမဲကြီး တိုက်ခိုက်နေသည်။

ကျိုးလွှေသည် ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံတော့ဘဲ ချာခနဲလှည့်လိုက်ကာ တောင်ကုန်းပေါ်မှ ပြေးဆင်းသွားလေတော့သည်။

♠ ♠ ♠



ကျိုးလွှေ၏ခြေလှမ်းများ ဒယီးဒယိုင်ဖြစ်နေသည်။

လီရှစင်း၏လက်ချက်ကြောင့် အတွင်းဒဏ် ပြင်းထန်စွာရရှိခဲ့ပြီဖြစ်သည်။

သို့တိုင် ပြေးနိုင်မှ အသက်ချမ်းသာရာရမည်ဟု နားလည်ထားသဖြင့်ဒရောသောပါး ပြေးဆင်းလာခဲ့ခြင်းဖြစ်လေသည်။

တောင်ကုန်းအောက် ရောက်သည်နှင့် သစ်ပင်ချုံနွယ်များကြားမှ လူရိပ်တစ်ရိပ်ပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ကျိုးလွှေ ထိတ်လန့်သွားလေသည်။

လက်ထဲဆုပ်ကိုင်ထားသည့် ကျောက်ခဲဖြင့် ပစ်ပေါက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်...

"ကျိုးလွှေ"

ခေါ်သံထွက်ပေါ်လာခြင်းကြောင့် တိုက်ခိုက်ခြင်းမပြုဘဲ အချိန်မီ ရပ်တန့်လိုက်လေသည်။

ကျင်းဖုံး၏ခေါ်သံဖြစ်ကြောင်း သူမှတ်မိလိုက်သည် မဟုတ်ပါလား။

မှန်ပေသည်။

ကျင်းဖုံး သူ့အနားသို့ ပြေးလွှားရောက်ရှိလာသည်။

တောင်ကုန်းပေါ်မှ လိမ့်ကျခဲ့ခြင်းကြောင့် ကျင်းဖုံး၏ အဝတ်အစားများမှာ ညစ်ပတ်ပေကျံကာ ဒူးဆစ်များ၊ တံတောင်ဆစ်များပွန်းပဲ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ။

အန္တရာယ်နှင့်ကြုံတွေ့ခဲ့ရသည့်တိုင် နှစ်ယောက်သား ပြန်လည် ဆုံတွေ့မိကြသဖြင့် ဝမ်းသာသွားကြလေသည်။

"ကျင်းဖုံး"

"ကျုံးလွေ"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားလိုက်မိကြလေသည်။

"ဟိုလူယုတ်မာကြီးရော"

လီရှူစင်း လိုက်လာသည်ကိုမတွေ့ရသဖြင့် မေးလိုက်လေသည်။

"ဝမ်းယီရောက်လာတယ်၊ သူတို့..."

သူ စကားဆုံးအောင် မပြောနိုင်ပါ။

နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာပြီး ဒူးများကွေးညွတ်သွားသည်။

ကျင်းဖုံး ထိတ်လန့်သွားလေသည်။

"သူငယ်ချင်း..မင်း..မင်း"

"ငါမနေရတော့ဘူး ထင်တယ်ကွာ"

"ဟေ"

ကျင်းဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"အားတင်းထား သူငယ်ချင်း၊ သမားတော်ဆီရောက်အောင် မင်းကိုငါခေါ်သွားမယ်"



ချက်ချင်းပင် ကျုံးလွေအား ပခုံးပေါ်သို့ ထမ်းလိုက်သည်။

ယခုတစ်ကြိမ်...

ကျုံးလွေ ရုန်းကန်နိုင်ခြင်း မရှိတော့ချေ။

ကျင်းဖုံးက ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ်...

"အား"

တောင်ကုန်းပေါ်မှ စူးရှသောအော်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ထိုအသံမှာ ဝမ်းယီ၏အသံဖြစ်ကြောင်း ကျင်းဖုံး မှတ်မိလေသည်။

"သူ လိုက်လာတော့မယ်"

ကျုံးလွေက ပြောပြီးလျှင် ခေါင်းငိုက်စိုက်ကျကာ သတိလစ်မေ့မြောသွားလေသည်။

ကျင်းဖုံး မျက်လုံးပြူးသွားသည်။

ချက်ချင်းပင် ကျုံးလွေကို ထမ်းပိုးရင်း ဒရောသောပါး ပြေးထွက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျေးရှူးတရား

ကျိုယန်မြို့...။

စည်ကားသိုက်မြိုက်လှသည့် ကျိုယန်မြို့သို့ ကျင်းဖုံးတို့ ဒုတိယအကြိမ် ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

ယခုတစ်ကြိမ်တွင်...

သေလုမြောပါးဖော်ရာ ရရှိနေသည့် ကျုံးလွေအား သယ်ပိုး လာရခြင်းဖြစ်သည်။

ရောက်ရှိလာချိန်မှာ နံနက်မိုးသောက် ဝေလီဝေလင်းအချိန် ဖြစ်လေသည်။

လမ်းများပေါ်၌ လူရှင်းနေသည်။

အထမ်းအပိုးများဖြင့် သွားလာနေကြသူ အချို့ကိုသာ တွေ့ရ၏။



ကျင်းဖုံးသည် ကျုံးလွေကို ထမ်းပိုးရင်း ဘယ်ဝယ်ဘယ်ဆီ သွားရမှန်းမသိ ဖြစ်နေသည်။

ကျိုယန်မြို့သည် သူ့အတွက် အစိမ်းသက်သက်ဖြစ်နေ သည် မဟုတ်ပါလော။

ကျုံးလွေမှာ လုံးဝ သတိပြန်လည်မလာဘဲ မေ့မြောနေ လေသည်။

ကျုံးလွေအား အချိန်မီ ဆေးကုပေးနိုင်မှ ဖြစ်တော့မည်ဟု နားလည်ထားရာ သူ့စိတ်လှုပ်ရှားနေပေတော့သည်။

သမားတော်ရှိသည့်နေရာကို မသိသဖြင့် မတတ်သာတော့ ဘဲမေးမြန်းစုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဖွင့်ခါစ လက်ဖက်ရည်ဆိုင်သို့ လှမ်းသွားပြီး ရှေ့၌ရှိနေသူ တစ်ယောက်အား မေးလိုက်သည်။

"ဦးလေး..သမားတော်တစ်ယောက်ရှိတဲ့ နေရာကို ညွှန်ပြ ပေးပါလားခင်ဗျာ"

ထိုလူသည် အသက်ငါးဆယ်ခန့်ရှိ၏။

သူ့အား အကဲခတ်ကြည့်လိုက်လေသည်။

ကျုံးလွေအား ထမ်းထားသည့်အဖြစ်ကြောင့် သမားတော် တစ်ယောက် အရေးတကြီး လိုက်ရှာနေကြောင်း သိနိုင်ပေသည်။

ထိုလူက သူ့အားကြည့်ရင်း မျက်လုံးများ အရောင်တောက်ပ လာသည်။

"လက်စသတ်တော့ မင်းတို့ကိုး"

www.burmeseclassic.com

www.burmeseclassic.com



သူ မျက်မှောင်ကြုတ်သွား၏။

"ဦး..သမားတော်ရှိတဲ့နေရာကို ညွှန်ပြပေးပါလားခင်ဗျာ"

"သမားတော်နဲ့ တွေ့ချင်တယ် ဟုတ်လား၊ ကောင်းပြီ ငါ့နောက်လိုက်ခဲ့"

ပြောပြောဆိုဆို လမ်းပေါ်သို့ လှမ်းထွက်လိုက်လေတော့သည်။

♠ ♠ ♠

ကျင်းဖုံးက ထိုလူအား ကျေးဇူးတင်သွားသည်။

ထိုလူမှာ မည်သူမည်ဝါဖြစ်သည်။

အဘယ်ကြောင့် သူ့အားလမ်းပြပေးလိုသည်ကို မစဉ်းစားဘဲ နောက်မှလိုက်သွားမိသည်။

ယခုအချိန်တွင် ဘာဆိုဘာမျှ အရေးကြီးနိုင်တော့မည် မဟုတ်ပါချေ။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် လျှောက်သွားကြရာ အတန်ကြာလျှင် ကြီးမားခန့်ညားသည့် အဆောက်အအုံကြီးတစ်ခု ရှေ့သို့ ရောက်သွားကြလေသည်။

ထိုလူက အိမ်တံခါးကို ခေါက်ရင်း နှိုးလိုက်လေသည်။

"ဆေးဆရာတောက်..ဆရာတောက်..ထစမ်းပါဦးဗျ"

အော်သံ၊ တံခါးခေါက်သံများက ကျယ်လောင်စွာ ထွက်ပေါ်



လာလေသည်။

"ဘယ်သူလဲ"

အတွင်းဘက်မှ လှုပ်ရှားသံများနှင့်အတူ ပြန်လည်မေးမြန်းသံထွက်ပေါ်လာသည်။

"ဟော့..ခေါင်းတုံးလေး၊ ကျုပ်အသံကိုတောင် မမှတ်မိတော့ဘူးလား"

"သြော်..ပွဲစားကြီးကိုး"

စကားသံအဆုံးတွင် ကောင်လေးတစ်ယောက်က တံခါးဖွင့်ပေးခြင်းဖြစ်သည်။

"သမားတော်ကြီးရော"

"အိပ်နေတုန်းပဲ"

"အေး..သွားနှိုးလိုက်စမ်းပါကွာ၊ အရေးကြီးတဲ့လူနာ တစ်ယောက်ပါလာလို့ကွ"

လူငယ်လေး တွေဝေသွားသည်။

ကျင်းဖုံးအား လှမ်းကြည့်သည်။

"ကျေးဇူးပြုပြီး ဆေးဆရာကြီးကို နှိုးပေးပါညီလေးရာ၊ လူနာက အရေးကြီးနေလို့ပါ"

လူငယ်လေး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ဧည့်ခန်းထဲမှာ ထိုင်စောင့်ကြဦး၊ ကျွန်တော် သွားနှိုးလိုက်ပါ့မယ်"

သူတို့အား နေရာထိုင်ခင်းပေးလိုက်ပြီး အတွင်းဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားလေသည်။

သူသည် သတ်လစ်နေသည့် ကျုံးလွှေအား ထိုင်ခုံပေါ်ချကာ သက်တောင့်သက်သာရှိစေရန် ပြုလုပ်ပေးလိုက်ပြီး ဆေးဆရာအိမ်သို့လိုက်ပို့ပေးသူအား ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်လေသည်။

ယခုမှ...

ထိုလူအား သေသေချာချာ တွေ့မြင်ရသောအခါ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ဟင်...ပွဲစားကြီးကွမ်းကြိုးစန်း"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က ကွမ်းကြိုးစန်းပါပဲ"

အလွန်နူးညံ့ သိမ်မွေ့စွာဖြင့် ပြောလာသည်။

ကွမ်းကြိုးစန်းနှင့် ပြန်လည်တွေ့ဆုံလိုက်ရပြီဖြစ်သည်။

ထိုလူအား အဘယ်ကြောင့် ကူညီခဲ့ရပါသနည်းဟု ကျင်းဖုံး တွေးတောစဉ်းစားရင်း ငေးကြည့်နေမိလေတော့သည်။

♠ ♠ ♠



ဆေးဆရာတောက် နိုးလာပြီဖြစ်လေသည်။

ပွဲစားကြီးကွမ်းကြိုးစန်း၏ မျက်နှာကြောင့် ကျုံးလွှေကို ဆေးကုသပေးရန် ချက်ချင်း သဘောတူလိုက်လေသည်။

ခေါင်းတုံးလေးဆိုသည့် လူငယ်၏အကူအညီဖြင့် ကျုံးလွှေကိုအတွင်းဘက် အခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားပြီး ဆေးဝါးကုသပေးလေသည်။

ကျင်းဖုံးနှင့် ပွဲစားကြီးကွမ်းကြိုးစန်းတို့သည် ဧည့်ခန်းထဲ၌ပင် ထိုင်စောင့်နေကြရသည်

ခေါင်းတုံးလေးက သူတို့အတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ပေး၍ဧည့်ခံနေသည်။

ကျင်းဖုံးသည် ပွဲစားကြီးကွမ်းကြိုးစန်းကို ငေးကြည့်နေလေသည်။

ပွဲစားကြီးကွမ်းကြိုးစန်းက ပြုံးလိုက်သည်။

လက်ဖက်ရည်ပန်းကန်ကို ကျင်းဖုံးရှေ့သို့ တွန်းပို့လိုက်လေသည်။

"သောက်လိုက်ပါဦး၊ ဆေးဆရာတောက်နဲ့တွေ့မှတော့ မင်းရဲ့သူငယ်ချင်းအတွက် ဘာမှစိုးရိမ်စရာမရှိတော့ပါဘူး၊ စိတ်အေးအေးသာ ထားလိုက်ပေတော့"

ကျင်းဖုံးမှာ တစ်ညလုံး အိပ်စက်ခဲ့ရခြင်း မရှိသည့်အပြင် အသက်လု ပြေးလွှားလာခဲ့ရခြင်းကြောင့် မောပန်းနွမ်းနယ်နေပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲဟာနေ၍ မငြင်းတော့ဘဲ သောက်လိုက်လေသည်။

အတန်ကြာမှ ကွမ်းကြုံးစန်း စကား စလိုက်သည်။

"ငါလည်း တစ်ညလုံး အိပ်လို့မရတာနဲ့ စောစောစီးစီး လက်ဖက်ရည်ဆိုင်ကို ထွက်လာတာ၊ မင်းကိုတွေ့ရလို့ အတော်အံ့သြသွားတယ်"

"အမှန်အတိုင်းပြောရရင် မင်းတို့ကို ငါတွေ့ချင်နေတာ ကြာပြီကွ၊ ဘယ်နေရာမှာ လိုက်ရှာရမှန်းမသိလို့ အခက်ကြုံနေတာ"

ကျင်းဖုံး ကြားဝင်မေးလိုက်သည်။

"ဦးလေးက ဘာကြောင့် ကျွန်တော့်ကိုတွေ့ချင်ရတာလဲဗျာ"

"မင်းပြောတဲ့ စကားကြောင့်ပေါ့ကွာ"

"ဗျာ"

"ကျုပ်ရဲ့သမီးကို ဖမ်းထားတဲ့လူတွေဟာ တိမ်နဂါးဂိုဏ်းက လူတွေဆိုတာလေ"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် သေသေချာချာ ကြားခဲ့တာပါ"

"မင်း ဘယ်လိုလုပ် သိခဲ့ရတယ်ဆိုတာ ကျုပ်ကို ပြောပြနိုင်မလား"

"ဟုတ်ကဲ့၊ ကျွန်တော် ပြောပြပါ့မယ်"

ကျင်းဖုံးသည် သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို



ပြောပြလိုက်သည်။

ပွဲစားကြီးကွမ်းကြုံးစန်းမှာ ငြိမ်သက်စွာ နားထောင်နေပြီး သူ့စကားဆုံးသွားသည်နှင့် သက်ပြင်းချလိုက်လေသည်။

"တိမ်နဂါးဂိုဏ်းကလူတွေဟာ မကောင်းမှုတွေလုပ်နေကြတယ်ဆိုတာ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရလို့ သိထားပြီးပါပြီ၊ ဦးရဲ့သမီးကိုလည်း သူတို့ဖမ်းဆီးထားကြပါတယ်"

ပွဲစားကြီးကွမ်းကြုံးစန်း ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာ ဖြစ်နိုင်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် သူတို့ရဲ့လုပ်ရပ်ကို ဖော်ထုတ်ဖို့ လက်ဆုပ်လက်ကိုင်သက်သေပြစရာမရှိတော့ မလွယ်လှဘူးကွ"

ကျင်းဖုံးမှာ တိမ်နဂါးဂိုဏ်းအကြောင်း တွေးမိသည်နှင့် ဒေါသဖြစ်လာသည်။

"သူတို့ရဲ့ မတရားတဲ့ လုပ်ရပ်တွေကို ဖော်ထုတ်ရမှာပဲ"

ကွမ်းကြုံးစန်းက သဘောတူလေသည်။

"ဟုတ်တယ်၊ ကျုပ်တို့ ငြင်းခုန်နေလို့မဖြစ်တော့ဘူးကွ၊ ကျုပ်က သူတို့ကိုရင်ဆိုင်ချင်တယ်၊ ဒါပေမယ့် ဘာလုပ်ရမှန်းမသိတော့ မင်းတို့ကိုတွေ့လို့ ဝမ်းသာသွားတာပေါ့"

သူတို့နှင့်ပူးပေါင်း ဆောင်ရွက်လိုသည့် သတင်းကြားလိုက်ရခြင်းကြောင့် ကျင်းဖုံး ဝမ်းသာသွားလေသည်။

ကွမ်းကြုံးစန်းသည် သိုင်းလောကတွင် တွင်ကျယ်သူဖြစ်ရကား သူတို့နှင့်လက်တွဲမိပါက တိမ်နဂါးဂိုဏ်း၏ မကောင်းသောလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရပ်များကို ကျိန်းသေဖော်ထုတ်နိုင်မည်ဟု ယုံကြည်ထားလေသည်။

"မင်း ဘယ်လိုသဘောရသလဲ၊ ကျုပ်နဲ့လက်တွဲမယ် မဟုတ်လား"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့..ကျွန်တော် လက်တွဲပါ့မယ်ဗျာ"

ထိုအချိန်မှာပင်...

ခေါင်းတုံးလေးနှင့် ဆေးဆရာတောက်တို့ အတွင်းဘက်မှ ထွက်လာကြသည်ကို တွေ့မြင်ရသည်။

ကျင်းဖုံးက ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

"ဆေးဆရာကြီးခင်ဗျာ၊ ကျွန်တော့်ရဲ့ သူငယ်ချင်းဟာ..."

သူ၏စကားမဆုံးခင်မှာပင် ဆေးဆရာတောက်က ကြားဖြတ်ပြောသည်။

"သူ့သိပ်ကံကောင်းတယ်၊ နည်းနည်းလောက် နောက်ကျသွားရင် မလွယ်ဘူး၊ အခုတောင် တစ်လလောက် အိပ်ရာထဲက မထဘဲ အနားယူရလိမ့်မယ်"

ကျင်းဖုံး ဝမ်းသာသွား၏။

ကျူးလွေ၏အသက်ကို ကယ်တင်နိုင်ခဲ့ပြီ မဟုတ်ပါလား။

"ဆေးဆရာကြီးကို ကျေးဇူးတင်ပါတယ်ဗျာ"

ဆေးဆရာတောက်က ပြောလိုက်၏။

"မင်းရဲ့မိတ်ဆွေကို ခေါ်သွားပေတော့၊ သူ့အတွက် တစ်လစာဆေး ကျုပ်ပေးလိုက်မယ်"



"ခင်ဗျာ"

သူရင်ထိတ်သွားသည်။

ဆေးဆရာတောက်သည် သူ၏အိမ်၌ ကျူးလွေကို လက်ခံထားမည် မဟုတ်ချေ။

သူ မည်သည့်နေရာကို ခေါ်ဆောင်သွားရပါမည်နည်း။

သူအခက်ကြုံနေစဉ်မှာပင် ကွမ်းကြိုးစန်းက ပြောလာသည်။

"ကျုပ်အိမ်ကိုပဲ လိုက်ခဲ့ကြပေါ့၊ ကျုပ်သမီးလေး ဒုက္ခရောက်သွားကတည်းက ကျုပ်လဲ အလုပ်သမားတွေ၊ အိမ်ဖော်တွေကို နှင်ထုတ်လိုက်ပြီး တစ်ယောက်တည်းနေခဲ့တာ၊ ကျုပ်အိမ်မှာ ကျယ်ကျယ်ဝန်းဝန်း ရှိတာပဲ၊ တစ်လ မဟုတ်ဘူး၊ တစ်သက်လုံး နေသွားမယ်ဆိုရင်လဲ ကျုပ်က ကျွေးထားနိုင်ပါတယ်"

ကျင်းဖုံး ဖော်မပြနိုင်အောင် ဝမ်းသာသွား၏။

"ပွဲစားကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး ခင်ဗျာ"

"ကိစ္စ မရှိပါဘူးကွာ၊ တို့သွားဖို့ စီစဉ်ကြရအောင်"

ကျင်းဖုံးသည် ကျူးလွေအား ခေါ်ဆောင်၍ ပွဲစားကြီးကွမ်းကြိုးစန်း၏အိမ်သို့ လိုက်ပါသွားရန် စီစဉ်လိုက်ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## သိုင်းပညာ

ငါးရက်...။

ငါးရက်ဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်လေတော့သည်။

ကျုံးလွှေသည် ဒဏ်ရာရခဲ့သည့် နေ့ကထက်စာလျှင် အတော်ကြီး သက်သာလာပြီဟု ဆိုနိုင်လေ၏။

လီရှုစင်း၏လက်ဝါးရိုက်ချက်ကြောင့် အတွင်းဒဏ်ရာ ရရှိသွားရာ တစ်လခန့် ဆေးမှန်မှန်သောက်ပြီး အနားယူမှသာလျှင် သက်သာပျောက်ကင်းသွားမည် ဖြစ်ပေတော့၏။

ဆေးဆရာတောက်သာ မကယ်လျှင် သေဆုံးသွားဖို့သာ ရှိနေသည်။

ပွဲစားကြီးကွမ်းကြုံးစန်းနှင့် မမျှော်လင့်ဘဲ တွေ့ဆုံခြင်းသည် ကျင်းဖုံးတို့အတွက် ကံကောင်းသွားခြင်းဟု ဆိုနိုင်ပေတော့သည်။



ကျင်းဖုံးက ဆန်ပြုတ်ပန်းကန်ကို ယူ၍ ကျုံးလွှေထံ လာခဲ့သည်။

ကျုံးလွှေသည် ခေါင်းအုံးတစ်လုံးကို မှီ၍ ခုတင်ပေါ်၌ လဲလျောင်းနေ၏။

သူဝင်လာသည်ကို မြင်လျှင် ပြုံးပြလိုက်၏။

သူက ကျုံးလွှေအား မေးသည်။

"သူငယ်ချင်း၊ မင်းသက်သာရဲ့လား"

ကျုံးလွှေက ခေါင်းညိတ်ပြ၏။

"သက်သာပါတယ်ကွာ"

ကျင်းဖုံးက ဆန်ပြုတ်ပန်းကန်ကို လှမ်းပေးလိုက်လေသည်။

"လူမမာကြီးတစ်ယောက်လို နေရတာ ငါလဲ စိတ်ကုန်နေပြီကွ၊ အခု မဆာသေးဘူး၊ နောက်မှစားမယ်"

"မင်းသဘောပဲလေ"

ကျင်းဖုံးက ဆန်ပြုတ်ပန်းကန် ခုတင်းဘေးက စားပွဲပေါ်တင်ထားလိုက်၏။

"သူငယ်ချင်း၊ မင်းကို ငါစကားတစ်ခွန်းလောက် ပြောချင်တယ်"

ကျင်းဖုံး ခေါင်းညိတ်သည်။

"ပြောလေကွာ၊ ဘာပြောချင်လို့လဲ"

"တိမ်နဂါးဂိုဏ်းက လူတွေသာ ငါတို့ သည်မှာ ရှိနေတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာသိရင် ချမ်းသာပေးပါ့မလား"

သူက ပြုံးလိုက်၏။

"ဘယ်လိုမေးလိုက်တာလဲ သူငယ်ချင်းရာ၊ သူတို့က ဘယ်ချမ်းသာပေးပါ့မလဲ"

"အေး..ငါနေကောင်းသွားရင် သည်က ထွက်သွားရမယ်၊ ဒါမှမဟုတ် ပွဲစားကြီးကွမ်းကြိုးစန်းကို ကူညီရမယ်၊ သည်တစ်ခါ တိမ်နဂါးဂိုဏ်းက လူတွေနဲ့ ရင်မဆိုင်လို့ ရမလား"

ကျိုးလွေ၏စကားကြားလျှင် ကျင်းဖုံး ငိုင်ကျသွားလေသည်။

ကျိုးလွေက ပြန်ပြောလိုက်၏။

"ငါ့အသက်ကို ပွဲစားကြီးကွမ်းကြိုးစန်းက ကယ်ထားတာ မင်းအမြင်ပဲ၊ အခု သူဒုက္ခရောက်နေတယ်၊ သူ့ကို ငါတို့ပြန်ပြီး ကူညီနိုင်မှ ကျေးဇူးဆပ်ရာကျမယ်"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ငါလဲသိတာပေါ့ကွာ၊ တိမ်နဂါးဂိုဏ်းက ကြောက်စရာကောင်းတယ်၊ ငါတို့ ဘယ်လိုလုပ်ယှဉ်ပြိုင်နိုင်မလဲ"

ကျိုးလွေ လက်ကာပြလိုက်သည်။

"သည်ကိစ္စအတွက် တို့မှာ တတ်နိုင်တာ တစ်ခုရှိတယ်"

"ဟင်..ဘာများလဲ"

"ငါတို့မှာ ပညာမဲ့ကျမ်း ရှိနေတာပဲ"

"ဟင်"



"ပညာမဲ့ကျမ်းကို လေ့ကျင့်အောင်မြင်ခဲ့မယ်ဆိုရင် သိုင်းလောကမှာ ဘယ်သူ့ကိုမှ မှုစရာမလိုဘူး"

ကျိုးလွေ၏စကား သွေးထွက်အောင် မှန်နေပေတော့သည်။

ပညာမဲ့ကျမ်းသည် သိုင်းလောကတစ်ခုလုံး လိုချင်နေသည့် သိုင်းကျမ်းပင် ဖြစ်ပေ၏။

ပညာမဲ့ကျမ်းကို လေ့ကျင့်အောင်မြင်ခဲ့မည်ဆိုလျှင် တိမ်နဂါးဂိုဏ်းကို ကြောက်စရာမလိုတော့ပေ။

သို့သော်...

"မဖြစ်နိုင်ဘူး ထင်ပါတယ်ကွာ"

သူက သက်ပြင်းချ၍ ညည်းတွားလိုက်၏။

ကျိုးလွေက မကျေမနပ် ဖြစ်သွားသည်။

"မဖြစ်နိုင်ဘူး ဟုတ်လား၊ အဘကျင်းရှောင် လုပ်ကြံခံရတာရယ်၊ သူပြောခဲ့တဲ့ စကားတွေကြောင့်ရယ်၊ မင်းက ပညာမဲ့ကျမ်းကို လေ့ကျင့်ဖို့ စိတ်မပါဘဲ ဖြစ်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်ကွာ"

သူက ခေါင်းညိတ်ဝန်ခံလိုက်၏။

"ကျင်းဖုံးရယ်၊ မင်းအတွက် အခွင့်အရေး ရှိနေပြီပဲ၊ ဘာကြောင့်များ တွေဝေနေရတာလဲ"

ဟု မေးလိုက်သည်။

"ငါက.."

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးမီ ကျုံးလွှေက ကြားဖြတ်ပြောလိုက်သည်။

"ပညာမဲ့ကျမ်းကို လေ့ကျင့်တာ မင်းအတွက်ရော ငါတို့အားလုံးအတွက်ပါ အကောင်းဆုံးပါပဲ"

သူ မတတ်သာတော့ဘဲ...

"ကောင်းပါပြီကွာ၊ ပညာမဲ့ကျမ်းကို ငါလေ့ကျင့်ပါတော့မယ်"

ကျုံးလွှေ၏အကြံအတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♠ ♠ ♠



၂၊

ပညာမဲ့ကျမ်း

အရှေ့ဘက်၌ အရုဏ်၏ရောင်နီများ ထွက်ပေါ်လာပြီ ဖြစ်သည်။

"အောက်အီးအီးအွတ်"

ကြက်တွန်သံများ ထွက်ပေါ်လာသကဲ့သို့ ကျေးငှက်လေးများ၏ သာယာသော နံနက်ခင်း တေးသီကြွေးသံများလည်း ထွက်ပေါ်နေ၏။

အေးမြသော နံနက်ခင်း လေပြည်လေညင်း တိုက်ခတ်လာသောအခါ...

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များ ပါလာလေတော့သည်။

ကျင်းဖုံးသည် သန့်ရှင်းလတ်ဆတ်သော လေပြည်ကို အားရပါးရ ရှူရှိုက်လိုက်၏။

www.burmeseclassic.com

ထို့နောက်...

ခြေနှစ်ဖက်ကို မြေပေါ်ခွဲ၍ မြဲမြဲစွာ ရပ်ကာ ပညာမဲ့ကျမ်း ကို စတင်လေ့ကျင့်လိုက်လေသည်။

မမျှော်လင့်ဘဲ ရခဲ့သည့် ပညာမဲ့ကျမ်းမှ သိုင်းကွက်များကို ကျင်းဖုံးက နားလည်သဘောပေါက်အောင် အပြန်ပြန်အလှန်လှန် ဖတ်ရှုလေ့လာခဲ့သည်။

သိုင်းပညာနှင့် ပတ်သက်လာလျှင် ဉာဏ်ကောင်းသူဟု ခေါ်ရမည်လား။

အာရုံစူးစိုက်လေ့လာလိုက်သည်နှင့် များမကြာမီ ပညာမဲ့ ကျမ်း၌ မှတ်တမ်းတင်ထားသော သိုင်းကွက်များကို အလွတ်ကျက် မှတ်မိသွားတော့သည်။

ထိုသို့ ကျက်မှတ်ပြီးသည်နှင့် လက်တွေ့လေ့ကျင့်ရန် ဆုံး ဖြတ်၍ နံနက်စောစောထကာ ကွမ်းကြိုးစန်း၏ခြံဝင်း အနောက် ဘက်မှ တောင်ကုန်းလေးပေါ်၌ လာရောက်လေ့ကျင့်နေခြင်းပင် ဖြစ် လေ၏။

ကျင်းဖုံးသည် နေလသိုင်းကွက်များကို အပြန်ပြန်အလှန် လှန် လေ့လာပြီးနောက် စတင်လေ့ကျင့်လိုက်လေသည်။

သိုင်းကွက်များသည် လက်ဝါးနှစ်ဖက်စလုံးကို အသုံးပြုရ သည် ဖြစ်သော်လည်း ဝဲဘက်လက်ဝါးနှင့် ယာဘက်လက်ဝါး လှုပ် ရှားအသုံးပြုပုံချင်း မတူဘဲ မသိမသာ ကွဲပြားခြားနားနေသည်ကို တွေ့ရလေသည်။



လက်ဝါးတစ်ဖက်ကို အသာဝှေ့ယမ်းရလျှင် ကျန်လက်ဝါး တစ်ဖက်ကို ကြမ်းတမ်းပြင်းထန်စွာ ဆန့်ထုတ်ရလေသည်။

အမှန်တော့ သူဉာဏ်ကောင်း၍သာလျှင် ထိုအချက်ကို ချက်ချင်းသတိပြုမိခဲ့ခြင်း ဖြစ်လေ၏။

သိုင်းကျမ်းမှ ပညာရပ်များသည် ဓာတ်သဘာဝချင်း မတူ ညီသော အရာနှစ်ခုကို ပေါင်းစပ်ထားခြင်းကြောင့် ထူးဆန်းသည်ဟု အစကပင် ထင်မှတ်မိခဲ့လေ၏။

ကျင်းဖုံးသည် ထိုအခြေခံသဘောတရားများကို လက်မ လွှတ်သဖြင့် ပညာမဲ့ကျမ်းကို လေ့ကျင့်ရာ၌ ပျော့ပျောင်းခြင်းတစ် ဝက်၊ မာကျောခြင်းတစ်ဝက် အချိုးကျကျ ပေါင်းစပ်အသုံးပြုရလေ သည်။

သဘောကို ကျင့်ရမည်ဆိုလျှင်ပင် သူက ဤကဲ့သို့ ရုတ် တရက် နားလည်သဘောပေါက်မည် မဟုတ်ချေ။

မိမိကျွမ်းကျင်ထားသော သိုင်းပညာအခံ ရှိနေသဖြင့် အ ရောရောအနှောနှောဖြင့် လေ့ကျင့်ရခက်မည် ဖြစ်သည်။

ကျင်းဖုံးကား ကျင်းရှောင် သင်ပေးခဲ့သည့် သိုင်းပညာသာ ရှိသည်။

ထိုသိုင်းပညာသည် ပညာမဲ့ကျမ်း၏ အခြေခံသိုင်းပညာ ဖြစ်နေရကာ တကယ်တမ်း ပညာမဲ့ကျမ်းကို လေ့ကျင့်သောအခါ အဆင်ပြေ ချောမောသွားလေတော့သည်။

"ယား"

www.burmeseclassic.com



ကျင်းဖုံးက မာန်သွင်း၍ ပြောသံပေးလိုက်သည်။

ထို့နောက်...

လက်ဝါးနှစ်ဖက်ကို ဝေ့ယမ်းကာ ပညာမဲ့ကျမ်းကို ခွဲနပဲဖြင့် လေ့ကျင့်လိုက်လေတော့သည်။

♠ ♠ ♠

တစ်ရက်...။

နှစ်ရက်...။

သုံးရက်...။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ကျင်းဖုံးက ပညာမဲ့သိုင်းပညာကို သဲကြီးမဲကြီး လေ့ကျင့်နေသည်။

ကျိုးလွေ၏ဝေဒနာလည်း တဖြည်းဖြည်း သက်သာလာသည်။

ပွဲစားကြီးကွမ်းကြိုးစန်းသည် ကျင်းဖုံးနှင့် ကျိုးလွေတို့အတွက် လိုလေသေးမရှိ အစစအရာရာ စီစဉ်ပေးခဲ့လေသည်။

ထို့အတွက်ကြောင့်လည်း ကျိုးလွေနှင့် ကျင်းဖုံးတို့မှာ အားတုံ့အားနာ ဖြစ်ရလေသည်။

ကျင်းဖုံးက ပညာမဲ့ကျမ်းအား သဲကြီးမဲကြီး လေ့ကျင့်နေသောကြောင့် အမှုမဲ့ အမှတ်မဲ့ ရှိနေခဲ့သော်လည်း ကျိုးလွေကမူ



ကွမ်းကြိုးစန်းသည် သူတို့၏ဝေယျာဝစ္စ ကိစ္စအဝဝ ဆောင်ရွက်ပေးပြီးသည်နှင့် တစ်ချိန်လုံး ငေးငိုင်နေတတ်သည်ကို သတိပြုမိလေသည်။

ထို့ကြောင့်...

ဝေဒနာများ လျော့ပါးကာ သက်သောင့်သက်သာ ရှိလာချိန်၌ ကွမ်းကြိုးစန်းနှင့် သွားရောက်တွေ့ဆုံခဲ့လေသည်။

ကျယ်ဝန်းသော အခန်းတွင်း၌ အဖိုးတန်သော ပစ္စည်းများက နေရာယူထား၏။

အခန်းအလယ်၌ စားပွဲတစ်လုံး ရှိနေပြီး ပွဲစားကြီးကွမ်းကြိုးစန်း ထိုင်ကာ ငေးငိုင်နေလေသည်။

ကျိုးလွေသည် သူ့အနီးသို့ ရောက်ရှိလာသည်ကိုပင် သတိမပြုမိခဲ့ပါချေ။

"အဟမ်း"

ကျိုးလွေက ချောင်းတစ်ချက်ဟန့်လိုက်တော့မှ သတိဝင်လာကာ မော့ကြည့်လာသည်။

"သြော်.. ကျိုးလွေပါလား ထိုင်လေ"

"ဟုတ်ကဲ့"

ကျိုးလွေက ကွမ်းကြိုးစန်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

ကွမ်းကြိုးစန်းသည် အသင့်ရှိနေသော ရေနွေးကြမ်းတစ်ခွက်ထည့်ကာ ကျိုးလွေကို ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ"

ကျုံးလွှေက ရေနွေးကြမ်းခွက်ကို ယူကာ သောက်လိုက်လေသည်။

ပွဲစားကြီးကွမ်းကြုံးစန်းက မေးသည်။

"မင်း ဘယ်လိုနေသေးသလဲ၊ သက်သာရဲ့လား"

ဟု မေးလိုက်သည်။

ကျုံးလွှေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သက်သာပါတယ်"

"မင်းရဲ့သူငယ်ချင်းကော"

"သူက သိုင်းပညာတစ်ရပ် လေ့ကျင့်နေပါတယ် ခင်ဗျာ"

"ကောင်းတယ်..ကောင်းတယ်"

ပွဲစားကြီးကွမ်းကြုံးစန်းသည် ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်၏။

ထို့နောက်...

ဘာမျှမပြောဘဲ ငြိမ်ကျသွားတော့၏။

ကျုံးလွှေကလည်း ဘာမျှမပြောပါ။

အခန်းကျယ်အတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ကျုံးလွှေက မသိမသာ အကဲခတ်နေ၏။

ပွဲစားကြီးကွမ်းကြုံးစန်းက ကျောက်ရုပ်ကြီးအလား မလှုပ်မယှက် ရှိနေသည်။



သူ၏မျက်လုံးများ ရီဝေနေသည်။

တစ်ခုခုအား တွေးတောစဉ်းစားကာ ငေးငိုင်နေသည့်သဘော ရှိလေသည်။

သူ ဘာတွေများ တွေးနေပါသနည်း။

သမီးဖြစ်သူ အကြောင်းမှလွဲ၍ အခြား ဘာမှမဖြစ်နိုင်ကြောင်း ကျုံးလွှေက သဘောပေါက်လိုက်၏။

ထို့ကြောင့် သူက...

"ဦးရဲ့သမီးအတွက် ကျွန်တော်စိတ်မကောင်းပါဘူး၊ ဦးရဲ့သမီးကို ကူညီနိုင်အောင် ကျွန်တော့်သူငယ်ချင်းက သိုင်းပညာလေ့ကျင့်နေတာပါ"

"ဟင်"

ပွဲစားကြီးကွမ်းကြုံးစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"မင်းရဲ့သူငယ်ချင်းက ကျုပ်ရဲ့သမီးကို ကူညီနိုင်အောင် သိုင်းပညာလေ့ကျင့်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ကွမ်းကြုံးစန်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဒါဆို သူက ပညာမဲ့ကျမ်းကို လေ့ကျင့်နေတာလား"

ဟု မေး၏။

ကျုံးလွှေ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးစန်းက ရှုတ်တရက်ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။

"ဟင်"

ကျိုးလွေ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ပညာမဲ့ကျမ်း လေ့ကျင့်နေသည်ဟု သိလျှင် ပွဲစားကြီးကွမ်းကြိုးစန်း အဘယ်ကြောင့် လှုပ်ရှားသွားရပါသနည်း။

ထူးခြားသော အကြောင်းတစ်ခုခု ရှိနေသည်မှာ သေချာလှပါတော့သည်။

"ဦး ဘာဖြစ်လို့လဲဟင်"

"မင်း..မင်းရဲ့သူငယ်ချင်းက ပညာမဲ့ကျမ်း လေ့ကျင့်နေ တာဟုတ်လား"

ဟု မေး၏။

"ဟုတ်ပါတယ်ဗျာ"

ကွမ်းကြိုးစန်းက...

"ဒါဆို မင်းရဲ့သူငယ်ချင်းကြောင့် ငါ့သမီး အဖမ်းခံလိုက်ရတာပဲ"

"ဗျာ"

ကျိုးလွေ ပို၍ အံ့သြသွားသည်။

"ကျွန်တော့်သူငယ်ချင်းနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ မသိရဘူးလားဗျာ"

"အေး..မင်းသိချင်ရင် သည်စာကို ဖတ်ကြည့်"



ကွမ်းကြိုးစန်းက စာတစ်စောင် ထုတ်ပေးလိုက်လေသည်။

ကျိုးလွေက ယူပြီး ဖတ်ကြည့်လိုက်ရာ စာထဲ၌...

"ကွမ်းကြိုးစန်း၊ ခင်ဗျားရဲ့သမီး အသက်ကို ပညာမဲ့ကျမ်းနဲ့ လဲမယ်"

ဟူ၍ ရေးသားထားသည်ကို တွေ့ရလေ၏။

ကျိုးလွေ ပင့်သက်ရှိုက်လိုက်၏။

"လက်စသတ်တော့ တိမ်နဂါးဂိုဏ်းက ပညာမဲ့ကျမ်းကို လိုချင်နေတာကိုး"

"ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်"

ထိုစကားမှာ ကွမ်းကြိုးစန်းက ပြောလိုက်ခြင်း မဟုတ်ပါ။

ထို့ကြောင့်...

ကျိုးလွေနှင့် ကွမ်းကြိုးစန်းတို့သည် စကားသံ ထွက်လာရာသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ...

မည်သည့်အချိန်က ရောက်ရှိနေမှန်း မသိသော သူစိမ်းတစ်ဦးက အခန်းတံခါးဝ၌ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## အပြန်အလှန်

ကျိုးလွှ ကပျာကယာ ထလိုက်သည်။

သူ၏ရင်ထဲ၌ မကောင်းသော အတိတ်နိမိတ်များ ခံစားလာရလေသည်။

အခန်းဝ၌ ရပ်နေသူအား မျက်လုံးပြူးကြည့်ကာ မေးလိုက်လေသည်။

"ခင်..ခင်ဗျားဟာ တိမ်နဂါးဂိုဏ်းကလူ မဟုတ်လား"

ထိုလူ ရယ်မောလိုက်လေသည်။

"မေးနေစရာလိုဦးမှာလား၊ ကျင်းဖုံး ဘယ်မှာလဲ၊ ပညာမဲ့ကျမ်းကော ဘယ်မှာလဲ ပြောစမ်း"

ဟု မေးလိုက်၏။



"ကျုပ် မသိဘူး"

ကျိုးလွှက ချက်ချင်းငြင်းလိုက်သည်။

ထိုလူက ခြေလှမ်းသွက်သွက်ဖြင့် လှမ်းဝင်လာကာ ကျိုးလွှတို့နှင့် မလှမ်းမကမ်း၌ ခြေလှမ်းရပ်လိုက်လေ၏။

သူ၏မျက်နှာ ခက်ထန်နေသည်။

ကျိုးလွှအား စေ့စေ့ကြည့်ကာ သွားကြားထဲမှ လေသံဖြင့် မေးလေသည်။

"မင်းရဲ့သူငယ်ချင်းနဲ့ ပညာမဲ့ကျမ်း ဘယ်မှာလဲ"

ကျိုးလွှ ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မသိဘူး"

ဟု ထပ်မံငြင်းလိုက်လေသည်။

"ဒွန်း"

ထိုလူ ဒေါပွသွားသည့်အလား ကြမ်းပြင်ပေါ် ခြေဆောင့်လိုက်သည်။

"စောစောက မင်းတို့ပြောနေတဲ့ စကားတွေကို ငါ မကြားဘူးများ ထင်နေသလား"

ထိုအချိန်တွင်...

ကွမ်းကြိုးစန်းက ကြားဝင်အော်ငေါက်လိုက်သည်။

"မင်း ဘယ်သူလဲ၊ ငါ့အခန်းထဲက အခုချက်ချင်း ထွက်သွားစမ်း"

"ဟား..ဟား..ဟား"

54

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ဟားတိုက်ရယ်မောလိုက်လေ၏။

"ပွဲစားကြီး၊ ခင်ဗျားသမီး သေသွားစေချင်ပြီ ထင်တယ် ဟုတ်လား"

ဟု မေးလိုက်သည်။

"ဘာကွ"

"ခင်ဗျားရဲ့သမီး ကျုပ်တို့လက်ထဲမှာ ရှိနေတာကို မမေ့နဲ့ဦး လေ"

"မင်း...မင်း"

ကွမ်းကြိုးစန်း ရှေ့တိုးလိုက်သည်။

"ငါ့သမီးကို မင်းတို့ ဖမ်းထားကြတာပေါ့ ဟုတ်လား"

ထိုလူက...

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားသမီး မသေစေချင်ရင် ကျုပ် စကားနားထောင်ရလိမ့်မယ်"

ဟု ပြောလိုက်သည်။

ကွမ်းကြိုးစန်း ငိုင်သွားသည်။

ကျုံးလွေလည်း မျက်နှာပျက်သွားသည်။

တိမ်နဂါးဂိုဏ်းသည် ကွမ်းကြိုးစန်း၏အိမ်သို့ပင် ထိုးဖောက် ဝင်ရောက်လာပြီ မဟုတ်ပါလား။

"ငါ့...ငါ့သမီး ဘယ်မှာလဲ"

ကွမ်းကြိုးစန်းက အလန့်တကြား မေးလိုက်၏။

ထိုလူ ရယ်မောလိုက်၏။



"ခင်ဗျားသမီး ရှိပါတယ်ဗျာ၊ ဂိုဏ်းချုပ်ကြီးက မွဲတစ်ပေါက် မစွန်းရလေအောင် စောင့်ရှောက်ထားပါတယ်၊ ပညာမဲ့ကျမ်းကို ပေးမယ်ဆိုရင် ခင်ဗျားသမီးက ဘေးမသီရန်မခဘဲ အိမ်ကို ပြန်ရောက်လာမှာပါ၊ ဒါမှမဟုတ်ရင်တော့ သည်တစ်သက် ပြန်တွေ့ရတော့မယ် မထင်လေနဲ့"

ဟု ပြော၏။

"မင်း...မင်း"

ထိုလူသည် ကွမ်းကြိုးစန်းအား အမှုမထားဘဲ ကျုံးလွေဘက် လှည့်လိုက်၏။

"မင်းသူငယ်ချင်း ဘယ်မှာလဲ"

ဟု မေးလိုက်၏။

ကျုံးလွေ ပြင်းဆန်ရန် ပြင်လိုက်၏။

ထိုစဉ်...

"ကျုပ် သည်မှာ ရှိနေပါတယ်ဗျာ"

စကားသံနှင့်အတူ ကျင်းဖုံးက အခန်းတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဖုံး ရောက်ရှိလာပြီ ဖြစ်ပါသည်။

"ဟား..ဟား..ဟား"

တိမ်နဂါးဂိုဏ်းမှ လူစိမ်းက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းရောက်လာမှတော့ သိပ်ကောင်းတာပေါ့။ ကဲ..ဘယ်မှာလဲ ပညာမဲ့ကျမ်းပေးလေ"

လက်ဝါးဖြန့်ကာ ပညာမဲ့ကျမ်းကို တောင်းလိုက်လေသည်။

ကျင်းဖုံးခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတောင်းတိုင်း မပေးနိုင်ဘူး"

"ဘာကွ"

"ကွမ်းကြိုးမေက ခင်ဗျားတို့ဘက်မှာ ရှိနေတာ ဘယ်လိုအထောက်အထားပြမလဲ"

လူစိမ်း မကျေမနပ် ဖြစ်သွားသည်။

"ဩော်..မင်းက သည်လိုလား၊ မင်းကို အထောက်အထားပြဖို့ ပွဲစားကြီးရဲ့သမီးကို ခြေတစ်ဖက်၊ လက်တစ်ဖက်ဖြတ်ပြီး ယူလာပြရမလိုဘဲ၊ စကားမရှည်နဲ့ သိုင်းကျမ်းကို ပေးမလား၊ မင်းအသက်အသေခံမလား ကြိုက်တဲ့လမ်း ရွေးပေတော့"

ကျိုးလွှေနှင့် ကွမ်းကြိုးစန်းတို့သည် အန္တရာယ်နှင့် ရင်ဆိုင်နေရသော်လည်း ဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေလိုက်ကြလေသည်။

ကျင်းဖုံးသည် ကြောက်ရွံ့ထိတ်လန့်သွားခြင်း မရှိသည့်



အပြင် ရှေ့တိုးလိုက်လေသည်။

"ကွမ်းကြိုးမေ တစ်ခုခု ဖြစ်သွားရင်တော့ ခင်ဗျားတို့ သက်သာမယ် မထင်နဲ့၊ တိမ်နဂါးဂိုဏ်းကို အပြတ်ချေမှုန်းပစ်မယ်ဆိုတာကို မှတ်ထား"

"ဟား..ဟား..ဟား၊ မင်း ဘာတတ်နိုင်မှာလဲ"

လူစိမ်းက လှောင်ပြောင်ရယ်မော၍ သူ့ထံ ခုန်ဝင်တိုက်ခိုက်လေသည်။

ကျိုးလွှေ ရင်ထိတ်သွားသည်။

လက်တွင်း၌ ဓားမြှောင်တစ်လက် ရှိလျှင် ပစ်ပေါက်ဟန့်တားလိမ့်မည် ဖြစ်၏။

ယခုမူ...

"ကျင်းဖုံး သတိထား"

ဟူ၍သာ အော်ဟစ်သတိပေးလိုက်နိုင်၏။

သူသည် ကြောက်လန့်ခြင်းမရှိဘဲ တကယ့် သိုင်းသမားတစ်ယောက်သဖွယ် ရှိနေပါသည်။

ကြမ်းပြင်ပေါ်၌ ခြေနှစ်ဖက်ခွဲ၍ ရပ်ကာ အသင့်ပြင်ထားသည်။

ပညာမဲ့ကျမ်းကို အသုံးပြု၍ ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။

လူစိမ်းနှင့် ကျင်းဖုံးတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်။

"သေပေတော့"

www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းက အော်ငေါက်ရင်း လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျင်းဖုံးက အံတင်းတင်းကြိတ်ကာ လက်ဝါးတစ်ဖက် ဆန့်ထုတ်၍ ခုခံပြီး ကျန်လက်ဝါးတစ်ဖက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ဖုတ်"

"ဗုန်း"

"အား"

သူ၏လက်ဝါးသည် လူစိမ်း ရိုက်ချလာသော လက်ဝါးကို ကောင်းစွာ ခုခံနိုင်လိုက်သည်။

ကျန်လက်ဝါးတစ်ဖက်က လူစိမ်းအား တည့်တည့်မတ်မတ် ရိုက်ချမိသဖြင့် လူစိမ်းမှာ စူးရှစွာ အော်ဟစ်ကာ လွင့်စဉ်သွားတော့သည်။

ထိုသို့...

လွင့်စဉ်သွားသည့်အရှိန် ပြင်းလွန်းရကား ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လွင့်စဉ်သွားခြင်း ဖြစ်ပေတော့သည်။

ကျိုးလွေနှင့် ကွမ်းကြိုးစန်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ယခု...

ကျင်းဖုံးသည် ကြောက်မက်ဖွယ်ရာကောင်းသော ရန်သူတစ်ယောက်အား ဆုံးမအနိုင်ယူခဲ့ပြီ မဟုတ်ပါလား။

BURMESE CLASSIC .com



ထို့နောက်...

ကျိုးလွေ သတိဝင်လာကာ ဝမ်းသာအားရ ဟေးခနဲ အော်လိုက်လေတော့သည်။

♠ ♠ ♠

ကျင်းဖုံး၊ ကွမ်းကြိုးစန်းနှင့် ကျိုးလွေတို့သည် အပြင်ဘက်သို့ ရောက်ရှိလာကြလေ၏။

ကျင်းဖုံး အနိုင်ယူလိုက်သည့် လူစိမ်းထံ လာခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် လူစိမ်း လွင့်သွားသော ပြတင်းပေါက် အပြင်ဘက်သို့ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

ထိုအခါ...

လူစိမ်းကို မတွေ့ရတော့ပါချေ။

မြေပေါ်၌ သွေးစသွေးနများကို တွေ့ရသဖြင့် ထိုလူသည် ဒဏ်ရာပြင်းစွာ ရရှိသွားပြီး သွေးများအန်ထုတ်၍ အသက်လု ထွက်ပြေးသွားခြင်း ဖြစ်ကြောင်း ထင်ရှားနေပါတော့၏။

"သူ ထွက်ပြေးသွားပြီ"

"ဟုတ်တယ်"

ကျိုးလွေနှင့် ကွမ်းကြိုးစန်းတို့က ကျင်းဖုံးဘက်သို့ လှည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အနည်းငယ်အတွင်း ကျောင်းဖုံး၏သိုင်းပညာ အံ့မခန်း တိုးတက်လာသည်။

ရန်သူကို အနိုင်ယူနိုင်သည်ကို မယုံနိုင်အောင် ဖြစ်နေတော့ သည်။

ကျိုးလွှက...

"ကျောင်းဖုံး၊ မင်းသိပ်တော်တာပဲ"

ဟု ချီးကျူးလိုက်သည်။

ထိုအခါ...

ကျောင်းဖုံးက သူ၏လက်နှစ်ဘက်ကို ငေးကြည့်လိုက်၏။

သူကိုယ်တိုင်လည်း ရန်သူအပေါ် အနိုင်ယူနိုင်လိုက်သည်ကို ကိုယ့်ကိုကိုယ် မယုံနိုင်အောင် ဖြစ်နေပုံ ရှိ၏။

"ပညာမဲ့ကျမ်းဟာ အတော့်ကို အစွမ်းထက်ပါလား၊ ဒါ ကြောင့်လဲ သိုင်းလောကသားတိုင်းက ပညာမဲ့ကျမ်းကို လိုချင်မက် မောနေကြပြီး သဲကြီးမဲကြီး လိုက်နေကြတာကိုး"

ကွမ်းကြိုးစန်းက မှတ်ချက်ချလိုက်၏။

ကျိုးလွှက ကျောင်းဖုံး အနီးသို့ ချဉ်းကပ်သွားလိုက်၏။

ထို့နောက်...

ကျောင်းဖုံး၏လက်ကို ဆွဲကိုင် လှုပ်ယမ်းလိုက်၏။

"ကျောင်းဖုံး၊ မင်းဆက်ပြီး ကြိုးစားလေ့ကျင့်သွားမယ်ဆို သိုင်းလောကက ထိပ်ဆုံးနေရာကို ရောက်မှာ သေချာတယ်၊ တိမ်န ဂိုဏ်းကိုလဲ မင်းချေမှုန်းနိုင်မယ်လို့ ငါယုံကြည်ထားတယ်"

BURMESE CLASSIC .com



ဟု ပြောလိုက်သည်။

ကျောင်းဖုံး ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ငါဆက်ပြီး ကြိုးစားပါ့မယ်၊ တိမ်နဂါးဂိုဏ်းကိုလဲ ချေမှုန်းသွားမယ်လို့ ကတိပေးပါတယ်"

ဟု ပြော၏။

ထိုအခါ...

ကွမ်းကြိုးစန်းကလည်း အားတက်သရော ဝင်ပြောလိုက်လေသည်။

"ကျုပ်ရဲ့သမီးကိုလဲ ကယ်တင်ပေးဖို့ တောင်းပန်ပါတယ်ကွယ်"

ကျောင်းဖုံးက...

"စိတ်ချပါ၊ ဦးရဲ့သမီးကို ကျွန်တော် အသက်နဲ့လဲပြီး ကယ်တင်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

"ကျေး..ကျေးဇူးတင်လိုက်တာကွယ်"

ကွမ်းကြိုးစန်းက ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အချိန်များသည် တရွေ့ရွေ့ ကုန်ဆုံးနေ၏။

နေ့ရက်များသည် လျင်မြန်စွာ ကုန်ဆုံးသွားသည်ဟု ထင်မှတ်ရလေ၏။

ပညာမဲ့ကျမ်း၏ အခြေခံ သဘောတရားကို သိရှိနားလည်ထားသော ကျင်းဖုံးက နေ့ရောညပါ အပင်ပန်းခံ၍ အပြင်းအထန်ကြိုးစားလေ့ကျင့်လိုက်လျှင် သိုင်းကျမ်းတစ်ခုလုံးကို တတ်မြောက်သွားလေ၏။

အချိန်တိုလေးအတွင်းမှာ ကျင်းဖုံးက တတ်မြောက်သွားခြင်း ဖြစ်၏။

ထိပ်တန်းသိုင်းသမားများပင် ပညာမဲ့ကျမ်း၏ အခြေခံသဘောကို နားမလည်လျှင် ခက်ခက်ခဲခဲ လေ့ကျင့်ရမည် ဖြစ်ပေသည်။

ကျင်းဖုံး၏ ဖြတ်ထိုးဉာဏ်ကောင်းမှုကြောင့်ပင် ယခုကဲ့သို့ တတ်မြောက်သွားခြင်းပင် ဖြစ်လေသည်။

သူ၏ပါရမီဉာဏ် ရှင်သန်မှုကို ကျုံးလွေနှင့် ကွမ်းကြိုးစန်းတို့ပင် သြချရလေ၏။

ကွမ်းကြိုးစန်းက...

"သူဟာ သိုင်းသမား ဖြစ်ဖို့ မွေးဖွားလာသူတစ်ယောက်ပါပဲ"

ဟု မှတ်ချက်ပြုသည်။

ကျင်းဖုံးသည်လည်း ကိုယ့်ကိုယ်ကို အံ့သြနေမိသည်။



အလွန်ခက်ခဲနက်နဲသော ပညာမဲ့ကျမ်းကို သူက အလွယ်တကူ လေ့ကျင့်တတ်မြောက်ခဲ့သည် မဟုတ်ပါလော။

အခြေခံ သဘောတရားကို ကောင်းစွာ တွေ့ရှိပြီး အာရုံစိုက်၍ ဇောက်ချလေ့ကျင့်ခဲ့ခြင်းကြောင့် အကျိုးကျေးဇူးကို ခံစားရခြင်းဖြစ်ကြောင်း နားလည်ထား၏။

ကျင်းဖုံးသည် ပညာမဲ့ကျမ်းအား ထုံးလိုချေ ရေလိုနှောက် အသေးစိတ် တတ်မြောက်ကျွမ်းကျင်သည်အထိ ဆက်၍ လေ့ကျင့်နေခဲ့ပေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## ထိပ်တိုက်

ယနေ့...။

ကျင်းဖုံးက သိုင်းပညာကို လေ့ကျင့်ပြီး ကွမ်းကြိုးစန်း၏အိမ်သို့ ပြန်လာသည်နှင့် ထူးခြားမှုတစ်ခုအား တွေ့မြင်လိုက်ရသည်။

ကျုံးလွေနှင့် ကွမ်းကြိုးစန်းတို့အား စားပွဲတစ်လုံး၌ ထိုင်၍ ငေးငိုင်နေကြခြင်း ဖြစ်၏။

ကျင်းဖုံး ရင်ထိတ်သွားသည်။

အကြောင်းတစ်ခုခု ရှိရမည်ဟု သူက တွေးလိုက်မိ၏။

ထို့ကြောင့်...

ခပ်သွက်သွက် ချဉ်းကပ်သွားကာ မေးလိုက်လေသည်။

"ဦးတို့ ဘာတွေများ ဖြစ်နေကြတာလဲ ခင်ဗျာ"



ဟု မေးလိုက်သည်။

ကွမ်းကြိုးစန်းနှင့် ကျုံးလွေတို့က ဘာမျှပြန်မပြောချေ။

သူတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

တစ်ဖန်...

ကျင်းဖုံးအား ကြည့်လိုက်ကြလေ၏။

ကျင်းဖုံးက...

"ဦးတို့တွေ ဘာများ ဖြစ်နေကြတာပါလဲ ခင်ဗျာ"

ဟု ထပ်မေးလိုက်၏။

ထိုအခါ...

ကျုံးလွေ သက်ပြင်းချလိုက်၏။

ပြီးလျှင်...

"ကျင်းဖုံး၊ မင်း တစ်ခုခု ဖြစ်သွားမှာကို ပွဲစားကြီးက စိတ်ပူနေတယ်၊ ဒါပေမယ့် မင်းရဲ့အကူအညီကိုလဲ မရလို့က မဖြစ်ဘူးကွ"

ဟု စကားစလိုက်၏။

ကျင်းဖုံး ပြုံးလိုက်၏။

ကွမ်းကြိုးစန်းကို ကြည့်ကာ...

"ကျွန်တော့်အတွက် ဘာမှမပူပါနဲ့ ခင်ဗျာ၊ ကျွန်တော် ဘာကူညီရမလဲဆိုတာသာ ပြောပါ"

ဟု ပြောလိုက်သည်။

ကွမ်းကြိုးစန်းက သူ့အား အားကိုးတကြီး ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်..ကျုပ်ရဲ့သမီးကို မင်းကယ်တင်ပေးမှ ဖြစ်တော့မယ်၊ ဒါမှမဟုတ်ရင် သူသေသွားလိမ့်မယ်"

ကျင်းဖုံး ခေါင်းညိတ်သည်။

"စိတ်ချပါ ခင်ဗျာ၊ သူ့ကို ကယ်တင်ပေးဖို့ ကျွန်တော်ဆုံးဖြတ်ထားပြီးပါပြီ၊ သူ့ကို တိမ်နဂါးဂိုဏ်းက ဖမ်းဆီးထားတယ်ဆိုပေမယ့် သူ ဘယ်မှာ ရှိနေမှန်း မသိရသေးတာ တော်တော်ခက်ပါတယ်"

ကွမ်းကြိုးစန်း လက်ကာပြလိုက်သည်။

"သူ ဘယ်မှာ ရှိနေတယ်ဆိုတာ သိရပါပြီ"

ဟု ပြောလိုက်၏။

"ဟင်"

ကွမ်းကြိုးစန်းက...

"သူ့ကို တွေ့ချင်ရင် သွေးတောင်ကုန်းကို လာခဲ့ဖို့ တိမ်နဂါးဂိုဏ်းချုပ်က ချိန်းလိုက်တယ်"

ဟု ပြောကာ သူက စာတစ်စောင် ထုတ်ပေးလိုက်လေသည်။

ကျင်းဖုံးက စာကို ကပျာကယာ ဖတ်ကြည့်လိုက်လေသည်။

တိမ်နဂါးဂိုဏ်းချုပ်က ပညာမဲ့ကျမ်းနှင့် ပွဲစားကြီးကွမ်းကြိုးစန်း၏သမီး ကွမ်းကြိုးမေကို လာရောက်အလဲအလှယ် ပြုလုပ်ရန် ချိန်းဆိုထားသောစာ ဖြစ်ပေသည်။

ကွမ်းကြိုးစန်းက...

"မင်းက သူချိန်းတဲ့အတိုင်း ရောက်မလာဘူးဆိုရင် ကျုပ်ရဲ့



သမီးကို သူတို့က သတ်ပစ်ကြလိမ့်မယ်"

ဟု ပြော၏။

ကျင်းဖုံး လက်ကာပြလိုက်သည်။

"ဦး ဘာမှမစိုးရိမ်ပါနဲ့ ခင်ဗျာ၊ သူချိန်းလိုက်တဲ့ နေရာကို ကျွန်တော်သွားမှာပါ၊ သူ့ကို ဆုံးမပြီး ကွမ်းကြိုးမေကို ကယ်တင်လာခဲ့ပါမယ်"

ကွမ်းကြိုးစန်းက ထိုင်ရာမှထကာ ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်သည်။

"မင်းရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးကွယ်"

"ဟာ..သည်လို မလုပ်ပါနဲ့ ခင်ဗျာ"

ကျင်းဖုံးက ကွမ်းကြိုးစန်းအား ကပျာကယာ ဖေးမလိုက်သည်။

ကျိုးလွေကလည်း ထိုင်ရာမှ ထရပ်လိုက်လေသည်။

ကျင်းဖုံးက ရဲဝံ့တည်ကြည်စွာ ပြောလိုက်သည်။

"တိမ်နဂါးဂိုဏ်းကို ချေမှုန်းပြီး ဦးရဲ့သမီးကို ဘေးမသီ ရန်မခ ကယ်တင်လာခဲ့မယ်လို့ ကျွန်တော်ကတိပေးပါတယ်"

ကျိုးလွေ မျက်နှာပျက်သွားသည်။

ကျင်းဖုံးသည် ကွမ်းကြိုးမေအား ကယ်တင်နိုင်ခဲ့လျှင် အကြောင်းမဟုတ်ပါ။

ကယ်တင်ခြင်း မပြုနိုင်ခဲ့လျှင်...

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဖုံးသည် သွေးတောင်ကုန်းပေါ်မှ ဘယ်သောအခါမှ ပြန်ဆင်းလာနိုင်တော့မည် မဟုတ်ကြောင်း နားလည်ထားသည်။

ကျင်းဖုံးကား သွေးတောင်ကုန်းသို့ သွားကာ တိမ်နဂါးဂိုဏ်းနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်ပြီး ဖြစ်လေသည်။

♠ ♠ ♠

လေတဟူးဟူး တိုက်ခတ်နေ၏။

ကျင်းဖုံး၏အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်နေလေသည်။

သွေးတောင်ကုန်းပေါ်သို့ ခြေချမိလိုက်သည်နှင့် ကျောခိုင်းကာ ရပ်နေသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူသည် ကျောခိုင်းထားသော်လည်း ကျင်းဖုံး ရောက်ရှိလာသည်ကို သိရှိနေလေသည်။

"မင်းရောက်လာပြီကိုး"

"ဟုတ်တယ်"

"ပညာမဲ့ကျမ်းကော ပါသလား"

"ပါတယ်၊ ကွမ်းကြိုးစန်းရဲ့သမီး ဘယ်မှာလဲ၊ သူ့ကို တွေ့ရမှ ဖြစ်မယ်"

"ကောင်းပြီ"

ထိုလူက လက်ညှိုးဖြင့် အရှေ့ဘက်သို့ ညွှန်ပြလိုက်သည်။



ကျင်းဖုံး လှမ်းကြည့်လိုက်သည်။

ထိုအခါ...

သစ်ပင်တစ်ပင်၌ ကြိုးများဖြင့် ချည်နှောင်ထားခြင်း ခံနေရသော မိန်းမချောလေးတစ်ယောက်အား တွေ့လိုက်ရလေတော့သည်။

သူမသည် ပွဲစားကြီးကွမ်ကြိုးစန်းနှင့် ရုပ်ချင်းဆင်သဖြင့် ကွမ်းကြိုးမေဖြစ်ကြောင်း ကျင်းဖုံး နားလည်လိုက်သည်။

"သိုင်းကျမ်း ကျုပ်ကိုပေးပါ၊ ဟိုမိန်းကလေးကို ခေါ်ပြီး မင်းထွက်သွားနိုင်ပါပြီ"

ကျောခိုင်းထားသူ၏စကားသံ ထွက်ပေါ်လာ၏။

ကျင်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က သည်အတိုင်း ဘယ်ထွက်သွားနိုင်ပါ့မလဲဗျာ"

"ဘာကွ"

"ခင်ဗျားကို ဆုံးမပြီးမှ သည်နေရာက ထွက်သွားမယ်"

ကျင်းဖုံး၏စကားအဆုံးတွင် ထိုလူက ဟားတိုက်ရယ်မောလိုက်လေ၏။

"ဟား..ဟား..ဟား"

သူ၏ရယ်မောသံသည် သွေးတောင်ကုန်းတစ်ခုလုံး ပြိုကျသွားတော့မတတ် ကျယ်လောင်နေပါတော့သည်။

"ကျုပ်လွှတ်လိုက်တဲ့ လူတစ်ယောက်ကို အနိုင်ယူနိုင်ခဲ့လို့ မင်းက ဘဝင်မြင့်နေတာကိုး၊ ကျင်းဖုံး ပညာမဲ့ကျမ်းကို ရက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



လပိုင်းအတွင်း လေ့ကျင့်တတ်မြောက်သွားမယ် ထင်ရင် မှားသွားမှာပေါ့"

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မမှားဘူး၊ တကယ်တမ်း မှားနေတာ ခင်ဗျားပဲ၊ ကျုပ်က ပညာမဲ့ကျမ်းကို တတ်မြောက်ခဲ့ပြီ၊ ခင်ဗျားလက်တွေ့သိရလိမ့်မယ်"

ယခုမှ ဂိုဏ်းချုပ်၏မျက်နှာကို သေသေချာချာ တွေ့မြင်လိုက်ရသည်။

ဤတွင်...

"ခင်..ခင်ဗျား လူယုတ်မာကြီး"

ကျင်းဖုံး ကျယ်လောင်စွာ အော်ပြောလိုက်မိလေတော့သည်။

♠ ♠ ♠



ဖခင်ကြီးကျင်းရှောင်အား အကောက်ကြံကာ လုပ်ကြံခဲ့သည့် လူယုတ်မာသည် တိမ်နဂါးဂိုဏ်းချုပ် ကျူးခုံး ဖြစ်နေပါသည်။

ဖခင်ကြီးအား လုပ်ကြံသည့်ကိစ္စ မပေါ်ပေါက်ရလေအောင် သူ့အား နှုတ်ပိတ်ခဲ့သည်ကိုလည်း ကျင်းဖုံး ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါချေ။

"ခင်ဗျားတော်တော်ရက်စက်ယုတ်မာတဲ့လူပဲ"

သူက ဒေါသတကြီး ပြောလိုက်လေသည်။

"ဟား..ဟား..ဟား"

ကျူးခုံး ဟားတိုက်ရယ်မောလိုက်၏။

"ပညာမဲ့ကျမ်းကို ရဖို့ ငါ ဘာမဆို လုပ်တယ်ဆိုတာ မှတ်ထားစမ်းပါ"

"တောက်.. ကျုပ်ရဲ့အဖေကို ခင်ဗျားသတ်ထားတာ ကျုပ်ဘယ်တော့မှ မကျေဘူး"

"ဟား..ဟား..ဟား၊ မင်း ဘာတတ်နိုင်မှာမို့လဲ၊ အခုချိန်ထိ ငါ့လက်က လွတ်ပြီး အသက်ရှင်နေသေးတာပဲ ကံကောင်းလှပြီ မှတ်ပါ၊ တစ်ခုတော့ ရှိတယ်၊ မင်းက ပညာမဲ့ကျမ်းကို လိမ်လိမ်မာမာနဲ့ ပေးမယ်ဆိုရင် ပွဲစားကြီးသမီးကိုကော မင်းကိုပါ အသက်ချမ်းသာပေးမယ်"

သူက အသားများ တဆတ်ဆတ်တုန်သည်အထိ ဒေါသထွက်လာလေသည်။

အံကို တင်းတင်းကြိတ်ကာ အကျီရင်ဘတ်ကြား၌ သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆည်းထားသော ပညာမဲ့ကျမ်းကို ထုတ်ယူလိုက်သည်။

"ဟောသည်မှာ ခင်ဗျားလိုချင်နေတဲ့ ပညာမဲ့ကျမ်း"

အပေါ်မြှောက်ကာ ဝှေ့ယမ်းပြလိုက်လျှင်...

"ငါ့ကိုပေး"

ကျူးခုံးက ဝမ်းသာအားရဖြင့် ရှေ့တိုးလာ၏။

"ရော့..ယူပေတော့"

ကျင်းဖုံးက သိုင်းကျမ်းကို ပေးမလိုနှင့် လက်ဝါးနှစ်ဖက်ကြားညှပ်ကာ ရိုက်ချလိုက်လေ၏။

"ဝုန်း"

ပြင်းထန်လှသော ရိုက်ချက်ကြောင့် ပညာမဲ့ကျမ်း အစိတ်စိတ်အမွှာမွှာ ဖြစ်သွားကာ လိပ်ပြာလေးများပမာ အရပ်လေးမျက်နှာဆီသို့ လွင့်ပျံ့သွားတော့သည်။

"မင်း..မင်း"

ပညာမဲ့ကျမ်းအား ဆုံးရှုံးလိုက်ရသောကြောင့် ကျူးခုံးမှာ ဆောက်တည်ရာမရ ဖြစ်ကာ စကားပင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားလေသည်။

ကျင်းဖုံး ရယ်မောလိုက်၏။

"ခင်ဗျားဟာ အကျင့်ဆိုးရှိတဲ့ လူတစ်ယောက် ဖြစ်တာမို့ ပညာမဲ့ကျမ်းကို ကျူပ်အဖေက ဆရာဆီက ရလာတာကို ခင်ဗျားမကျေနပ်ဘူး"

"အချင်းချင်း သစ္စာစောင့်ထိန်းခြင်း မရှိဘဲ ကျုပ်အဖေကိုလဲ



အကောက်ကြံလိုက်တယ်၊ ဒါပေမယ့် နောက်ဆုံးတော့လဲ ခင်ဗျားလိုချင်တဲ့ ပညာမဲ့ကျမ်းကို မရနိုင်တော့ဘူး မဟုတ်လား"

ကျူးခုံး၏အသားများ တဆတ်ဆတ်ဖြင့် တုန်ယင်လာလေသည်။

"မင်းသေဖို့သာ ပြင်ထား"

ဒေါသတကြီး အော်ငေါက်ကာ ကျင်းဖုံးထံသို့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ထိပ်သီးသိုင်းသမားတစ်ယောက်ပင် ဖြစ်ပါစေ အကြီးအကျယ် ဒေါသထွက်သည့်အခါ ဆင်ခြင်တုံတရား ကင်းမဲ့သွားပြီး အမှားအယွင်းများ ပြုလုပ်မိတတ်သည် မဟုတ်ပါလား။

ကျင်းဖုံးမှာ ပညာမဲ့ကျမ်းကို လေ့ကျင့်တတ်မြောက်ထားသော်လည်း ကျူးခုံးနှင့် ရင်ဆိုင်ရာ ကိုယ့်ကိုယ်ကို စိတ်မချနိုင်အောင် ဖြစ်နေပါသည်။

ထို့ကြောင့်လည်း ကျူးခုံးမှာ အမှားပြုလုပ်မိစေရန် ပညာမဲ့ကျမ်းကို ဖျက်ဆီးကာ ထောင်ချောက်ဆင်လိုက်ခြင်း ဖြစ်သည်။

သူ၏ထောင်ချောက်ထဲသို့ ကျူးခုံးကလည်း တန်းတန်းမတ်မတ် ဝင်ရောက်လာသည်။

ကျင်းဖုံးသည် ကျူးခုံး၏တိုက်ကွက်ကို ဖျက်ဆီးကာ ရှောင်တိမ်းလိုက်ပြီး ပညာမဲ့ကျမ်းကို အသုံးပြုကာ လက်ဝါးနှစ်ဖက် ရိုက်ထုတ်လိုက်လေသည်။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

"အား"

ကျူးခုံးမှာ ရူးရှစွာ အော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ကျူးခုံးက ခုန်ထလိုက်၏။

သူ၏မျက်လုံးများ ပြူးကျယ်နေပြီး ကျင်းဖုံးကို မယုံကြည်နိုင်စွာ ကြည့်နေ၏။

ကျင်းဖုံးမှာလည်း ယခုကဲ့သို့ အနိုင်ရလိမ့်မည်ဟု မယုံနိုင်အောင် ဖြစ်နေ၏။

ကျူးခုံး၏မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေ၏။

"မင်း..."

သူ၏စကားဆုံးအောင် မပြောနိုင်တော့ဘဲ ခန္ဓာကိုယ် တုန်ခါသွားပြီး မြေပေါ်သို့ လဲကျသွားလေတော့၏။

♠ ♠ ♠



ကျူးခုံး...။

တိမ်နဂါးဂိုဏ်းချုပ်ကျူးခုံးသည် ကျင်းဖုံးတို့ အိမ်သို့ ဖခင်ကြီးကျင်းရှောင်၏ပညာသင်ဘက် ညီအစ်ကို ကျူးနန်စိမ်းအဖြစ် ရောက်ရှိလာခဲ့သူပင် ဖြစ်ပါသည်။

ကျူးခုံး(ဝါ)ကျူးနန်စိမ်းက ပညာမဲ့သိုင်းကျမ်းအတွက် ကျင်းရှောင်အား သတ်ပစ်ခဲ့သည်။

ကျင်းရှောင် သေဆုံးသွားသကဲ့သို့ ကျင်းဖုံးလည်း အသက်လု ထွက်ပြေးရကာ အခက်အခဲ အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရလေသည်။

ကျင်းဖုံး ကံကောင်းပြီး ရှမ်းကျူးနှင့် ဆုံစည်းမိကာ အခြေခံသိုင်းပညာများ ရရှိခဲ့သည်။

ကျိုးလွေကဲ့သို့ သူငယ်ချင်းကောင်းတစ်ယောက် ရရှိခဲ့သည်။

တစ်ဖန်...

ဖခင်ကြီးကျင်းရှောင် သိမ်းဆည်းထားခဲ့သော ပညာမဲ့သိုင်းကျမ်းကို ရှာဖွေတွေ့ရှိကာ ထိပ်တန်းသိုင်းပညာများ တတ်မြောက်ခဲ့သည်။

ပွဲစားကြီးကွမ်းကြူးစန်းအား ကူညီရင်း မဟာရန်သူတော်ကြီး ကျူးခုံး(ဝါ)ကျူးနန်စိမ်းနှင့် ပြန်လည်ဆုံစည်းမိကာ ဆုံးမနိုင်ခဲ့ပြီဖြစ်လေသည်။

ကျူးခုံး(ဝါ)ကျူးနန်စိမ်း သေဆုံးသွားခြင်းကြောင့် တိမ်နဂါး

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသည်လည်း အလိုလို ပျက်စီးပြိုကွဲသွားတော့မည် ဖြစ်လေသည်။

♠ ♠ ♠

ကွမ်းကြိုးစန်း ဝမ်းသာအားရ ဖြစ်နေ၏။

သမီးဖြစ်သူ အန္တရာယ်ကင်းစွာ လွတ်မြောက်လာခဲ့ပြီ မဟုတ်ပါလား။

သူတို့အား ကူညီခဲ့သည့် ကျင်းဖုံးအား ကျေးဇူးတင်၍မဆုံး ဖြစ်နေ၏။

ကျိုးလေ့လည်း ဝမ်းသာအားရ ဖြစ်နေသည်။

ကွမ်းကြိုးစန်းက...

"မောင်ရင်လေးရဲ့ ကျေးဇူးကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူး၊ ကျုပ်အိမ်ကို လိုက်ခဲ့ပါ၊ မောင်ရင်လေးကို ပြုစုပါရစေ"

ဟု ဖိတ်ခေါ်သော်လည်း ကျင်းဖုံး လက်မခံပါ။

ကျိုးလေ့က...

"ကျင်းဖုံး၊ မင်းဟာ ပြိုင်ဘက်ကင်းတဲ့လူ ဖြစ်နေပြီ၊ သိုင်းလောကမှာ.."

သူ၏စကားမဆုံးမီ ကျင်းဖုံး ကြားဖြတ်ပြောလိုက်၏။

"ငါက သိုင်းလောကထဲမှာနေမှာ မဟုတ်ဘူး"

"ဒါဖြင့် မင်းက.."



"ငါက လူသူကင်းဝေးတဲ့ တောထဲတောင်ထဲသွားပြီး အေးအေးချမ်းချမ်းနေတော့မယ်"

ဤတွင် ကျိုးလေ့က...

"ဒါဆို ငါလဲ လိုက်မယ်"

နှစ်ယောက်သား ကွမ်းကြိုးစန်းအား နှုတ်ဆက်ကာ ထွက်သွားကြတော့သည်။

သူတို့သည် လူသူကင်းဝေးသည့် တောတောင်ထဲသွားကာ အေးချမ်းပျော်ရွှင်စွာ အမှန်ပင် နေလိုက်ကြ၏။

သို့သော်...

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



## တကျော့ပြန်

"ဂျိန်း"

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်သွားပြီး လေပြင်း တိုက်ခတ်လာသည်။

မိုးဥတု အချိန်ကာလသို့ ရောက်ရှိလာပြီ ဖြစ်ပါ၏။

ကျင်းဖုံးသည် အိမ်တံခါးပေါက်မှ နေ၍ မိုးရေစက်များကြားမှ တောင်ပေါ်တက်သည့် လမ်းကလေးဆီသို့ ကြည့်နေ၏။

ကျုံးလွေ ရိက္ခာဝယ်ရန် ထွက်သွားသည်မှာ ငါးရက် ရှိသွားပြီ ဖြစ်လေသည်။

"ငါးရက်တောင် ရှိသွားပြီ၊ ကျုံးလွေ ခုထိ ပြန်မလာသေးဘူး၊ ဘာများ ဖြစ်လို့ပါလိမ့်"

ကျုံးလွေအတွက် ပူပန်စွာ ရေရွတ်မိလေ၏။



ခါတိုင်းဆိုလျှင် နှစ်ရက် သို့မဟုတ် သုံးရက် ကြာလျှင် ပြန်ရောက်လာစမြဲ ဖြစ်လေသည်။

ယခု အချိန်တန်ပါလျက် ကျုံးလွေက တောင်ပေါ်သို့ ပြန်ရောက်မလာသည်မှာ...

ကျင်းဖုံး ကြည့်နေစဉ်မှာပင် တောင်ပေါ်သို့ တက်လာသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

"ကျုံးလွေ"

ကျင်းဖုံး လွှတ်ခနဲ ရေရွတ်လိုက်သည်။ မှန်ပေသည်။

တောင်ပေါ်သို့ တက်လာသူမှာ ကျုံးလွေ ဖြစ်ပေသည်။

သူမျှော်လင့်နေသော ကျုံးလွေ ပြန်ရောက်လာသဖြင့် ဝမ်းသာသွားသည်။

အိမ်တံခါးပေါက်သို့ ထွက်လိုက်စဉ် ကျုံးလွေ မြေပေါ် လဲကျသွားသည်ကို တွေ့လိုက်ရလေ၏။

"ဟင်"

ကျင်းဖုံး အံ့သြသွားသည်။

ကျုံးလွေ အဘယ်ကြောင့် မြေပေါ် လဲကျသွားရပါသနည်း။

စားနပ်ရိက္ခာ သွားဝယ်သည် ဖြစ်သော်လည်း အထုပ်အပိုးများ ပါမလာချေ။

ကျင်းဖုံး မနေနိုင်တော့ဘဲ မိုးရေထဲသို့ ပြေးထွက်သွားလိုက်လေသည်။

လဲကျသွားသော ကျုံးလွေကား ပြန်မထလာနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျိုးလွှေ၊ မင်း ဘယ်လိုဖြစ်တာလဲ"

ကျင်းဖုံးသည် ရွှံ့ဗွက်ထဲ လဲကျနေသည့် ကျိုးလွှေအား ဖေးမလိုက်လေသည်။

ကျိုးလွှေ၏တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေလေသည်။

"ကျင်းဖုံး"

အားယူကြိုးစားကာ ခေါ်လာလေသည်။

"ကျိုးလွှေ၊ မင်း ဘယ်လို ဖြစ်တာလဲ"

"ငါ...ငါ"

ကျိုးလွှေသည် တစ်စုံတစ်ခု ပြောရန် ကြိုးစားသော်လည်း မပြောနိုင်တော့ပါ။ ကျင်းဖုံး၏လက်ထဲ၌ပင် ခေါင်းငိုက်စိုက်ချကာ သေဆုံးသွားလေတော့သည်။

"ကျိုးလွှေ...ကျိုးလွှေ"

ကျင်းဖုံး အထိတ်တလန့် ခေါ်လိုက်သည်။

သူ၏ခေါ်သံကို ကျိုးလွှေ ကြားနိုင်တော့မည် မဟုတ်ချေ။

♠ ♠ ♠

မိုးသည် သည်းထန်စွာ ရွာသွန်းချလိုက်ပြီး မကြာခင် ရပ်တန့်သွားသည်။

မိုးတိတ်သွားပြီ ဖြစ်သလို ကျိုးလွှေ၏အလောင်းကိုလည်း မြှုပ်နှံသင်္ဂြိုဟ် ပြီးသွားပြီဖြစ်၏။



ကျင်းဖုံးသည် မြေပုံရှေ့၌ ဒူးထောက်ကာ ငိုင်နေ၏။

သူနှင့်အတူ နှစ်ပေါင်းများစွာ လက်တွဲနေထိုင်လာခဲ့သော မိတ်ဆွေသူငယ်ချင်း ကျိုးလွှေသည် သူ့အား ကျောခိုင်းစွန့်ခွာသွားခဲ့ပြီ ဖြစ်လေသည်။

ကျိုးလွှေနှင့် နှစ်ပေါင်းအတန်ကြာ အတူလက်တွဲနေလာသောအခါ ညီအစ်ကိုများကဲ့သို့ ဖြစ်လာခဲ့သည်။

ယခုတော့ ကျိုးလွှေ သေဆုံးသွားပြီ ဖြစ်၏။

ကျိုးလွှေအား မည်သူက သတ်ပစ်လိုက်ပါသနည်း။

ကျင်းဖုံးသည် ကျိုးလွှေ၏မြေပုံကို ဦးညွှတ်လိုက်သည်။

"ကျိုးလွှေ၊ မင်းကို ဒုက္ခပေးတဲ့ လူကို ရှာဖွေထုတ်ပြီး ဆုံးမပေးမယ်လို့ ကတိပေးပါတယ်ကွာ"

ကျင်းဖုံး၏နှုတ်မှ တိုင်တည်ပြောဆိုလိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟူး...ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေ၏။

ကျင်းဖုံး လှည့်ကြည့်လိုက်သောအခါ တောင်ပေါ်သို့ ရောက်ရှိလာသူသုံးယောက်အား တွေ့မြင်လိုက်ရလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား လေတိုးသံများနှင့်အတူ တောင်ပေါ်သို့ လူသုံးယောက် ရောက်ရှိလာလေသည်။

ထိုလူသုံးယောက်မှာ အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားကြပြီး ကြောက်မက်ဖွယ်ကောင်းသည့်အသွင် မျက်နှာဖုံးစွပ်ထားကြလေသည်။

သူတို့၏လက်ထဲ၌ ဓားကိုယ်စီ ဆွဲကိုင်ထားကြပြီး ကျင်းဖုံးအနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာကြ၏။

ကျင်းဖုံး ဒူးထောက်ရာမှ ထလိုက်လေသည်။

အနက်ရောင်ဝတ်ထားသူသုံးယောက်နှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

ထိုလူသုံးယောက်သည် စကားတစ်လုံးမျှ မပြောဘဲ ဓားများဝှေ့ယမ်းကာ ကျင်းဖုံးအား စတင်တိုက်ခိုက်လိုက်ကြလေသည်။

"ဝှစ်..ဝှစ်..ဝှစ်"

ဓားရောင်များ ဝင်းလက်သွားလေသည်။

ပြင်းထန်သော ဓားချက်များသည် ကျင်းဖုံး ကိုယ်ခန္ဓာပေါ်သို့ ကျရောက်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက် ရောက်လာပြီး တိုက်ခိုက်လိုက်ကြသောအခါ ပြန်လည်ခုခံတိုက်ခိုက်ရန် စိတ်မကူး ချေ။

သို့သော် ကျုံးလွှေ အသတ်ခံခဲ့ရသည့် ကိစ္စကို ဖြေရှင်းရ တာဝန်ရှိနေခြင်းကြောင့် အနက်ရောင်ဝတ်ဆင်ထားသူများ၏ တိုက်



ခိုက်မှုကို ခေါင်းငုံ့မခံနိုင်တော့ပါချေ။

"ဟိတ်"

ကျင်းဖုံးသည် ညာသံတစ်ချက်ပေးကာ တိမ်းရှောင်ပေးလိုက်၏။

သူ၏လှုပ်ရှားမှုမှာ လျင်မြန်လွန်းသဖြင့် အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက် ရှေ့မှောက်မှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

"ဟင်"

"ဟာ"

အနက်ရောင်ဝတ်ထားသူသုံးယောက် အံ့သြသွားကြ၏။

ဟိုဟိုသည်သည် ကြည့်တော့မှ မလှမ်းမကမ်း၌ ကျောခိုင်းကာ ရပ်နေသော ကျင်းဖုံးကို တွေ့မြင်သွားကြ၏။

"ဟိုမှာ"

"မလွတ်စေနဲ့"

သုံးယောက်သား တစ်ဟုန်ထိုး ပြေးသွားကာ တိုက်ခိုက်လိုက်ကြပြန်လေသည်။ ကျင်းဖုံး မလှုပ်မယှက် ရပ်နေသည်။

"ယား"

အနက်ရောင် ဝတ်ထားသူသုံးယောက်သည် အနီးသို့ ရောက်ရှိလာကြပြီး ဓားကိုယ်စီဖြင့် တိုက်ခိုက်လိုက်ကြလေသည်။

ကျင်းဖုံးက ချာခနဲ လှည့်လိုက်သည်။

သူ၏လက်တစ်ဖက် ဝှေ့ယမ်းပြီးသား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချွမ်း..ချွမ်း"

"ဝုန်း"

"အား"

"အမယ်လေး"

ရှုးရှကျယ်လောင်သော အသံများ တခဲနက် ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်ထားသူသုံးယောက် လူတခြား ဓားတခြား ဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားကြတော့သည်။

ကျင်းဖုံးသည် အနိုင်ရလိုက်သော်လည်း ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

ထိုလူသုံးယောက်သည် မြေပေါ်မှ လူးလှိမ့်ထလာကြလေသည်။

ကျင်းဖုံးအား မယှဉ်နိုင်မှန်း နားလည်သွားကြသည့်အလား ထပ်မံတိုက်ခိုက်ရန် မကြိုးစားတော့ဘဲ ဒရောသောပါး ပြေးသွားကြလေတော့သည်။

♠ ♠ ♠



ယခုနှစ် မိုးရာသီမှာ မိုးများသည့်သဘော ရှိလေသည်။

မိုးရေစက်များ တဖျောက်ဖျောက် ကျဆင်းနေသည်။

လမ်းသွားလမ်းလာများသည် မိုးရေစက်များအောက်မှ ခပ်သုတ်သုတ်သွားလာနေကြလေသည်။

ကျင်းဖုံးသည် ရွှံ့အိုင်ဗွက်အိုင်များကို ကျော်ဖြတ်ပြီး လမ်းတစ်ဖက်သို့ ကူးကာ စားသောက်ဆိုင်လေးထဲသို့ ဝင်လိုက်လေသည်။

ထိုဆိုင်ကလေးကား သူနှင့် ကျုံးလွေတို့ ရိက္ခာလာဝယ်တိုင်း လာရောက်စားသောက်လေ့ရှိသော ဆိုင်ကလေး ဖြစ်ရာ ဆိုင်လုလင်များသည် ကျင်းဖုံးကို ကောင်းစွာ မှတ်မိနေကြလေတော့သည်။

ကျင်းဖုံးသည် စားသောက်ဖွယ်ရာများ မှာကြားလိုက်သော်လည်း စားသောက်လိုစိတ် မရှိပါချေ။

မျက်မှန်းတန်းမိသော ဆိုင်လုလင်တစ်ယောက်ကို တွေ့ရသည့်အခါ ခေါ်ပြီး မေးမြန်းလိုက်၏။

"ညီလေး၊ မင်းတို့ဆီကို ကျုပ်သူငယ်ချင်းများ လာသွားသေးသလားကွ"

ဆိုင်လုလင် ချက်ချင်းခေါင်းညိတ်လိုက်လေသည်။

"လာသွားပါတယ်၊ တစ်ရက် နှစ်ရက်လောက်ပဲ ရှိပါသေးတယ်၊ အစ်ကိုလေးတို့ အတူတူ ရိက္ခာလာဝယ်ကြတာ မဟုတ်လား"

"မဟုတ်ဘူး၊ သူတစ်ယောက်တည်းလာတာ"

"ဩော်..အခု သူပြန်ရောက်မလာလို့ အစ်ကိုလေး လိုက်လာတာလား"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဖုံးက ချော်လဲရောထိုင် သဘောမျိုး ပြောလိုက်၏။

"ဟုတ်တယ်ကွ၊ သူ သည်ဆိုင်ကို နောက်ဆုံး ဘယ်အချိန်က ရောက်လာသလဲ၊ ဘယ်လို ထူးခြားမှုတွေ ရှိသလဲဆိုတာ သတိထားမိရင် ပြောပြစမ်းပါ"

ရင်းနှီး၍ အကူအညီတောင်းသည့် သဘောမျိုးကြောင့် ဆိုင်လုလင် မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်သည်။

"ထူးခြားတာကတော့ မရှိပါဘူး၊ ဒါပေမယ့် မနေ့က.. အို.. မဟုတ်ဘူး၊ တစ်နေ့က သူ ဆိုင်မှာ လာစားသောက်ပြီးတော့ လူတစ်ယောက်နဲ့ လိုက်သွားတယ်၊ ကျွန်တော်က အစ်ကိုလေးလို့တောင် ထင်မိသေးတယ်၊ ဒါပေမယ့် သူ့ကို လာခေါ်သွားတဲ့လူဟာ မျက်နှာစိမ်းတစ်ယောက် ဖြစ်နေတယ်"

ကျူးလွှနှင့် ပတ်သက်ပြီး သဲလွန်စ ရလာပြီ ဖြစ်၍ ကျင်းဖုံး အားတက်သွားလေသည်။

"အဲသည်လူရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါဦး၊ ကျူးလွှကို ဘာကြောင့် ခေါ်သွားရတာလဲ"

ဆိုင်လုလင် ခေါင်းခါယမ်းလိုက်လေသည်။

"ဘာကြောင့် လာခေါ်သွားသလဲဆိုတော့ ကျွန်တော်လဲ မသိပါဘူး၊ သူ့ကိုခေါ်သွားတဲ့လူဟာ.."

ဆိုင်လုလင်၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ကမန်းကတန်း ညွှန်ပြလိုက်ရလေသည်။



"ဟိုလူ..ဟိုလူ အစ်ကိုလေး သူငယ်ချင်းကို ခေါ်သွားတာ ဟိုလူပဲ"

ကျင်းဖုံး လှမ်းကြည့်လိုက်သောအခါ ထီးတစ်လက်ဆောင်းထားသူတစ်ယောက်သည် ဆိုင်ရှေ့မှ ဖြတ်ကာ လမ်းကြားလေးတစ်ခုတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားသည်ကို တွေ့လိုက်ရလေသည်။

"မင်းသေချာရဲ့လား"

"သေချာပါတယ် အစ်ကိုလေး၊ အဲသည်လူမှ အဲသည်လူ အစစ်ပါ၊ သူခေါ်သွားတာပါ"

ကျင်းဖုံးမှာ မှာကြားထားသော စားစရာများအတွက် အခကြေးငွေပေးချေရန်ပင် မေ့လျော့သွားလေ၏။

ချက်ချင်းပင် ထိုင်နေရာမှထကာ ဆိုင်ထဲမှ တဟုန်ထိုး ပြေးသွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



လမ်းကလေးအတွင်း၌ လူရှင်းနေသည်။

ထီးဆောင်းထားသူက မိုးရေစက်များ အကြားမှ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းသွားနေ၏။

ကျင်းဖုံးက ပြောလိုက်လေသည်။

"မိတ်ဆွေ ခဏနေပါဦးဗျာ"

သူ၏အသံကြောင့် ထိုလူ ခြေလှမ်းရပ်သွားလေ၏။

ကျင်းဖုံးလည်း ထိုလူ၏ရှေ့သို့ ရောက်ရှိသွား၏။

ထိုလူမှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး အသက်လေးဆယ်ခန့်ရှိသူ ဖြစ်လေသည်။

စာပေသမား တစ်ယောက်အသွင်ရှိပြီး သဘောမနော ကောင်းမည့်သူ ဖြစ်ပုံရလေသည်။

ထိုလူက ကျင်းဖုံးအား ပြုံးပြလိုက်သည်။

"ဘာများ အကူအညီပေးရမလဲဆိုတာ ပြောပါ မိတ်ဆွေ"

ဟု ပြောလာ၏။ ကျင်းဖုံးက ဦးညွှတ်လိုက်သည်။

"ကျုပ် မေးစရာလေး တစ်ခုရှိလို့ပါ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကျုပ်ရဲ့မိတ်ဆွေ ကျုံးလွေကို စားသောက်ဆိုင်ထဲကနေ ခင်ဗျားခေါ်သွားတယ်လို့ သိရပါတယ်"

ထိုလူ မျက်မှောင်ကြုတ်သွားသည်။

"ကျုံးလွေ ဟုတ်လား"

ဟု မေး၏။ ကျင်းဖုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားနဲ့ ကျုံးလွေ ဘယ်လိုပတ်သက်ခဲ့



သလဲဆိုတာ သိချင်လို့ပါ"

ထိုလူ သက်ပြင်းချလိုက်လေသည်။

"ကျုပ်က ကျုံးလွေကို မသိဘူး၊ ကျုပ်သိတာ ကျင်းဖုံးပါ"

"ဗျာ"

"ကျုပ်က ကျင်းဖုံး ဘယ်မှာ ရှိသလဲဆိုတာ သိချင်လို့ ကျင်းဖုံးနဲ့ ရင်းနှီးတဲ့သူကို မေးကြည့်တာပါ"

ဟု ပြော၏။

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။

"ဒါ...ဒါဆို"

ထိုလူ ရယ်မောလိုက်သည်။

"ကျင်းဖုံး အကြောင်းကို သူက ကောင်းကောင်း မပြောချင်ဘူး၊ ဒါကြောင့် သူ့ကို နည်းနည်းလောက် ဆုံးမလိုက်ရတယ်၊ အင်း.. သူက ခံနိုင်ရည် မရှိတော့ ခုချိန်လောက်ဆို သေသွားလောက်ပြီပေါ့"

"ခင်..ခင်ဗျား"

ကျင်းဖုံး ဒေါသထွက်သွားလေသည်။

ကျုံးလွေအား ဒုက္ခပေးခဲ့သူအား ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရပြီ မဟုတ်ပါလား။

ကျင်းဖုံး တစ်ကိုယ်လုံး ဆူပွက်သွားသည်။

အသက်ရှူ မြန်လာပြီး တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာသည်။

သို့သော် စိတ်ကို ချုပ်တည်းကာ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းဖုံးကို ဘာကြောင့် တွေ့ချင်ရတာလဲ၊ ကျင်းဖုံးကို တွေ့ချင်တာကြောင့် ကျုံးလွှေကို ဒုက္ခပေးခဲ့ရတာ ဘာ့ကြောင့်လဲ"

ထိုလူ ပခုံးတွန့်လိုက်သည်။

"ကျုံးလွှေ ခံနိုင်ရည် မရှိလို့ သေသွားနိုင်တာပါ၊ ကျုပ် သူ့ကို ဂရုမစိုက်ပါဘူး၊ ကျင်းဖုံးကိုသာ လိုချင်တာပါ၊ သူ့ကို တွေ့တာနဲ့ ကျုပ်အတွက် ငွေအတော်များများ ရလိမ့်မယ်လေ"

ကျင်းဖုံး အံ့သြသွားလေသည်။

"ကျင်းဖုံးကို တွေ့တာနဲ့ ငွေရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ခင်ဗျား ငွေရဖို့သာ ပြင်ထားပေတော့"

ထိုလူက ကျင်းဖုံးအား စိုက်ကြည့်လိုက်၏။ ပြီးလျှင်...

"မင်းက ကျင်းဖုံး မဟုတ်လား"

ဟု မေးလေ၏။ ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ထိုလူက ပြုံးလိုက်ပြီး သူဆောင်းထားသော ထီးကို ပိတ်လိုက်လေသည်။ ဤတွင်...

မိုးရေစက်များကြားမှ ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာပြီး အနက်ရောင်ဝတ်ဆင်ထားသူတစ်စု ပြေးလွှား ရောက်ရှိလာကြကာ ကျင်းဖုံးအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

♠ ♠ ♠



ကျင်းဖုံး မလှုပ်မယှက် ရပ်နေလိုက်သည်။

မိုးရေစက်များသည် သူ၏ခန္ဓာကိုယ်ပေါ်သို့ တဖွဲဖွဲကျလာ၏။ ထီးနှင့်လူက ပြုံးလိုက်သည်။

"မင်းက ကျင်းဖုံးဆိုရင် ကျုပ် ငွေရတော့မှာပေါ့လေ"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က ကျင်းဖုံးပါ၊ ဒါထက် ခင်ဗျားက ကျုပ်ကို တွေ့တာနဲ့ ငွေရမယ်ဆိုတာ အကြောင်းတော့ ရှိမယ် ထင်တယ်"

"သိပ်မှန်တာပေါ့၊ မင်းကို သတ်ပေးနိုင်ရင် ကျုပ်အတွက် ငွေငါးသောင်းရမယ်လေ"

ကျင်းဖုံး ပခုံးတွန့်လိုက်လေသည်။

"ကျုပ်က ငွေငါးသောင်းတန်တယ်ဆိုတာ ခုမှ သိရတော့တယ်၊ ဒါထက် ဘယ်သူကများ ခင်ဗျားကို ငွေပေးပြီး ခိုင်းတယ်ဆိုတာ မသိရဘူးလား"

ဟု မေးလိုက်၏။

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"မင်းသိတော့ကော ဘာများ ထူးခြားလာမှာမို့လဲ၊ လူသေအတွက် ဘာများ အဓိပ္ပါယ်ရှိတော့မှာမို့လဲ"

ကျင်းဖုံးက ပြုံးလိုက်သည်။

"ကျုပ်သေသွားရင် အကြောင်း မဟုတ်ဘူးပေါ့ဗျာ၊ ကျုပ် မသေခဲ့ဘူးဆိုရင်"

သူ စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသေသွားရမှာပါ"

"ထားပါတော့လေ၊ ကျုပ်သေသွားရင် အကြောင်း မဟုတ်ဘူးပေါ့ဗျာ၊ မသေခဲ့ဘူးဆိုရင်တော့ ဘယ်သူက ငွေပေးပြီး ကျုပ်ကို လုပ်ကြံခိုင်းတယ်ဆိုတာ ခင်ဗျားပြောပြရလိမ့်မယ်"

ဟု ပြောလိုက်၏။

ထိုအခါ ထိုလူက ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ မင်းအသက်ရှင်သန်အောင် အစွမ်းကုန်ကြိုးစားပေတော့"

အနက်ရောင်ဝတ်ဆင်ထားသူများအား မျက်ရိပ်ပြလိုက်သည်နှင့် အနက်ရောင်ဝတ်ဆင်ထားသူများသည် ဖြသံပေးကာ ကျင်းဖုံးအား ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

အနက်ရောင်ဝတ်ဆင်ထားသူ နှစ်ယောက်တိတိ ရှိပြီး ဓားကိုယ်စီဖြင့် စုပေါင်းတိုက်ခိုက်လိုက်ကြခြင်း ဖြစ်ရာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပေတော့သည်။

ထိုလူများ၏ တိုက်ခိုက်မှုကြောင့် ကျင်းဖုံး ချက်ချင်း လဲကျသေဆုံးသွားရတော့မည်ဟုပင် ထင်စရာ ရှိလေသည်။

သို့သော် ကျင်းဖုံးကား ကြောက်ရွံ့ခြင်း မရှိသည့်အပြင် တည်ကြည်သော မျက်နှာထားဖြင့် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသောအခါ...

"ဝုန်း"

"အား"



"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားသူများ ဖရိုဖရဲဖြင့် အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

♠ ♠ ♠

အနက်ရောင်ဝတ်ဆင်ထားသူ ရှစ်ယောက် မြေပေါ် လဲကျနေကြ၏။

ထိုလူများမှာ ကျင်းဖုံး၏လက်ချက်ဖြင့် သတိလစ်မေ့မြောနေကြပြီ ဖြစ်လေသည်။

ထီးကိုင်ဆောင်ထားသူ မျက်နှာပျက်သွားလေသည်။

"မင်းရဲ့သိုင်းပညာ ဘယ်ဆိုးလို့လဲ"

ဟု ပြော၏။

ကျင်းဖုံး ပြုံးလိုက်သည်။

"ကျုပ် မသေနိုင်ဘူးဆိုတာကို ခင်ဗျားလက်ခံသွားပြီပေါ့ဟုတ်လား"

"မဟုတ်သေးဘူး"

"ဘြော်"

"မင်းနာမည်ကို သိုင်းလောကမှာ တစ်ခါမှ မကြားဖူးဘူး။ မင်းဟာ ရွက်ပုန်းသီး သိုင်းသမားတစ်ယောက် ဖြစ်နေတယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ကျုပ် မမှုသေးပါဘူး၊ ကဲ..ကျုပ်ရဲ့ထီးအရသာကို မြည်းစမ်းပါဦး"

ထိုလူသည် ထီးကို ဝှေ့ယမ်းကာ စကောင်တိုက်ခိုက်လိုက်လေသည်။

"ဝှီး"

ထီးသည် ကျင်းဖုံးရှေ့သို့ ရောက်သည်နှင့် ရုတ်တရက် ပွင့်သွားပြီး လက်နက်ပုန်းလေးများ တရစပ် ပစ်လွှင့်လာလေသည်။

"တောက်..တောက်..တောက်"

ထီးရိုးများသည် မြားသံများပမာ ပစ်လွှင့်လာလေသည်။

ကြောက်မက်ဖွယ်ကောင်းအောင် များပြားလှသော လက်နက်ပုန်းများကြောင့် ကျင်းဖုံး၏ရှေ့၌ အုတ်တံတိုင်းကာရံထားမှသာလျှင် လွတ်မြောက်နိုင်လိမ့်မည် ဖြစ်လေသည်။

ထီးပိုင်ရှင်သည် ကျင်းဖုံးအား သုတ်သင်ရှင်းလင်းပစ်လိုက်နိုင်ပြီဟု ယုံကြည်ထားပုံရ၏။

သူ၏လက်ကောက်ဝတ်တစ်ချက် လှည့်လိုက်သည်နှင့်...

"ဖူး"

ထီးရွက်များ ကွာကျသွားပြီး ထီးရိုးအတံသာလျှင် သူ၏လက်ထဲ၌ ကျန်ရစ်ခဲ့လေ၏။

ထိုထီးရိုးတံသည်ပင် ဓားတစ်လက်ပမာ ကြောက်မက်ဖွယ်ကောင်းနေတော့၏။

ထိုလူက လက်နက်ပုန်းကလေးများဖြင့် ကျင်းဖုံးအား လဲကျ



သွားစေမည်။

ထို့နောက် ထီးရိုးဖြင့် ကျင်းဖုံးအား အဆုံးစီရင်ပစ်မည့်သဘောရှိလေသည်။

အဖြစ်အပျက်များကား လျှပ်ပြက်သကဲ့သို့ လျင်မြန်လွန်းလှပေသည်။

ထိုလူသည် ထီးရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း မြေပေါ်လဲကျနေမည့် ကျင်းဖုံးကို ကြည့်လိုက်သည်။

မြေပေါ်၌ ကျင်းဖုံး ရှိမနေပါ။

ကျင်းဖုံးသည် ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်တကား။

"ဟင်"

ထီးပိုင်ရှင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျင်းဖုံး မည်သည့်နေရာကို ရောက်ရှိသွားသနည်းဟု လှည့်ပတ်ရှာဖွေလိုက်စဉ်မှာပင် နောက်ကျောဘက်မှ အေးစိမ့်သော စကားသံ ထွက်ပေါ်လာလေ၏။

"တကယ်တမ်း သေသွားရမယ့်သူက ဘယ်သူဆိုတာ ခင်ဗျားတွေးလို့ ရမှာပါ"

ထီးရှင်၏ခန္ဓာကိုယ် တုန်ခါသွားသည်။

"မင်း..မင်း"

"ကဲ..ကျုပ်ကို လုပ်ကြံခိုင်းတာ ဘယ်သူလဲ ပြောပါ"

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထီးရှင် အံကြိတ်လိုက်သည်။

"ကျုပ် မပြောဘူးဆိုရင်ကော"

သူ၏စကားအဆုံး၌ လည်ကုပ်ပေါ်မှ အဓိကကျသော သွေးကြောနေရာဆီသို့ ပြင်းထန်သော အင်အားတစ်ခု ကျရောက်လာသည်ဟု ခံစားလိုက်ရလေသည်။

ထီးပိုင်ရှင် မျက်လုံးများ ပြာဝေသွား၏။

လှုပ်ရှားဖို့ အချိန်မရဘဲ မိမိ အသက်ပေးလိုက်ရမည် ဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်သဘောပေါက်သွားလေသည်။

"ကျုပ်ကို သတ်ပစ်လိုက်ရင် မင်းကို ဘယ်သူက လုပ်ကြံနိုင်းတယ်ဆိုတာ မင်း ဘယ်တော့မှ သိရမှာ မဟုတ်ဘူး"

ဟု ကပျာကယာ ပြောလိုက်လေသည်။

ကျင်းဖုံးက ရိုက်ချရန် ပြင်ဆင်ထားသော လက်ဝါးကို ပြန်လည်ရုပ်သိမ်းလိုက်လေသည်။

"ကောင်းပြီ၊ ပြောပါ"

ထီးရှင်က…

"မင်းကို လုပ်ကြံနိုင်းတဲ့လူဟာ ချေးပိုးထိုးကောင်ပဲ"

ဟု ပြော၏။

"ချေးပိုးထိုးကောင်၊ နေပါဦး၊ ချေးပိုးထိုးကောင်ဆိုတာ ဘယ်သူလဲ ပြောပါဦး"

ထီးပိုင်ရှင်က ရှင်းပြလေသည်။



"သူဟာ ပွဲစားတစ်ယောက်လဲ ဖြစ်တယ်၊ လူ့အသက်ကို အရောင်းအဝယ်လုပ်တဲ့ လူတစ်ယောက်လဲ ဖြစ်တယ်လေ"

"ကောင်းပြီ၊ ကျုပ် သူ့ကို တွေ့ချင်ရင် ဘယ်မှာ သွားပြီး ရှာရမလဲ ပြောပါ"

ထီးပိုင်ရှင်က မခြွင်းမချန် ပြောပြသည်။

"ထိုက်စန်းမြို့ကို သွားပါ။ အရသာစားသောက်ဆိုင်မှာ သူ့ကို တွေ့နိုင်ပါတယ်၊ ကဲ..ကျုပ်ကို လွှတ်ပေးလို့ ရပြီလား"

"နေဦး၊ ကျုံးလွှေကို ဘယ်သူက သတ်ပစ်လိုက်တာလဲ"

ကျင်းဖုံးက မေးလိုက်သည်။

ထီးပိုင်ရှင်ကလည်း အမှန်အတိုင်း ပြောလေသည်။

"ကျုပ်ကိုယ်တိုင်ပဲ"

ကျင်းဖုံး ဘာမှ မပြောတော့ဘဲ လက်ဝါးဖြင့် ရိုက်ချလိုက်တော့သည်။

"ဝုန်း"

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



ထိုက်စန်းမြို့...။

ထိုက်စန်းမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ ဖြစ်သည်။

ခရီးလမ်းပန်း ဆက်သွယ်ရေးကောင်းသလို စီးပွားရေးအချက်အချာကျသော မြို့ဖြစ်၍ ကုန်သည်ပွဲစားများ၊ ခရီးသွားများ၊ ဒေသန္တရ ဗဟုသုတ ရှာဖွေသူများ၊ သိုင်းလောကသားများ ဝင်ထွက်သွားလာမစဲ ရှိသဖြင့် နေ့ရောညပါ စည်ကားသိုက်မြိုက်နေပေတော့သည်။

ကျင်းဖုံးသည် ထိုက်စန်းမြို့သို့ ရောက်ရှိလာသည်နှင့် အရသာစားသောက်ဆိုင်ကို ရှာဖွေလိုက်လေသည်။

အရသာစားသောက်ဆိုင်သည် ထိပ်တန်းဆိုင်ကြီးတစ်ဆိုင်ဖြစ်သောကြောင့် ကြိတ်ကြိတ်တိုး စည်ကားသိုက်မြိုက်နေပေတော့သည်။

ကျင်းဖုံး ဆိုင်ထဲ ဝင်လိုက်သည်နှင့် ဆိုင်လုလင်များက ကြိုဆိုလိုက်ကြလေသည်။

"ကြွပါ အစ်ကိုလေး၊ သည်ဘက်ကို ကြွပါ"

ကျင်းဖုံးမှာ လူရှုပ်ထွေးသော နေရာ၌ ကြာကြာမနေလိုသောကြောင့် လာရင်းကိစ္စကို ပြောလိုက်လေသည်။

"ကျုပ် စားသောက်ဖို့ လာတာမဟုတ်ဘူး၊ လူတစ်ယောက်အကြောင်း စုံစမ်းဖို့ လာခဲ့တာပါ၊ ချေးပိုးထိုးကောင်ဆိုတဲ့လူကို ဘယ်မှာ တွေ့ရနိုင်မလဲ ပြောပြပါလား"



"ဗျာ"

ဆိုင်လုလင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဟာ..ချေးပိုးထိုးကောင်ဆိုတဲ့လူကိုတော့ မသိပါဘူးဗျာ"

"မင်း တကယ် မသိဘူးလား"

ဟု မေးလိုက်၏။

"ဟုတ်တယ် မသိဘူး"

ဆိုင်လုလင်က မသိကြောင်း ပြောနေသဖြင့် ကျင်းဖုံး စိတ်ပျက်သွားလေသည်။ ထိုအချိန်မှာပင် အခြားဆိုင်လုလင်တစ်ယောက် ရောက်ရှိလာသည်။

"မင်း ဘာလုပ်နေတာလဲ၊ ဧည့်သည်ကို နေရာထိုင်ခင်းပေးမှပေါ့"

"မဟုတ်ပါဘူး၊ သူက စားသောက်မယ့်လူ မဟုတ်ဘူး၊ ချေးပိုးထိုးကောင်ဆိုတဲ့လူတစ်ယောက်အကြောင်း လာမေးနေတာကွ"

ကျင်းဖုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ချေးပိုးထိုးကောင်ဆိုတဲ့လူကို သိရင် ပြောပြပါလား"

"ချေးပိုးထိုးကောင်လား၊ အဲဒါ လူသန်ကြီးဆားဟူကို ပြောတာပဲ၊ သူက ငွေရမယ်ဆိုရင် ဘယ်အလုပ်မဆို လုပ်မယ့်လူ၊ သူ့ကို ကွယ်ရာမှာ ချေးပိုးထိုးကောင်လို့ ခေါ်ကြတာ"

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ကျင်းဖုံး ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူသန်ကြီးဆားဟူကို ဘယ်နေရာမှာ တွေ့နိုင်မလဲဆိုတာ ပြောပြပါလား"

"အခုချိန်ဆို မြို့စွန်က ဘုံကျောင်းပျက်မှာ သိုင်းလေ့ကျင့်နေလောက်ပြီပေါ့"

ဆိုင်လုလင်က လူသန်ကြီးဆားဟူအား တွေ့ရှိနိုင်မည့် နေရာကို ပြောပြလိုက်လေသည်။

ကျင်းဖုံးလည်း ဆိုင်လုလင်နှစ်ယောက်အား နှုတ်ဆက်ကာ လျင်မြန်စွာ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠



ဘုံကျောင်းလေးမှ တရားစာရွတ်ဆိုသံများ လွင့်ပျံ့နေသည်။

သို့သော်...

တစ်ချက်တစ်ချက်တွင် တရားသံများကို ထိုးဖောက်ကာ စူးရှသော ပြောသံပေးသံများ ထွက်ပေါ်လာသည်ကို ထပ်မံကြားလိုက်ရမည် ဖြစ်လေသည်။

ကျင်းဖုံးသည် ဘုံကျောင်းလေး အနီးသို့ ရောက်ရှိလာသောအခါ ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်...

ပြောသံပေးသံများ ထွက်ပေါ်လာရာဆီသို့ လှမ်းသွားလိုက်သည်။

ဘုံကျောင်း၏ဝဲဘက်၌ စိမ်းလန်းသော သစ်ပင်ပန်းပင်များ ရှိနေပေသည်။

ကျင်းဖုံးသည် ထိုသစ်ပင်၊ ပန်းပင်များ အကြားသို့ ဝင်ရောက်လိုက်သည်။

မကြာပါချေ။

မြေကွက်လပ်တစ်ခုတွင် လူတစ်စု ရှိနေသည်ကို တွေ့လိုက်ရ၏။

ထိုလူစုကို လူသန်ကြီးတစ်ယောက်က သိုင်းရေးပြနေခြင်း ဖြစ်သည်။

ကျန်လူများက လူသန်ကြီး သင်ပြရာကို လိုက်ပါ လေ့ကျင့်

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်သည်။

ကျင်းဖုံး မျက်မှောင်ကြုတ်သွား၏။

"ချေးပိုးထိုးကောင်ဆိုတဲ့လူဟာ သိုင်းသင်တန်းဆရာတစ်ယောက်များလား"

ထိုစဉ်...

ကပ္ပိယတစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုကပ္ပိယမှာ ဘုံကျောင်းလေး၌ နေထိုင်လုပ်ကိုင်နေသူ ဖြစ်သည်။

ကပ္ပိယက အနီးသို့ ရောက်လျှင်...

"ခဏလောက် နေကြပါဦး"

ဟု ဟန့်တားလိုက်၏။

ထိုအခါ...

လူသန်ကြီးဆားဟူက လှည့်ကြည့်လိုက်လေသည်။

"သည်မှာ ကပ္ပိယကြီး၊ ခင်ဗျား ဘာလာရှုပ်တာလဲ"

ဟု ငေါက်လိုက်၏။

ကပ္ပိယက ဦးညွှတ်လိုက်၏။

"ကျုပ်မေတ္တာရပ်ခံပါတယ်၊ ဘုံကျောင်းထဲမှာ ဘုန်းတော်ကြီးတွေ တရားစာရွတ်ဖတ်နေကြပါတယ်၊ သည်ဘက်က အော်ဟစ်သံတွေကြောင့် အာရုံတွေ ထွေပြားနေရတာကြောင့် ဆူဆူညံညံ မလုပ်ကြဖို့ လာပြီး မေတ္တာရပ်ခံတာပါ"



"ဘာပြောတယ်ဗျ"

လူသန်ကြီး၏အသံ မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ချက်ချင်းပင် သူက ကပ္ပိယ အနီးသို့ ရောက်ရှိသွားပြီး ရိုက်ချလိုက်လေသည်။

"အမယ်လေး"

ကပ္ပိယက ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။

လူသန်ကြီးက ခါးထောက်ကာ အော်ငေါက်လိုက်သည်။

"ကျုပ်က ကျုပ်တပည့်တွေကို တိုက်ဖို့၊ ခိုက်ဖို့၊ လုယက်ဖို့ သင်ပေးနေတယ်၊ ကျုပ်အတွက် သည်နေရာလောက် ကောင်းတဲ့နေရာ မရှိဘူး၊ ခင်ဗျားတို့ မကျေနပ်ရင် တခြားနေရာကိုသာ ပြောင်းသွားကြ၊ နောက်ထပ်တစ်ခါ လာရှုပ်ရင် ခင်ဗျား သေဖို့သာ ပြင်ထား၊ သွားစမ်း"

ဟု မောင်းထုတ်လိုက်သည်။

ကပ္ပိယကြီး ဘာမှ မပြောဝံ့တော့ချေ။

ထို့နောက်...

သူသည် ဒရောသောပါး ထွက်ပြေးသွားလေတော့သည်။

"ဟား...ဟား...ဟား"

ကပ္ပိယ ကြောက်လန့်သွားသည်ကို ကြည့်ကာ လူသန်ကြီးဆားဟူက ဟားတိုက်ရယ်မောလိုက်လေသည်။

ကျင်းဖုံး သက်ပြင်းချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ချေးပိုးထိုးကောင်မှာ မည်သို့သော လူစားမျိုး ဖြစ်ကြောင်း သဘောပေါက်လိုက်၏။

ထို့ကြောင့်...

ရှေ့ကို လှမ်းသွားလိုက်သည်။

ရုတ်တရက် ထွက်ပေါ်လာသော ခြေသံကြောင့် လူသန်ကြီးက လှမ်းကြည့်လာသည်။

ကျင်းဖုံးကို မြင်သည့်အခါ မျက်မှောင်ကြုတ်သွား၏။

"မင်းကကော ဘယ်သူလဲ၊ ဘာလာရှုပ်မလို့လဲ"

ဟု လေသံမာမာထန်ထန်ဖြင့် လှမ်းဝေါက်လိုက်လေသည်။

ကျင်းဖုံးက အမှုမထားပါ။

"ခင်ဗျားက ချေးပိုးထိုးကောင်ဆိုရင်တော့ ခင်ဗျားကို ကျုပ်က မေးစရာရှိလို့ လာခဲ့တာပဲ"

"ဘာကွ"

လူသန်ကြီးက လူတွေ့တိုင်း အော်ဝေါက်ခြိမ်းခြောက်တတ်သူ ဖြစ်ပုံရလေသည်။

"ခင်ဗျားဟာ ချေးပိုးထိုးကောင်ဆိုရင် လူသတ်ထီးပိုင်ရှင်ကို ဘယ်သူက ခိုင်းလိုက်သလဲဆိုတာ ခင်ဗျားသိမှာပေါ့"

"လူသတ်ထီး ဟုတ်လား"

"ဟုတ်တယ်"

"လူသတ်ထီးဟာ ကြေးစားလူသတ်သမားတစ်ယောက်ပဲ၊ မကြာခင်က အလုပ်တစ်ခု ပေါ်လာလို့ ကျုပ်က ပွဲခယူပြီး အလုပ်စပ်



ပေးလိုက်တာ၊ ဒါပေမယ့် သူက သိပ်မဟန်ပါဘူး၊ မင်းက သူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ကျင်းဖုံး ပြုံးလိုက်သည်။

"လူသတ်ထီး လုပ်ကြံရမှာ ကျင်းဖုံးဆိုတဲ့လူ မဟုတ်လား"

"ကျင်းဖုံး၊ ဟုတ်တယ်..ဟုတ်တယ်၊ သူပဲ"

ကျင်းဖုံးက လူသန်ကြီးအား စိုက်ကြည့်လိုက်၏။

"ကျင်းဖုံးကို ဘယ်သူက လုပ်ကြံချင်တာလဲ ပြောစမ်းပါဦး"

လူသန်ကြီးက အဖြေမပေးဘဲ ပြန်မေးလိုက်၏။

"နေပါဦး၊ မင်းကကော ဘယ်သူလဲ ပြောစမ်းပါဦး"

ကျင်းဖုံး အမှန်အတိုင်း ပြောလိုက်သည်။

"ကျုပ်က ကျင်းဖုံးပါပဲ"

"ဘာ"

လူသန်ကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"မင်း..မင်းက ကျင်းဖုံး ဟုတ်လား"

သူသည် လူသတ်ထီး၏ အခြေအနေကိုလည်း သဘောပေါက်သွားလေသည်။

"မင်း မဆိုးဘူး"

ကျင်းဖုံး ပြုံးလိုက်သည်။

"ကျုပ်ကို နှိုးကျူးတာထက် ဘယ်သူက လုပ်ကြံခိုင်းတယ်ဆိုတာ ပြောပြရင် ပိုကောင်းမယ်"

"ကျုပ်က မပြောဘူးဆိုရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



"လူသတ်ထီးလည်း သည်လိုပဲပြောခဲ့တာပဲ၊ ဒါပေမယ့် နောက်ဆုံးတော့ ကျုပ်.ခင်ဗျားဆီကိုရောက်လာခဲ့တာပဲ မဟုတ်လား ဗျာ"

လူသန်ကြီး မျက်နှာပျက်သွားလေသည်။

သူ၏လူများကို တစ်ချက်ဝေ့ကြည့်လိုက်၏။

အကင်းပါးသော သူ၏လူများသည်လည်း ချက်ချင်းပင် ဖြာ သံပေးကာ ကျင်းဖုံးအား တိုက်ခိုက်လိုက်ကြလေသည်။

"ယား"

"သေပေတော့"

ကျင်းဖုံးက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ လက်ဝေ့ ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာကာ လူသန်ကြီး ၏လူများ ဖရိုဖရဲဖြင့် အဝေးသို့ လွင့်စဉ်သွားကြသည်။

ထိုအခါ လူသန်ကြီး ပြေးဝင်လာသည်။

ကျင်းဖုံးက လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်လေသည်။

"ဝုန်း"

"အား"

လူသန်ကြီးမှာ မြေပေါ်ဖင်ထိုင်ကျသွားသည်။

"မင်း..မင်း"



ကျင်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့် မေးလိုက် သည်။

"ကျုပ်ကို ပွဲစားက ငွေပေးပြီးလူရှာခိုင်းလို့ လူသတ်ထီးကို ပြောလိုက်တာ၊ လူသတ်ထီးက ပွဲစားနဲ့သွားတွေ့ခဲ့တာပဲ"

"ပွဲစားဆိုတာ ဘယ်သူလဲ"

"ပွဲစားအကြောင်းကို လူတိုင်းသိတာပဲ၊ မင်းမသိဘူးလား"

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ဟာ သိုင်းလောကသား မဟုတ်ဘူး"

ကျင်းဖုံး ငြိမ်နေလိုက်လေသည်။

လူသန်ကြီးသည် သူတို့အား တိုက်ခိုက်ခဲ့သည့်တိုက်ကွက် ကြောင့် ကျင်းဖုံးမှာ ကြောက်မက်ဖွယ်ကောင်းအောင် သိုင်းပညာ တော်သူဖြစ်ကြောင်း နားလည်ထားလေသည်။

"မင်းဟာ သိုင်းလောကသား မဟုတ်ရင် ရွက်ပုန်းသီးတစ် ယောက်ပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်သည်။

ကျင်းဖုံးက...

"ခင်ဗျားကြိုက်သလို ထင်နိုင်ပါတယ်ဗျာ"

"မင်း"

"ပွဲစားဆိုတာ ဘယ်သူလဲ၊ သူ့ကို ဘယ်မှာတွေ့နိုင်သလဲဆို တာ ပြောပါ"

"သူက နိုင်ဖုံးမြို့မှာရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ..ခိုင်ဖုံးမြို့ ဘယ်နေရာမှာ တွေ့နိုင်မလဲ၊ ပြောပါ"

"အို..ခိုင်ဖုံးမြို့ကိုရောက်ရင် ဘယ်သူ့ကိုမေးမေးရတယ်"

ကျင်းဖုံး ပြုံးလိုက်သည်။

ဤမြို့ကလေး၌လည်း လူသန်ကြီး(ဝါ) ချီးပိုးထိုးကောင်အား မသိသူမရှိသလောက်ဖြင့် မဟုတ်ပါလား။

ပွဲစားဆိုသူအား ခိုင်ဖုံးမြို့၌ လွယ်လင့်တကူ ရှာဖွေတွေ့ရှိနိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။

"ကောင်းပြီ၊ ခိုင်ဖုံးမြို့ကိုရောက်လို့ ပွဲစားကိုရှာလို့မတွေ့ရင် ခင်ဗျားဆီကို ပြန်လာမယ်ဆိုတာမမေ့ပါနဲ့"

စကားဆုံးသည်နှင့် ထွက်သွားရန် ဟန်ပြင်လိုက်၏။

လူသန်ကြီးက ဖင်ထိုင်ကျနေရာမှ လူးလိမ့်ထလိုက်လေသည်။

ကျင်းဖုံးက ခြေလှမ်းရပ်ပြီး လှည့်ကြည့်လိုက်သောအခါ လူသန်ကြီးက ဒေါသတကြီး ပြောလေသည်။

"မင်းဟာ ကျင်းဖုံးဆိုတာ ကျုပ်သိလိုက်ပြီ၊ ကျင်းဖုံး မင်း ခိုင်ဖုံးက ပြန်လာဖို့ မစဉ်းစားနဲ့တော့၊ မင်းကို ညီနောင်ဂိုဏ်းက အလိုရှိနေပြီ"

ကျင်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ညီနောင်ဂိုဏ်း ဟုတ်လား"

ဆားဟူက...



"ဟုတ်တယ်၊ မင်းကို ညီနောင်ဂိုဏ်းက လိုချင်နေတာ"

ကျင်းဖုံး ပြုံးလိုက်သည်။

ဆားဟူအနီးသို့ ပြန်လည်လှမ်းသွားလိုက်ပြီး..

"ကောင်းပြီ၊ ညီနောင်ဂိုဏ်းအကြောင်း ကျုပ်ကို ပြောပြရလိမ့်မယ်"

ဆားဟူ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘာမှမသိဘူး"

"ခင်ဗျားပြောခဲ့ပြီး အခုမှ မသိဘူးလို့ငြင်းလို့ မရတော့ဘူးဗျ"

"ကျုပ် တကယ်မသိတာ"

"ခင်ဗျား"

ကျင်းဖုံးက စိတ်ဆိုးကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ဆားဟူလည်း မကျေမနပ် ပြောဆိုနေရာမှ ချက်ချင်းကြောက်လန့်သွားလေတော့သည်။

"ကျုပ်..ကျုပ်ကို ပွဲစားက ပြောပြလို့သိတာ၊ သိုင်းလောကမှာ လျှို့ဝှက်တဲ့ ညီနောင်ဂိုဏ်းဆိုတာရှိတယ်၊ သူတို့ဟာ သိုင်းလောကကို လွှမ်းမိုးဖို့ကြံစည်နေခဲ့တာ နှစ်အတော်ကြာနေပြီ သူတို့အမိန့်ပေးပြီးခိုင်းလို့ရမယ့်၊ သူတို့ကို အကျိုးပြုနိုင်မယ့်လူတွေကို လျှို့ဝှက်စည်းရုံးသိမ်းသွင်းနေတာ၊ မင်းကိုလည်း ညီနောင်ဂိုဏ်းက သူတို့အကျိုးကို ဆောင်ရွက်ပေးနိုင်မယ့် လူတစ်ယောက်အဖြစ် သဘောကျနေတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်တော့မှ သူတို့နဲ့ပူးပေါင်းမှာ မဟုတ်ဘူး၊ သူတို့နိုင်းတာ လုပ်မှာမဟုတ်ဘူး"

ဟုလည်း ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

ဆားဟူက…

"သူတို့ စည်းရုံးသိမ်းသွင်းတာကို လက်မခံရင် မင်း သက်ဆိုးရှည်ရှည် နေရမှာမဟုတ်ဘူး"

ကျင်းဖုံးက…

"ညီနောင်ဂိုဏ်းဟာ သူတို့စည်းရုံးသိမ်းသွင်းတာကို လက်မခံတဲ့လူတွေကို သုတ်သင်ပစ်တယ်ပေါ့"

"ဟုတ်တယ်"

"ဒါဖြင့် ကျုပ်ကို လုပ်ကြံနေတာက…"

"ဒါကတော့ မင်းရဲ့သိုင်းပညာကို စမ်းသပ်ကြည့်တဲ့သဘောပါ"

ကျင်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"မတော်တဆ ကျုပ်သေသွားခဲ့မယ်ဆိုရင်ကော"

ဆားဟူက…

"ဒါဆိုရင် မင်းဟာ သူတို့မျှော်လင့်သလို အရည်အချင်းမပြည့်ဝတဲ့ လူတစ်ယောက်လို့ သဘောထားပြီး မင်းကိုမေ့ပစ်လိုက်ကြမှာပဲ"

"အင်မတန်ကောင်းတဲ့ စမ်းသပ်နည်းပါလား"



ကျင်းဖုံး အခွဲ့တိုက်ကာ ပြောလိုက်လေသည်။

ဆားဟူက…

"ညီနောင်ဂိုဏ်းကို မကျေနပ်ဘူးဆိုရင် ပွဲစားနဲ့သွားတွေ့ပါ၊ သူက ကျုပ်ထက်ပိုပြီး ပြည့်စုံအောင်ပြောပြနိုင်လိမ့်မယ်၊ မင်းစိတ်ဝင်စားတယ်ဆိုရင် ညီနောင်ဂိုဏ်းနဲ့ ဆက်သွယ်ပေးလိမ့်မယ်"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ ကျုပ်က ပွဲစားဆိုတဲ့လူကို သွားတွေ့မှာပါ၊ ညီနောင်ဂိုဏ်းကို စိတ်ဝင်စားမိတာလည်း အမှန်ပဲ၊ ဒါပေမယ့် ကျုပ်က သူတို့နဲ့လက်တွဲဖို့ မဟုတ်ဘူး"

ဆားဟူက မျက်လုံးပြူး၍ကြည့်နေသည်။

ကျင်းဖုံးက…

"ညီနောင်ဂိုဏ်းကို ချေမှုန်းပစ်မယ်ဆိုတာ မှတ်ထားပါဗျာ"

စကားဆုံးလျှင် ဆားဟူကို အမှုမထားတော့ဘဲ ချာခနဲလှည့်ထွက်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမလှလေး

နိုင်ဖုံးမြို့...။

နိုင်ဖုံးမြို့သည် စည်ကားသိုက်မြိုက်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲများစွာရှိနေသော မြို့ကြီးတစ်မြို့ဖြစ်လေသည်။

ကျင်းဖုံးသည် ပွဲစားအား ရှာဖွေရန် နိုင်ဖုံးမြို့သို့ ရောက်ရှိလာလေသည်။

ကြက်ပျံမကျစည်ကားနေသော နိုင်ဖုံးမြို့တော်ကြီး၌ ပွဲစားအား မည်သို့ရှာဖွေရမည်နည်း။

ကျင်းဖုံး တွေးတောစဉ်းစားရင်း အကြံတစ်ခုရလာလေသည်။

လမ်းဘေးဈေးသည်များထံ စုံစမ်းရင်း ဒုစရိုက်သမားများ ကျင်လည်ကျက်စားလေ့ရှိသည့်နေရာများကို စုံစမ်းလိုက်လေသည်။



ပွဲစားဆိုသူသည် လျှို့ဝှက်ဂိုဏ်းဖြစ်သော ညီနောင်ဂိုဏ်းနှင့် အဆက်အသွယ်ရှိသူဖြစ်ရကား လူကောင်းတစ်ယောက် မဟုတ်နိုင်ခြင်းကြောင့် ဒုစရိုက်သမားများ ကျင်လည်ကျက်စားသော နေရာများ၌ စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

သို့ဖြင့်...

ကျင်းဖုံးသည် မြို့စွန်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ရှိသွားလေသည်။

ထိုစားသောက်ဆိုင်မှာ ဒုစရိုက်သမားများ ကျက်စားနေသည့်ဆိုင်ဖြစ်သည်။

ရှေ့တွင် စားသောက်ခန်းမကြီးရှိပြီး အနောက်ဘက်၌ လောင်းကစားဝိုင်းများ၊ အပျော်မယ်များထားရှိသော အဆောင်များ ရှိလေသည်။

ကျင်းဖုံးက ဆိုင်ထဲဝင်ပြီး ဆိုင်လုလင်တစ်ယောက်အား သူနှင့်အတူပါလာသော ရွှေတုံးကလေးများ ထုတ်ပြကာမေးလိုက်သည်။

"ကျုပ်က ကြေးကြီးကြီး လောင်းကစားချင်တယ်၊ ကျုပ်ကို ကူညီနိုင်မလား"

ဆိုင်လုလင်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်သွားလေသည်။

"ရပါတယ် အစ်ကိုလေး၊ ကျုပ်နဲ့လိုက်ခဲ့ပါ"

ချက်ချင်းပင် အနောက်ဘက်အဆောင်သို့ ခေါ်ဆောင်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကျင်းဖုံးက လောင်းကစားဝိုင်းသို့ရောက်လျှင် ဆိုင်လုလင်အား ငွေစအနည်းငယ်ပေးပြီး ကစားဝိုင်း၌ ဝင်ရောက်လောင်းကစားလိုက်လေသည်။

ကျင်းဖုံးက ငွေမုံကာ လောင်းကစားသကဲ့သို့ မျက်နှာစိမ်းတစ်ယောက်ဖြစ်နေရကား လောင်းကစားဒိုင်က...

"သူ့ကို လိမ်ကစားပြီး အနိုင်ယူမယ်၊ ဒါကိုမှ သူကကံကောင်းပြီး အနိုင်ရသွားရင် မင်းတို့ဝိုင်းပြီးလုယက်ကြပေတော့"

သူ၏လူများအား တီးတိုးမှာကြားလေသည်။

တကယ်တမ်း လောင်းကစားကြသောအခါ လိမ်ကစားသော ဒိုင်လုပ်သူမှပင် အနိုင်ရသွားလေတော့သည်။

တခဏအတွင်းမှာပင် ကျင်းဖုံး တစ်ပြားတစ်ချပ်မျှ မကျန်အောင်ရှုံးနိမ့်သွားလေတော့သည်။

သို့သော်...

အနိုင်ရလိုက်ခြင်းကြောင့် ဒိုင်လုပ်သူ မပျော်ရွှင်နိုင်ပါချေ။

အကြောင်းမှာ ကျင်းဖုံးက လောင်းကစားဒိုင်၏ငွေများကို လုယူလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ဒိုင်လုပ်သူ မျက်လုံးပြူးသွားလေသည်။

"ဒါ ဘာလုပ်တာလဲ"

ကျင်းဖုံးက...

"လုတာလေ"

"ဘာ"



"ကျုပ်က ညီနောင်ဂိုဏ်းနဲ့ ဆက်သွယ်ချင်လို့ ပွဲစားကိုလိုက်ရှာနေတာ၊ ကျုပ်ကို ဒုက္ခပေးရင် ညီနောင်ဂိုဏ်းက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

ကျင်းဖုံးက ညီနောင်ဂိုဏ်း၏အမည်ကို အသုံးချကာ ခြိမ်းခြောက်လိုက်လေသည်။

ညီနောင်ဂိုဏ်းဟူသော အမည်ကြောင့် ဒိုင်လုပ်သူ ထိတ်လန့်သွားလေသည်။

ကျင်းဖုံးက ငွေများသိမ်းကြုံးယူငင်လိုက်ပြီး...

"ခင်ဗျားရဲ့ငွေတွေ ပြန်လိုချင်ရင် ပွဲစားကိုလွှတ်လိုက်ပေတော့"

ထို့နောက် မည်သူ့ကိုမျှ အရေးမစိုက်ဘဲ လောင်းကစားခန်းမထဲမှ ထွက်လာခဲ့လေတော့သည်။

♠ ♠ ♠

ကျင်းဖုံးသည် လောင်းကစားခန်းမထဲမှထွက်ကာ အရှေ့ဘက်ရှိ စားသောက်ခန်းမသို့ဝင်၍ စားပွဲတစ်လုံး၌နေရာယူပြီး စားစရာများ မှာကြားစားသောက်လိုက်လေသည်။

သူသည် ဘာကိုမျှအမှုမထားဘဲ အေးအေးလူလူ ရှိနေ၏။

အခြားသော စားသောက်သူများကား မကြာမီ ပြဿနာဖြစ်ပေါ်လာတော့မည်ကို ရိပ်မိထားသည့်အလား ခန်းမထဲမှ [illegible]လို

www.burmeseclassic.com

www.burmeseclassic.com



အလျှို ထွက်သွားကြရာ နောက်ဆုံး ကျင်းဖုံးတစ်ယောက်ထဲသာ ကျန်ရစ်ခဲ့လေတော့သည်။

မကြာပါချေ။

စားသောက်ခန်းမထဲသို့ လူတစ်ယောက် လှမ်းဝင်လာလေသည်။

ထိုလူသည် ဝတ်ကောင်းစားလှ ဝတ်ထားပြီး ချမ်းသာကြွယ်ဝသူ တစ်ဦးအသွင်ရှိနေ၏။

အမှန်တော့ ထိုလူမှာ ဒုစရိုက်မှုများကို အခကြေးငွေယူကာ စီစဉ်ဆောင်ရွက်ပေးနေသော ပွဲစားဆိုသူပင်ဖြစ်သည်။

ပွဲစားက ကျင်းဖုံးရှေ့သို့ ရောက်လာပြီး..

“မိတ်ဆွေလေးက ညီနောင်ဂိုဏ်းနဲ့ပတ်သက်နေတယ် ဟုတ်လားဗျာ”

ဟု ပြောလာသည်။

ကျင်းဖုံးက...

“ကျုပ်က ညီနောင်ဂိုဏ်းကလူတွေကို တွေ့ချင်လို့လာခဲ့တာ သူတို့က ကျုပ်ကိုလိုချင်နေတယ်လို့ သိခဲ့ရတယ်ဗျ၊ ခင်ဗျားကကော ဘယ်သူလဲ၊ ပွဲစားလား”

ထိုလူ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ ကျုပ်က ပွဲစားပါ”

“ခင်ဗျားဆီကို သွားလို့ ဆားဟူကကျုပ်ကို လမ်းညွှန်လိုက်တာ”



ပွဲစား သက်ပြင်းချလိုက်သည်။

“ဆားဟူဟာ ဘာမှအသုံးမကျ အရာမဝင်ဘူးဆိုတာ ပေါ်လွင်သွားပြီ၊ ညီနောင်ဂိုဏ်းဟာ အရည်အချင်းမရှိတဲ့ ဆားဟူလိုလူမျိုးကို ဘယ်နည်းနဲ့မှ သဘောမကျပါဘူးလေ”

ထိုစကားက ဆားဟူ ကံကောင်းတော့မည် မဟုတ်ကြောင်း ပေါ်လွင်နေပါတော့သည်။ ကျင်းဖုံး ပြုံးလိုက်သည်။

“ခင်ဗျားကော”

“ကျုပ်က”

“ခင်ဗျားကော အသုံးကျရဲ့လားဗျ”

ပွဲစား မဲ့ပြုံးပြုံးလိုက်သည်။

“သေချာတယ်၊ ကျုပ်က ခုချိန်အထိ ညီနောင်ဂိုဏ်းအတွက် အသုံးဝင်နေပါသေးတယ်ဗျာ”

“ဒါဖြင့်..”

“ညီနောင်ဂိုဏ်းအကြောင်း စုံစမ်းဖို့ ကျုပ်ဆီကိုလာခဲ့တာ မဟုတ်လား”

“ဟုတ်ပါတယ်ဗျာ၊ ညီနောင်ဂိုဏ်းက မင်းကို အလိုရှိနေတယ်”

ကျင်းဖုံးက...

“သူတို့က ကျုပ်ကို စည်းရုံးသိမ်းသွင်းချင်တဲ့ သဘောပေါ့”

ပွဲစားက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီနောင်ဂိုဏ်းဟာ အရည်အချင်း ရှိသူတွေကို သူတို့နဲ့ လက်တွဲလာအောင် စည်းရုံးသိမ်းသွင်းနေတယ်၊ တစ်နေ့ သိုင်းလောကမှာ ဩဇာထူထောင်မယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် မင်းကို ကျတော့ သူတို့ သဘောထားက တစ်မျိုး ဖြစ်နေတယ်"

ကျင်းဖုံးက...

"ဘယ်လို ဖြစ်နေတာလဲဗျ"

ပွဲစားက...

"သူတို့က မင်းကို သတ်ပစ်ချင်နေတာပါပဲ"

"ဗြော်"

"မင်းက ညီနောင်ဂိုဏ်းရဲ့ ဩဇာခံသည် ဖြစ်စေ၊ ဂရုမစိုက်ဘဲ နေသည် ဖြစ်စေ၊ သူတို့ အမှုမထားဘူး၊ သူတို့က မင်းရဲ့ဦးခေါင်းကိုပဲ လိုချင်နေတာ"

ကျင်းဖုံးက...

"ကျုပ်မှာ အရည်အချင်း ရှိမရှိ စမ်းသပ်နေတာမျိုး မဟုတ်ဘဲ ကျုပ်ကို တကယ်တမ်း သတ်ပစ်နိုင်အောင် ကြိုးစားနေကြတာပေါ့"

"ဒါအမှန်ပဲ"

ကျင်းဖုံး ရယ်မောလိုက်သည်။

"ကျုပ်ကို သတ်ပစ်ချင်လောက်အောင် မှန်းတီးနေတယ်ဆိုတော့ ကျုပ် တော်တော်ကံကောင်းတာပေါ့"

ပွဲစား သက်ပြင်းချလိုက်သည်။



"ညီနောင်ဂိုဏ်းက သုတ်သင်ပစ်ချင်တဲ့ လူတစ်ယောက်ဟာ အသက်ကိုးချောင်း ရှိတယ်ဆိုရင်တောင် ကံကောင်းနိုင်မှာ မဟုတ်ဘူး"

ကျင်းဖုံး ရင်ကော့လိုက်သည်။

"ကျုပ်ကတော့ ခုချိန်အထိ ကံကောင်းနေတာပဲ၊ ညီနောင်ဂိုဏ်းကိုလဲ ဆုံးမဦးမှာ"

သူက ပွဲစားကို စိုက်ကြည့်ပြီး ဆက်ပြောလိုက်သည်။

"ခင်ဗျားကိုလဲ ချမ်းသာပေးမှာ မဟုတ်ဘူး"

ပွဲစား ဒုတိယအကြိမ် သက်ပြင်းချလိုက်ပြန်သည်။

"မင်းရဲ့ပညာ မခေဘူးဆိုတာ ကျုပ်တို့အားလုံး သိထားပြီးပါပြီ၊ တိမ်နဂါးဂိုဏ်းကို ချေမှုန်းခဲ့တဲ့အတွက် အားလုံးက မင်းကို သူရဲကောင်းတစ်ယောက်လို့ သတ်မှတ်ထားကြတာပဲ"

ကျင်းဖုံးက...

"ကျုပ်အကြောင်း အတော်သိနေတာကိုး"

ပွဲစားက...

"ညီနောင်ဂိုဏ်းဟာ ကြောက်စရာကောင်းတယ်လို့ သိုင်းလောကတစ်ခုလုံးက လက်ခံထားကြတယ်လေ"

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကတော့ မကြောက်သေးဘူးဗျ"

ပွဲစားက...

"မင်း တကယ်ပဲ အမှုမထားဘူးဆိုရင် ဆရာကြီးကွမ်းကြိုး



www.burmeseclassic.com

www.burmeseclassic.com



စန်းနဲ့ အရင်ဆုံး ဆွေးနွေးသင့်တာပေါ့”

“ဘာဗျ”

ကွမ်းကြိုးစန်းသည်လည်း အထင်ကရ သူဌေးပွဲစားကြီးတစ်ဦး ဖြစ်လေသည်။

ပွဲစားက ကွမ်းကြိုးစန်း၏အမည်ကို ပြောဆိုလိုက်ခြင်းကြောင့် ထူးခြားမှုတစ်ခုခု ရှိနေပြီဟုနားလည်ကာ ကျင်းဖုံး ရင်ထိတ်သွားခြင်း ဖြစ်လေသည်။

ပွဲစားက...

“ကျုပ်ကို သဘောမကျရင် နောက်မှ စာရင်းရှင်းတာပေါ့၊ ခုတော့ ဆရာကြီးကွမ်းကြိုးစန်းနဲ့ အရင်တွေ့လိုက်ပါဦး”

ကျင်းဖုံးက...

“သူ ဘယ်မှာလဲ”

ဟု လွတ်ခနဲ မေးလိုက်မိလေသည်။

ပွဲစားက...

“မင်း သည်မှာပဲ စောင့်နေပါ၊ သူရောက်လာပါလိမ့်မယ်”

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

♠ ♠ ♠



## အသွင်အတူတူ

ပွဲစား ထွက်သွားပြီ ဖြစ်သည်။

အဘယ်ကြောင့်မှန်းမသိ ကျင်းဖုံးသည် တားဆီးခြင်း မပြုသည့်အပြင် ထိုင်ရာမှမထဘဲ နေလိုက်မိလေသည်။

ပွဲစားက သူ့အကြောင်းကို ခရေစေ့တွင်းကျ သိနေကြောင်း နားလည်ထား၏။

ကွမ်းကြိုးစန်းလည်း အခက်အခဲ တစ်ခုခု ကြုံတွေ့နေရပြီ ဖြစ်ကြောင်း နားလည်ထားသဖြင့် ထိုင်ရာမှမထဘဲ နေလိုက်ခြင်း ဖြစ်သည်။

စားသောက်ခန်းမထဲ၌ ကျင်းဖုံးတစ်ယောက်ထဲ ရှိနေ၏။

တာဝန်ခံနှင့် ဆိုင်လုလင်များကို မတွေ့ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ၌ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ပွဲစားက ကွမ်းကြိုးစန်း ရောက်လာလိမ့်မည်ဟု ပြောသွား၏။

ကျင်းဖုံး ထိုင်စောင့်နေသော်လည်း ကွမ်းကြိုးစန်း ရောက်မလာသေးပါချေ။

ရုတ်တရက်...

ကျင်းဖုံး၏နားထဲသို့ ထူးခြားသော အသံတစ်ခု တိုးဝင်လာလေသည်။

ခြင်တစ်ကောင် ပျံသန်းလာသည့် အသံမျိုး ဖြစ်လေသည်။

ကျင်းဖုံး မျက်မှောင်ကုပ်သွား၏။

ဝဲဘက်လက်ကို ဆန့်ထုတ်ကာ အင်္ကျီလက်ကို ခါထုတ်လိုက်လေသည်။

ဤတွင်...

"ထောက်...ထောက်...ထောက်"

လက်နက်ပုန်းလေးအချို့ စားပွဲပေါ် ကျလာတော့သည်။

တစ်စုံတစ်ယောက်က လက်နက်ပုန်းကလေးများဖြင့် တိတ်တဆိတ် ချောင်းမြောင်းပစ်ခတ်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းဖုံး သက်ပြင်းချလိုက်သည်။

"ခင်ဗျားတို့ မကျေနပ်ဘူးဆိုရင်လဲ ထွက်လာခဲ့ကြပါဗျာ"

ဟု ပြောလိုက်သည်။



သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် လောင်းကစားဒိုင်နှင့် သူ၏လူများ ရောက်ရှိလာကာ ကျင်းဖုံးအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

♠ ♠ ♠

လောင်းကစားဒိုင်နှင့် သူ၏လူများသည် ကျင်းဖုံးအား မကျေမနပ် ဖြစ်နေကြ၏။

ကျင်းဖုံး တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"ကျုပ်ကို ညီနောင်ဂိုဏ်းက လိုချင်နေတာ"

ဟု ပြောလိုက်သည်။

ညီနောင်ဂိုဏ်းနှင့် ပတ်သက်မှု ရှိနေသူတစ်ယောက်အား နှောင့်ယှက်လျှင် ညီနောင်ဂိုဏ်းက လက်ခံမည် မဟုတ်ကြောင်း သတိပေးလိုက်ခြင်း ဖြစ်သည်။

လောင်းကစားဒိုင်က...

"ညီနောင်ဂိုဏ်းက မင်းကို သတ်ပစ်ချင်နေတာ"

ကျင်းဖုံးက...

"ဟုတ်တယ်လေ၊ ခင်ဗျားတို့က ကြားဝင်လိုက်မယ်ဆိုရင် ညီနောင်ဂိုဏ်းက သဘောကျမှာ မဟုတ်ဘူး"

လောင်းကစားဒိုင်က...

"ကျုပ်တို့က မင်းကို သတ်ပစ်လိုက်မယ်ဆိုရင် သူတို့

www.burmeseclassic.com

www.burmeseclassic.com



အတွက် အလုပ်မရှုပ်လို့ ပိုတောင် သဘောကျသွားကြဦးမယ်ဆိုတာ မှတ်ထားပါ"

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား မှားပြီ၊ သူတို့ အလုပ်ထဲ ဝင်ရှုပ်ရမလားဆိုပြီး ခင်ဗျားကို အပြစ်တင်ကြမှာဗျ"

လောင်းကစားဒိုင်က...

"ဘာပဲဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ဘူး၊ ကျုပ်ဆီက ငွေတွေ လုယူသွားတဲ့အတွက် မင်းသေရလိမ့်မယ် မှတ်ထား"

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

"တိုက်ကြဟေ့"

"ယား"

လောင်းကစားဒိုင်၏ နောက်လိုက်များကလည်း ညာသံပေးကာ ဝိုင်းပြီး တိုက်ခိုက်ကြလေသည်။

ကျင်းဖုံး အေးအေးလူလူ ထိုင်နေ၍ မရတော့ပါ။

ထိုင်ရာမှ ခုန်ထကာ ပြန်လည်တိုက်ခိုက်လိုက်ရတော့သည်။

စားသောက်ခန်းမအတွင်း၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

"ဝုန်း"

"အား"

"အမယ်လေး"



စူးရှသော အော်ဟစ်သံများလည်း တခဲနက် ထွက်ပေါ်လာလေသည်။

ထို့နောက် လောင်းကစားဒိုင်နှင့် သူ၏လူများ ကျင်းဖုံး၏ လက်ချက်မိကာ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

♠ ♠ ♠

ကျင်းဖုံးက ထိုင်ခုံ၌ ပြန်လည်ထိုင်ချလိုက်ပြီး ဖြစ်သည်။

လောင်းကစားဒိုင်နှင့် သူ၏လူများကား အနာတရ ဖြစ်ကာ နောက်ဆုတ်လိုက်ကြရလေသည်။

အားလုံးက ကျင်းဖုံးအား အထိတ်တလန့် ကြည့်နေကြ၏။

ကျင်းဖုံးမှာ လူငယ်လူရွယ်တစ်ဦး ဖြစ်သော်လည်း သူ၏ သိုင်းပညာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေကြောင်း ထင်ရှားပေါ်လွင်နေပြီ ဖြစ်လေသည်။

ကျင်းဖုံးက...

"ခင်ဗျားတို့ကို ညီနောင်ဂိုဏ်းက သဘောကျမှာ မဟုတ်ဘူး"

ဟု ထပ်ပြောလိုက်သည်။

ထိုစဉ် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာ၏။

အေးတိအေးစက် စကားသံလည်း ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာ အမှန်ပဲ"

လောင်းကစားဒိုင်တို့ ချက်ချင်းလှည့်ကြည့်လိုက်ကြ၏။

ထိုအခါ ဆိုင်တံခါးပေါက်ဝ၌ အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

လောင်းကစားဒိုင်တို့ အထိတ်တလန့် ဖြစ်သွားကြလေသည်။

ထိုလူကို ကြည့်ရင်း...

"အစ်..အစ်ကိုကြီး"

လောင်းကစားဒိုင် ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်၏။

ထိုလူက ကျင်းဖုံးအား ညွှန်ပြလိုက်သည်။

"ကျုပ်က သူ့ကိုလိုချင်နေတာ၊ သူဟာ ကျုပ်အတွက်ပဲ တခြား ဘယ်သူ့အတွက်မှ မဟုတ်ဘူး"

လောင်းကစားဒိုင် မျက်နှာပျက်သွားလေသည်။

"သူ..သူက ကျုပ်ရဲ့ ငွေတွေကို လုယူခဲ့တာဗျ"

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"ဒါတွေ ကျုပ်နားမလည်ဘူး"

ဤတွင် လောင်းကစားဒိုင်သည် သူ၏ကံကြမ္မာကို နားလည်သဘောပေါက်သွားလေတော့သည်။

ကပျာကယာ ထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

ထိုလူ ခေါင်းခါယမ်းလိုက်သည်။



"မင်း နောက်ကျသွားပြီ"

ဟု ပြောလိုက်သည်။

ဒိုင်လုပ်သူ ထွက်ပြေးသဖြင့် သူ၏တပည့်များလည်း ထွက်ပြေးကြလေသည်။

သူတို့အားလုံး ပြတင်းပေါက်မှတဆင့် အပြင်ဘက် ရောက်ရှိသွားကြသဖြင့် လွတ်မြောက်သွားပြီ ထင်ရလေသည်။

သို့သော်...

ဒိုင်လုပ်သူတို့ ထွက်ပြေးသွားကြပြီး မရှေးမနှောင်းမှာပင်...

"အား"

"အမယ်လေး"

"သေပါပြီဗျ"

အပြင်ဘက်မှ စူးရှကျယ်လောင်သော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေသည်။

ထို့နောက် အသံဗလံ ဟူသမျှ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



## အမြွာ

အသံဗလံများ တိတ်ဆိတ်ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ဒိုင်ချုပ်နှင့် သူ၏လူများ ကံဆိုးသွားကြပြီ ဖြစ်ကြောင်း ထင်ရှားနေပါသည်။

ကျင်းဖုံး သက်ပြင်းချလိုက်လေသည်။

ယခု...

စားသောက်ဆိုင်ထဲသို့ ရောက်ရှိလာသည့် အနက်ရောင် ဝတ်ထားသူမှာ အလွန်ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်ကြောင်း ထင်ရှားနေသည် မဟုတ်ပါလား။

ကျင်းဖုံး အကဲခတ်နေစဉ်မှာပင် ထိုလူ၏စကားသံ ထွက်ပေါ်လာလေသည်။

"ကျုပ်ကို ပမာမခန့်လုပ်ရင် ဘယ်သူမဆို သေရမှာပဲ"



ကျင်းဖုံးက...

"ခင်ဗျားက ဘယ်သူလဲ"

ထိုလူက...

"ခုချိန်ထိတောင် ငါ ဘယ်သူလဲဆိုတာ မင်း မရိပ်မိသေးဘူးလား"

ပြောရင်း ရှေ့တိုးလာလေသည်။

ယခုမှ ကျင်းဖုံးလည်း ထိုလူ၏မျက်နှာကို သေသေချာချာ တွေ့မြင်လိုက်ရလေသည်။

ကျင်းဖုံး ထိတ်လန့်သွားတော့သည်။

"ဟင်...ခင်...ခင်ဗျား ကျူးခုံး"

တိမ်နဂါးဂိုဏ်းချုပ် ကျူးခုံး...။

ကျူးခုံးသည် ဖခင်ကြီး၏ပညာသင်ဘက် သွေးသောက်ညီအစ်ကို ကျူးနန်စိမ်းပင် ဖြစ်သည်။

ကျူးခုံး(ဝါ)ကျူးနန်စိမ်းမှာ သူ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ပြီ ဖြစ်သည်။

ယခု...

ကျူးခုံး(ဝါ)ကျူးနန်စိမ်းအား အသက်ရှင်လျက် တွေ့နေရပြီ ဖြစ်လေသည်။

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"ငါက ကျူးခုံး မဟုတ်ဘူး၊ ကျူးနန်စိမ်း"

"ဘာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နှစ်ယောက်ဟာ အမြွာညီအစ်ကိုတွေ ဖြစ်တယ်၊ ငါ့ညီ ကျူးခုံးဟာ မင်းအဖေနဲ့အတူ သိုင်းပညာသင်ယူခဲ့စဉ်က သူ့ကိုယ်သူ ကျူးနန်စိမ်းဆိုတဲ့ အမည်ကို အသုံးပြုခဲ့ပေမယ့် တိမ်နဂါးဂိုဏ်းကို ထူထောင်လိုက်ချိန်မှာတော့ ကျူးခုံးဆိုတဲ့ နာမည်ရင်းကို အသုံးပြုခဲ့တာ"

ကျူးခုံးနှင့် ကျူးနန်စိမ်းသည် ရုပ်ချင်းခွဲမရအောင် တူသော အမြွာညီအစ်ကိုများ ဖြစ်လေသည်။

ကျူးနန်စိမ်းက အမှောင်လောက၌ ကျက်စားခဲ့ပြီး ဒုစရိုက်သမားများကို စည်းရုံးသိမ်းသွင်းကာ လှို့ဝှက်ဂိုဏ်း ဖြစ်သော ညီနောင်ဂိုဏ်းကို ထူထောင်ခဲ့သည်။

ကျူးခုံးကလည်း လူကောင်း မဟုတ်ဘဲ ထင်ရာစိုင်းလိုသူ ဖြစ်သည်။

သူ၏လုပ်ရပ် တစ်ချို့ကြောင့် နာမည်ပျက်ခဲ့သောကြောင့် ကျင်းဖုံး၏ဖခင် ကျင်းရှောင်နှင့်အတူ ပညာသင်ယူစဉ် သူ၏အမည်ကို ကျူးနန်စိမ်းဟု သုံးစွဲခဲ့သည်။

ထို့ကြောင့် ကျင်းရှောင်က ကျူးခုံးအား ကျူးနန်စိမ်းဟုသာ သိရှိထားပြီး သားဖြစ်သူ ကျင်းဖုံးကို ပြောပြခဲ့ခြင်း ဖြစ်သည်။

ကျင်းဖုံးသည် သွေးတောင်ကုန်း၌ တိမ်နဂါးဂိုဏ်းချုပ် ကျူးခုံးနှင့် ရင်ဆိုင်ခဲ့စဉ်က သူ့အတွက် ကျူးခုံးဟူသော အမည်သည်လည်းကောင်း၊ ကျူးနန်စိမ်းဟူသော အမည်သည်လည်းကောင်း အရေးမပါတော့ပါ။



ကျင်းဖုံးက အမှုမထားတော့ပါ။

ပညာမဲ့ကျမ်းအတွက် ဖခင်ကြီးနှင့် သူငယ်ချင်းများကို သတ်ပစ်ခဲ့သော လူယုတ်မာကြီးကို ထိပ်တိုက်ရင်ဆိုင် ဆုံးမခဲ့ခြင်း ဖြစ်လေသည်။

ကျူးခုံး(ဝါ)ကျူးနန်စိမ်းအား ဆုံးမသုတ်သင်ပြီးနောက် ဖြစ်ပျက်သမျှ အားလုံးကို မေ့ပစ်ကာ သိုင်းလောကကို ကျောခိုင်းပြီး ကျုံးလွေနှင့်အတူ တောထဲတောင်ထဲ၌ သွားရောက်နေထိုင်ခဲ့ခြင်း ဖြစ်သည်။

ကျုံးလွေ အသတ်ခံလိုက်ရခြင်းကြောင့်သာ သူက သိုင်းလောကထဲ ပြန်ဆင်းလာခဲ့ခြင်း ဖြစ်လေသည်။

ကျင်းဖုံးက အနက်ရောင်ဝတ်ထားသူအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်။

"တိမ်နဂါးဂိုဏ်းချုပ်က ကျူးခုံး၊ သူဟာ ကျုပ်အဖေနဲ့ ပညာသင်ဘက်၊ ပညာမဲ့ကျမ်းအတွက် ကျုပ်အဖေကို သတ်ပစ်ခဲ့တဲ့ လူ၊ ခင်ဗျား သည်လို ပြောချင်တာလား"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကျင်းဖုံးက...

"ခင်ဗျားကတော့ သူ့ရဲ့အစ်ကို ကျူးနန်စိမ်းပေါ့"

"ဟုတ်တယ်"

ကျူးနန်စိမ်းအစစ်ကား လှို့ဝှက်သော ညီနောင်ဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။

ကျူးနန်စိမ်းသည် ညီဖြစ်သူ ကျူးခုံးနှင့်အတူ သိုင်းလောကကို လွှမ်းမိုးနိုင်ရန် ရည်ရွယ်ကာ သူ၏ဂိုဏ်းကို ညီနောင်ဂိုဏ်းဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။

ကျင်းဖုံးက...

"ကျုပ်ရဲ့သူငယ်ချင်း ကျုံးလွေ့ သေဆုံးသွားခဲ့ရတာ ခင်ဗျား လက်ချက်လား"

ဟု မေးလိုကသည်။

ထိုလူ(ဝါ)ကျူးနန်စိမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ကျုံးလွေ့မှာ ဘာအပြစ်မှ မရှိဘူးဗျ"

ကျူးနန်စိမ်းက...

"သူသေသွားမှ မင်းက သိုင်းလောကထဲ ဆင်းလာလိမ့်မယ် ဆိုတာ ငါနားလည်ထားတယ်လေ"

ကျင်းဖုံး မျက်မှောင်ကုပ်သွားပြီး...

"ခင်ဗျားရဲ့ညီဖြစ်သူ သေဆုံးသွားခဲ့ရတာကြောင့် ကျုပ်ကို မုန်းတီးနေမှာပဲ မဟုတ်လား၊ ခုတော့ ခင်ဗျားရဲ့သဘောက ကျုပ်ကို သတ်ပစ်ဖို့ထက် ကျုပ်ကို အသုံးချချင်တဲ့သဘော ရှိနေသလိုပဲ"

ကျူးနန်စိမ်း ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား"

ဆိုင်ထဲ၌ သူ၏ရယ်သံ ဟိန်းထွက်လာလေသည်။



"ကျုပ်က သိုင်းလောကကို လွှမ်းမိုးချုပ်ကိုင်နိုင်ဖို့ ကြိုးစား နေတာပဲ၊ ကျုပ်ရဲ့ အဓိကရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင် မြင်ဖို့ရာ ကျုပ်ညီ ကျူးခုံး သေဆုံးသွားတဲ့ ကိစ္စထက် ပိုပြီး အရေးကြီး ပါတယ်လေ"

ကျင်းဖုံး အံ့သြသွား၏။

ကျူးနန်စိမ်း၏သဘောထားက ထူးခြားနေသည် မဟုတ်ပါ လား။

ကျူးနန်စိမ်းက...

"မင်းကသာ ငါနဲ့ ပူးပေါင်းလက်တွဲမယ်ဆိုရင် ငါ့ညီ သေ ဆုံးသွားတဲ့ ကိစ္စကို ငါ ဘယ်လိုမှ သဘောမထားဘဲ မေ့ပစ်လိုက်မယ်၊ ဘယ့်နှယ်လဲ"

ဟု မေးလေသည်။

ကျင်းဖုံးက...

"မဖြစ်နိုင်တဲ့ ကိစ္စပဲဗျ"

ကျူးနန်စိမ်းက...

"ဘာကြောင့်လဲ"

"ကိုယ့်ရဲ့ညီတစ်ယောက်လုံး သေဆုံးခဲ့ရတဲ့ ကိစ္စကိုတောင် လျစ်လျူရှုထားမယ်ဆိုတော့ ခင်ဗျားကို ဘယ်လိုယုံကြည်ရမှာလဲ၊ ပြီးတော့ သိုင်းလောကကို ဖျက်ဆီးမယ့် ကိစ္စမျိုး ကျုပ် ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး"

ကျင်းဖုံးက သူ၏သဘောထားကို ပြတ်ပြတ်သားသား



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လေသည်။

ကျူးနန်စိမ်း၏မျက်နှာ ခက်ထန်သွားလေသည်။

"မင်းက ကျုပ်နဲ့ လက်မတွဲနိုင်ဘူးဆိုပါတော့"

"ဒါအမှန်ပဲဗျ"

ကျူးနန်စိမ်းက...

"ကျုပ်က အခွင့်အရေးပေးပေမယ့် မင်းက လက်မခံဘူးဆိုတော့ ကျုပ်အဆိုး မဟုတ်တော့ဘူး၊ ဒါပေမယ့် မင်းအတွက် နောက်ဆုံးအကြိမ် ရွေးချယ်စရာ နည်းလမ်းတစ်ခု ရလိမ့်မယ်"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားတော့သည်။

ကျင်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျူးနန်စိမ်းက တိုက်ခိုက်ခြင်း မပြုဘဲ ထွက်သွားသည် မဟုတ်ပါလား။

ကျူးနန်စိမ်း၏အပြုအမူကို နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

ထို့ကြောင့်...

"ခင်ဗျားသွားတော့မလို့လား"

ဟု လှမ်းမေးလိုက်လေသည်။

ကျူးနန်စိမ်းက အဖြေမပေးဘဲ ဆိုင်အပြင်ဘက် လှမ်းထွက်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

♠ ♠ ♠



ကျူးနန်စိမ်း ထွက်သွားပြီ ဖြစ်သည်။

ကျင်းဖုံး ကြောင်အမ်းအမ်း ဖြစ်နေသည်။

ကျူးနန်စိမ်း၏သဘောထားကို နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။

အတော်ကလေးကြာမှ သတိဝင်လာကာ...

"ခင်ဗျားထွက်သွားလို့ မဖြစ်သေးဘူး"

အော်ပြောရင်း ပြေးလိုက်သွားလေသည်။

ကျင်းဖုံး ဆိုင်အပြင်ဘက် ရောက်သွားလျှင် ကျူးနန်စိမ်းအား မတွေ့ရတော့ချေ။

ဆိုင်အပြင်ဘက်၌ လောင်းကစားဒိုင်နှင့် တပည့်များ အတုန်းအရုန်း လဲကျသေဆုံးနေသည်ကို တွေ့ရလေသည်။

ကျင်းဖုံး ပင့်သက်ရှိုက်မိလေသည်။

ကျူးနန်စိမ်းသည် သူ၏ဖခင်ကြီးအား လုပ်ကြံသွားသော ကျူးခုံးထက် ပိုပြီး ကြောက်စရာကောင်းသူ ဖြစ်ကြောင်း နားလည်လိုက်သည်။

ကျင်းဖုံးက ကျူးနန်စိမ်းအား လိုက်လံရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

ထိုစဉ်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်ကာ မြင်းလှည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်စီး ဒုန်းစိုင်းမောင်းနှင်လာပြီး စားသောက်ဆိုင်နှင့် မလှမ်းမကမ်း၌ ရပ်တန့်သွားလေသည်။

မြင်းလှည်းတံခါး ပွင့်သွားပြီး လူတစ်ယောက် ဆင်းလာ၏။

ကျင်းဖုံး အံ့သြသွား၏။

"ပွဲစားကြီးကွမ်းကြိုးစန်းပါလား"

မှန်ပေသည်။ မြင်းလှည်းပေါ်မှ ဆင်းလာသူမှာ ကွမ်းကြိုးစန်း ဖြစ်သည်။

ကွမ်းကြိုးစန်းသည် ကျင်းဖုံးအားတွေ့ရလျှင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ကျင်းဖုံး"

ကျင်းဖုံးရှေ့သို့ ချက်ချင်း ရောက်လာ၏။

ကျင်းဖုံးက…

"ဦး ဘယ်က ဘယ်လို သည်နေရာကို ရောက်လာခဲ့ရတာလဲဗျာ"

ဟု မေးလိုက်၏။

ကွမ်းကြိုးစန်းက…

"မောင်ရင်လေးဆီကိုပဲ လာခဲ့တာ"

"ဗြော်"

ကျင်းဖုံးက ထပ်မေးလိုက်သည်။

"ကျွန်တော် သည်နေရာမှာ ရှိနေတာကို ဦး ဘယ်လိုလုပ်သိခဲ့တာလဲ"



ကွမ်းကြိုးစန်းက…

"ကျုပ်ကို လူတစ်ယောက်က သတင်းပေးလိုက်တာ"

"အင်း…ဦးက အရေးကြီးနေပုံပဲ၊ ဘယ်လိုကိစ္စများ ရှိနေလို့လဲ ပြောပါဦးဗျာ"

ကွမ်းကြိုးစန်းက…

"အရေးကြီးဆို ကျုပ်သမီးကို သူတို့ ဖမ်းထားကြတယ်"

"ဗျာ"

"ကျုပ်သမီးကို လီရှစင်းက ဖမ်းထားတယ်"

ကျင်းဖုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

လီရှစင်း…။

အလွန်ရက်စက်ကြမ်းကြုတ်သော လီရှစင်းကို ပြန်လည်၍ မြင်ယောင်လာမိလေသည်။

တိမ်နဂါးဂိုဏ်းချုပ် သေဆုံးသွားသကဲ့သို့ တိမ်နဂါးဂိုဏ်းသည်လည်း ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

သိုင်းလောကသားများသည် တိမ်နဂါးဂိုဏ်း၏ မကောင်းသော လုပ်ရပ်များကို သိရှိသွားပြီး ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြသည် မဟုတ်ပါလား။

တိမ်နဂါးဂိုဏ်း ပြိုကွဲသွားသော်လည်း လီရှစင်းကား လွတ်မြောက်သွားခဲ့ပုံရလေသည်။

လီရှစင်းသည် အသက်ရှင်နေသမျှ ကာလပတ်လုံး အများသူငါအား ဒုက္ခပေးနေမည့် လူစားမျိုး ဖြစ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သမီးကို လီရှစင်းက ဖမ်းထားတယ်"

ကွမ်းကြိုးစန်း ထပ်ပြော၏။

ကျင်းဖုံးက...

"တိမ်နဂါးဂိုဏ်း ပြိုကွဲသွားပြီပဲ၊ လီရှစင်းက ဘာကြောင့် သည်လို လုပ်ရတာလဲဗျာ"

ကွမ်းကြိုးစန်းက...

"တိမ်နဂါးဂိုဏ်း ပြိုကွဲသွားပေမယ့် ညီနောင်ဂိုဏ်း ရှိသေး တယ်လို့ သူက ပြောတယ်"

"ဩော်"

"မောင်ရင်လေးဟာ တိမ်နဂါးဂိုဏ်းကို ဖြိုခွဲခဲ့တာကြောင့် ညီနောင်ဂိုဏ်းကို ကူညီပြီး အလျော်ပေးရမယ်လို့ ပြောတာ"

ကျင်းဖုံး မျက်မှောင်ကုပ်သွား၏။

"ကျွန်တော်က အလျော်ပေးရမယ် ဟုတ်လား"

ကွမ်းကြိုးစန်းက...

"ဟုတ်တယ်၊ ညီနောင်ဂိုဏ်းကို ကူညီတာဟာ တိမ်နဂါး ဂိုဏ်းကို ဖြိုခွဲခဲ့တဲ့ အပြစ်ကို အလျော်ပေးတာပဲတဲ့၊ ဒါမှမဟုတ်ရင် တော့.."

ကျင်းဖုံးက...

"ပြောစရာ ရှိတာ ပြောပါဗျာ"

ကွမ်းကြိုးစန်းက...

"ကျုပ်သမီးကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တာပါပဲ"



စကားဆုံးလျှင် ခေါင်းငုံ့ထားလိုက်လေသည်။

သမီးဖြစ်သူအတွက် အလွန်စိုးရိမ်ပူပန်နေပြီး ကျင်းဖုံးအား အကူအညီ တောင်းရမည်ကိုလည်း အားတုန့်အားနာ ဖြစ်နေပုံရပေ တော့သည်။

ကျင်းဖုံး မကျေမနပ် ဖြစ်သွား၏။

"သူက ကျွန်တော်နဲ့ ဘာကြောင့် လာမတွေ့ရတာလဲ၊ ဦးရဲ့ သမီးကို ဖမ်းဆီးပြီး အကြပ်ကိုင်တာ အဓိပ္ပါယ်မရှိတဲ့ အလုပ်ပဲ"

ကွမ်းကြိုးစန်းက...

"ကျုပ်တို့သားအဖ ဒုက္ခရောက်ရင် မောင်ရင်လေး လက် ပိုက်ကြည့်နေမှာ မဟုတ်ဘူးလို့ သူယုံကြည်ထားပုံရတယ်"

ကျင်းဖုံးက...

"ဩော်..သူ့ဆရာ တိမ်နဂါးဂိုဏ်းချုပ်လို သူက လိုက်လုပ် တဲ့ သဘောကိုး"

ကွမ်းကြိုးစန်းက မျက်နှာငယ်လေးဖြင့် ပြောလေသည်။

"ကျုပ်သမီးတော့ ဒုက္ခရောက်နေပါပြီကွယ်"

ကျင်းဖုံးက...

"ကျွန်တော်က လက်မခံဘူးဆိုရင်ကော"

"ဟင်း..သူက ကျုပ်သမီးကို သတ်ပစ်မှာကွဲ့"

"ဦးက သူပြောတဲ့အတိုင်း ကျွန်တော် လက်ခံလိုက်စေချင် တယ်ပေါ့ ဟုတ်လား"

ကွမ်းကြိုးစန်း ဘာမှမပြောဘဲ ခေါင်းငုံ့ထားလိုက်ပြန် သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဖုံးက…

"လီရှုစင်းဟာ ဘယ်တော့မှ နောင်တရမယ့် လူစားမျိုး မဟုတ်ပါဘူး၊ သူ့စကားနားထောင်လိုက်ရင် ဦးရဲ့သမီး လွတ်မြောက်လာမှာ မဟုတ်တဲ့အပြင် ကျွန်တော်ပါ ဒုက္ခရောက်သွားမှာ သေချာတယ်"

ကွမ်းကြိုးစန်းသည် အတန်ကြာအောင် ငြိမ်နေပြီးမှ သက်ပြင်းချလိုက်လေသည်။

"ကျုပ်သဘောပေါက်ပါပြီ၊ သူ့ကို မဆုံးမနိုင်သရွေ့ ကျုပ်တို့သားအဖကိုသာမကပဲ အားလုံးကို ဒုက္ခပေးနေဦးမှာပါပဲ၊ ကျုပ်ထိုက်နဲ့ ကျုပ်ကံပဲ ရှိပါစေတော့၊ သူ့ကိုသာ မောင်ရင်လေး ဆုံးမပေးပါ"

ကျင်းဖုံးက အကဲခတ်ကြည့်နေ၏။

ကွမ်းကြိုးစန်းက…

"ကဲ..ကျုပ်ကို ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး လှည့်ထွက်သွားတော့သည်။

ကျင်းဖုံးက…

"ဦး ခဏနေပါဦး"

သူ၏ဟန့်တားသံကြောင့် ကွမ်းကြိုးစန်း ခြေလှမ်းရပ်သွားလေသည်။

ကျင်းဖုံးအား ရီဝေသော မျက်လုံးများဖြင့် ကြည့်လိုက်၏။

ကျင်းဖုံးက…



"ကျွန်တော်က သူပြောတဲ့အတိုင်း လက်ခံမယ်ဆိုရင်ကော ဦးရဲ့သမီးကို တကယ်ပဲ လွှတ်ပေးမှာလား"

ဟု မေးလိုက်သည်။

ကွမ်းကြိုးစန်းက…

"လွှတ်ပေးမယ်လို့ သူကတိပေးတယ်"

"ဦး သေချာရဲ့လား"

"သေချာပါတယ်၊ သူက သည်လိုပဲ ပြောတာ"

"ကောင်းပြီလေ၊ ကျွန်တော်က သူပြောတဲ့အတိုင်း လက်ခံပါ့မယ်"

"ဟင်"

ကွမ်းကြိုးစန်း အံ့သြသွားသည်။

"မောင်ရင်လေး လက်ခံမယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ကွမ်းကြိုးစန်းက…

"မောင်ရင်လေး လက်ခံလိုက်ရင် ဦးရဲ့သမီး ချမ်းသာရာရနိုင်ပေမယ့် သူက မောင်ရင်လေးကို ဒုက္ခပေးလိမ့်မယ်"

ကျင်းဖုံးက…

"ကိစ္စ မရှိပါဘူး၊ ကျွန်တော် ဖြေရှင်းနိုင်ပါတယ်"

"မဟုတ်သေးဘူး၊ သူက.."

"သူက ဘာဖြစ်လို့လဲ"

ကွမ်းကြိုးစန်း တုံတွေးမျိုချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက သူပြောတာကို လက်ခံရင် ကျုပ်သမီးကို လွှတ်ပေးမယ်၊ ဒါပေမယ့် မောင်ရင်လေးကို စိတ်ချရအောင် သူပေးလိုက်တဲ့ အဆိပ်ဆေးလုံးကို သောက်ရမယ်လို့ ပြောတယ်"

ကွမ်းကြိုးစန်းက အနက်ရောင်ဆေးလုံးကလေးတစ်လုံး ထုတ်ပြလေသည်။

ကျင်းဖုံးက ဆေးလုံးလေးကို ယူပြီး စစ်ဆေးကြည့်လိုက်၏။

"ဒါ အဆိပ်ဆေးလုံး ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော် အဆိပ်ဆေးလုံး သောက်လိုက်ရင် သေဆုံးသွားမှာပေါ့၊ သူ့အတွက် ဘာများ လုပ်ပေးနိုင်တော့မှာလဲဗျာ"

ကွမ်းကြိုးစန်းက...

"မဟုတ်သေးဘူး၊ သည်ဆေးလုံး သောက်လိုက်ပေမယ့် ချက်ချင်းသေဆုံးသွားမှာ မဟုတ်ဘူး၊ တစ်လတစ်ကြိမ် အဆိပ်ဖြေဆေး သောက်နေရင် ဘာမှမဖြစ်ဘူး၊ သူခိုင်းတာ မလုပ်ဘူးဆိုမှ အဆိပ်ဖြေဆေး မပေးတော့လို့ မသောက်ရမှ ဒုက္ခရောက်ရမှာ"

ကျင်းဖုံး ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်သဘောပေါက်ပြီ၊ သူ့ကိုသာ ကတိတည်ဖို့ ပြောလိုက်ပါ"

ဟု ပြောပြီး အဆိပ်ဆေးလုံးလေးအား သောက်ချလိုက်လေသည်။

♠ ♠ ♠

BURMESE CLASSIC .com



ကျင်းဖုံးက အဆိပ်ဆေးလုံးလေး သောက်လိုက်ပြီ ဖြစ်သည်။

"ဟာ"

ကွမ်းကြိုးစန်း ထိတ်လန့်ပြီး အော်လိုက်သည်။

ထိုစဉ်...

"ဟား..ဟား..ဟား"

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရယ်သံနှင့်အတူ လူနှစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ကျူးနန်စိမ်းက ကွမ်းကြိုးမေအား ဆွဲခေါ်ကာ ရောက်လာခြင်း ဖြစ်လေသည်။ ကျင်းဖုံး အံ့သြသွားလေသည်။

"လီရှုစင်းလဲ မဟုတ်ပါလား"

ကွမ်းကြိုးစန်းက...

"သူဟာ တိမ်နဂါးဂိုဏ်းချုပ်ရဲ့ အမြွှာ အစ်ကိုကျူးနန်စိမ်းလို့ ပြောတာပဲ၊ ညီနောင်ဂိုဏ်းချုပ်ဆိုပါတော့ သူက.."

"သူ့ကို ကျွန်တော်သိပါတယ်"

ကျင်းဖုံးက ကြားဖြတ်ပြောလိုက်ပြီး ကျူးနန်စိမ်းကို စိုက်ကြည့်လိုက်လေသည်။

"ကျုပ်က အဆိပ်ဆေးလုံး သောက်လိုက်ပြီဗျ"

ကျူးနန်းစိမ်း ခေါင်းညိတ်လိုက်သ်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ကျင်းဖုံးက…

"သူ့ကို လွှတ်ပေးလိုက်ပါ"

ကွမ်းကြိုးစန်း၏သမီး ကွမ်းကြိုးမေကို ညွှန်ပြကာ ပြောလိုက်၏။ ကျူးနန်စိမ်း ရယ်မောလိုက်သည်။

"စိတ်ချ လွှတ်ပေးမယ့် မင်းက အဆိပ်ဆေးလုံး သောက်ထားပြီးပြီဆိုတော့ ဘာတတ်နိုင်တော့မှာလဲ၊ ကွမ်းကြိုးစန်းတို့သားအဖဟာ ငါ့လက်ခုပ်ထဲက ရေပါပဲလေ၊ သူတို့ကို အချိန်မရွေး ငါဒုက္ခပေးလို့ ရနိုင်တာပဲ"

လှောင်ပြောင်ပြောဆိုရင်း ကွမ်းကြိုးမေအား လွှတ်ပေးလိုက်လေသည်။

"ဖေဖေ"

"သမီး"

ကွမ်းကြိုးမေက ဖခင်ကြီးထံသို့ ပြေးသွား၏။

ကွမ်းကြိုးစန်းက သမီးဖြစ်သူအား ဆီးကြိုလိုက်သည်။

ကျင်းဖုံးက…

"ဦးတို့ သွားကြပါတော့ဗျာ"

ဟု ပြောလိုက်ရာ ကွမ်းကြိုးစန်းလည်း သဘောပေါက်ကာ သမီးဖြစ်သူအား ခေါ်ပြီး အမြန်ဆုံး ထွက်သွားလေတော့သည်။

♠ ♠ ♠

BURMESE CLASSIC .com



ကွမ်းကြိုးစန်းတို့သားအဖ ထွက်သွားပြီ ဖြစ်သည်။

ကျူးနန်စိမ်းက…

"မင်း အဆိပ်မိထားပြီ အဆိပ်ဖြေဆေး လိုချင်ရင် ငါခိုင်းတာ လုပ်ရမယ်"

ကျင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မလုပ်နိုင်ဘူး"

"ဘာ မင်း သေချင်လို့လား"

"ကျုပ်အဖေအတွက်၊ သိုင်းလောကအတွက် မကောင်းတဲ့လူတွေကို ကျုပ်စီရင်ပြီးပါပြီ၊ ကျုပ်သေရမယ်ဆိုရင်လဲ သေပျော်ပါပြီ"

ကျင်းဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

"မင်း..မင်း"

ကျူးနန်စိမ်း ကြောင်အမ်းအမ်း ဖြစ်နေ၏။

ကျင်းဖုံးက…

"ခင်ဗျားဟာ လီရှုစင်းဆိုတာ ကျုပ်သိပါတယ်၊ ကျူးနန်စိမ်းလို့ ခေါ်တဲ့ ကျူးခုံး မရှိတော့တဲ့ နောက်ပိုင်း တစ်စင်ထောင်ဖို့ ခင်ဗျားကြံစည်ပြီး ကျုပ်ကို အသုံးချနိုင်အောင် လှည့်ကွက်ဆင်နေတာ ကျုပ်ရိပ်မိလိုက်ပါပြီဗျာ"

စကားဆုံးလျှင် ရုတ်တရက် ရှေ့တိုးကာ ကျူးနန်စိမ်း၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးနန်စိမ်း လုံးဝ မရှောင်နိုင်ဘဲ ရူးရှစွာ အော်ဟစ်ရင်း လွင့်စဉ်သွားရာ မျက်နှာပေါ်စွပ်ထားသည့် မျက်နှာဖုံးတုလည်း ကွာကျသွားပြီး လီရှူစင်း၏ရှပ်သွင် ပေါ်ပေါက်လာတော့သည်။

ကျင်းဖုံး၏လက်ဝါးရိုက်ချက်က လီရှူစင်းအား အမိုက်ဓာတ် သိမ်းသွားစေခဲ့သည်။

ကျင်းဖုံးက မြေပေါ် မလှုပ်မယှက် ဖြစ်သွားသည့် လီရှူစင်းကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေတော့သည်။

ကျင်းဖုံး အဆိပ်ဆေးလုံး သောက်ခဲ့သည်။

သူ့အတွက် အဆိပ်ဖြေဆေး ဘယ်တော့မှ ရနိုင်မည် မဟုတ်သကဲ့သို့ သူကလည်း သိုင်းလောကသို့ ဘယ်သောအခါမှ ပြလည်ခြေဦးလှည့်လာတော့မည် မဟုတ်ချေ။

ပြီးပါပြီ။

www.burmeseclassic.com